Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

(ကောင်းကင်ပြင်ပ)

Book.74(1243-1257) စစ်ပွဲကြီး (အပိုင်း 8-ပြီးဆုံးခြင်း) အနိုင်ရခြင်း

.......

၁၂၄၃

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၄၃ - ယန်ယဲ့ မလာရင်

အကုန်သေရမယ်

"ယန်ယဲ့ ဘယ်မှာလဲ"

ခမ်းနားသောဝတ်ရုံနှင့်လူက

မည်သူမျှတုံ့ပြန်သည်ကိုတွေ့သောအခါတွင်

မျက်မှောင်ကြုတ်ကာ အေးစက်စက်

ထပ်မေးလိုက်ပြန်သည်။

နည်းပြဆရာကျူး သည် တခဏမျှ တုံ့ဆိုင်းသွားပြီး "ယန်ယဲ့ ကို ဘာလို့ ရှာနေတာလဲဆိုတာ သိနိုင်မလား"

ထိုလူက အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့် သာ ဖြစ်ခဲ့သော်လည်း နည်းပြဆရာကျူး သည် ထိုလူကို လျှော့တွက်ဝံ့ခြင်းမရှိပေ။

ရောင်စဉ်ဖြာဒေသ၌ ဒဏ္ဍာရီလာမျိုးနွယ်စုအဖြစ်ကျော်ကြား သော် နဂါးမျိုးနွယ်ဝင်တစ်ဦးကိုပင်

စီးတော်ယာဉ်အဖြစ် ထားနိုင်သောကြောင့် ထိုလူ၏ ဆန်းကြယ်သောအင်အားကို သိသာစေပါသည်။

"မင်းသိဖို့ မလိုဘူး" ခမ်းနားသောဝတ်ရုံနှင့်လူက နည်းပြဆရာကျူး ကို အေးစက်စွာ တစ်ချက်ကြည့်လိုက်ပြီး "မင်းက သိုင်းသူတော်စင်တစ်ယောက်ဖြစ်ရင်တောင် လေးစားမှုပြစရာမလိုဘူးထင်တယ်။ ငါ့အချိန်တွေက အဖိုးတန်တယ်။ ယန်ယဲ့ကို

အခုချက်ချင်း ဒီကိုလာခိုင်းလိုက်"

သူ့အသံက ငြင်းမရသော လေသံတစ်ခု

ပါနေသေးပြီး အေးစက်သော

အရိပ်အယောင်ပင်

သယ်ဆောင်လာသေးသည်။

ထိုစကားကိုကြားသောအခါ

နည်းပြဆရာကျူး၏ မျက်နှာသည်

ချက်ချင်းပင် နီရဲသွားသည်။

သိုင်းသူတော်စင်တစ်ယောက်အနေနှင့်

ဒီလိုမျိုးဆက်ဆံခံရသည်လား။

အကယ်၍ သာမန်အချိန်တွင်သာ ဆိုပါက ထိုလူ၏ အောက်မှ နဂါးနက်ကြီးနှင့် တိုက်ခိုက်မိပေလိမ့်မည်။

အမှန်စင်စစ်

သိုင်းသူတော်စင်တစ်ယောက်၏ ဂုဏ်သိက္ခာသည် လူတိုင်း စော်ကားနိုင်သောအရာမဟုတ်ချေ။ သို့သော် တိမ်ပင်လယ်အကယ်ဒမီနှင့် ရွှေနတ်ဆိုးဝံပုလွေတောင်တန်းအတွက် အရေးပါသောအခိုက်အတန့်ဖြစ်သောကြော င့် အဆုံးတွင် သည်းခံလိုက်ရသည်။

နည်းပြဆရာကျူး က သူနှလုံးသားထဲက
ဒေါသကို ပြင်းပြင်းထန်ထန် မျိုသိပ်လိုက်ပြီး
"ယန်ယဲ့က အခု မြို့ထဲမှာ မရှိဘူး။
ကျေးဇူးပြုပြီး သူ့ကိုရှာချင်ရင်
တခြားတစ်နေရာကို သွားပါ”

“ဂါး” နဂါးနက်ကြီးက ရုတ်တရက်
ဒေါသတကြီးဟိန်းကာ  မီးတောက်များ
ရှေ့သို့ ဖျန်းခနဲ ထွက်လာပြီး

နည်းပြဆရာကျူး ဆီသို့
ပစ်လွှတ်လိုက်လေသည်။

နည်းပြဆရာကျူး၏ အမူအရာသည်
အနည်းငယ် ပြောင်းလဲသွားပြီး
သူ့ညာဖက်လက်ဝါးကို ရှေ့သို့ လျင်မြန်စွာ
ပုတ်လိုက်သည်။

ရောမစွမ်းအင်လက်ဝါးကြီးသည် ရှေ့သို့
ပြေးထွက်လာပြီး မီးတောက်များနှင့်
တိုက်မိသွားသည်။

ဘမ်း!

ပေါက်ကွဲသံများ ကျယ်လောင်စွာ
ထွက်ပေါ်လာပြီးနောက်
နည်းပြဆရာကျူး၏ တိုက်ခိုက်မှုသည်
ချက်ချင်း ပြန့်ကျဲသွားသည်။ သို့သော်
မီးတောက်များက အရှိန်ပြင်းပြင်း
တိုးဝင်လာသဖြင့် နည်းပြဆရာကျူးက
ချက်ချင်းမတုံ့ပြန်နိုင်လိုက်ပေ။

ဖူး!

နည်းပြဆရာကျူးက ပါးစပ်ထဲမှ သွေးများ
အန်ထွက်လာပြီး ၃ ကီလိုမီတာအကွာထိ
လွင့်ထွက်သွားပြီးမှသာ သူ့ကိုယ်သူ
ရပ်တန့်လိုက်နိုင်သည်။

ဒီမြင်ကွင်းကြောင့် မြို့သူမြို့သားအားလုံး
အံ့ဩသွားကြပါသည်။

အကယ်ဒမီမှ အခြားသိုင်းသူတော်စင် ၃
ယောက်က လည်း လေထဲသို့ ပျံတက်လာပြီး

နဂါးနက်ကြီးနှင့် လူကို ဝိုင်းထားလိုက်ကြသည်။ သို့သော် မတိုက်ခိုက်ခဲ့ပေ။ အကယ်ဒမီမှ သိုင်းသူတော်စင်တစ်ဦးက “မင်းက ဘယ်သူလဲ။ မင်းက ငါတို့အကယ်ဒမီကို ဆန့်ကျင်တာလား"

ထိုလူက အကယ်ဒမီ၏ သိုင်းသူတော်စင်ကို တစ်ချက်ကြည့်လိုက်ပြီး "မင်းရဲ့ အကယ်ဒမီကို ဆန့်ကျင်နေတာလား။ မင်းရဲ့ အကယ်ဒမီကို အရမ်း

အထင်ကြီးနေတာထင်တယ်။ ငါ့အချိန်တွေ
မဖြုန်းချင်ဘူး၊ ယန်ယဲ့ကို လိုက်မရှာချင်ဘူး။
မင်းဘယ်လိုလုပ်မလဲ ငါဂရုမစိုက်ဘူး၊
ယန်ယဲ့ကို ချက်ချင်းလာတွေ့ခိုင်းလိုက်။ သူ
ဒီကို ခဏလေးနဲ့ ရောက်မလာဘူးဆိုရင် ငါ
လူတစ်ရာကို သတ်ပစ်မယ်။ သူ ဒီကို
အသက်ရှူ ၁၀ ရှိုက်စာလောက်မှ
ရောက်မလာသေးရင် လူ
(၁၀၀၀)သတ်မယ်။ မင်းတို့မြို့မှာ
ဘယ်သူမှမကျန်တဲ့အထိ ငါသတ်ပစ်မယ်”

တိမ်ပင်လယ်အကယ်ဒမီမှ
သိုင်းသူတော်စင်များ၏
အမူအရာများသည်လည်း ဆိုးဆိုးရွားရွားကို
ပြောင်းလဲသွားကြသည်။

တာအိုအမိန့်တော်၏
မဟာအကြီးအကဲကျူးယွမ်က
မျက်နှာသုန်မှုန်နေသော်လည်း
ဝင်ရောက်စွက်ဖက်ခြင်းမပြုပေ။ သူက
တိတ်ဆိတ်နေ၏။

ရွှေနှတ်ဆိုးဝံပုလွေဘုရင် ကတော့
ပါးစပ်ထောင့်တွင်
လျှောင်ပြောင်လျှောင်ပြောင်သံများ နှင့်အတူ
အေးစက်စွာ ရယ်မောလိုက်သည်။

“သတ်စမ်း…” ထိုလူက အောက်မှမြို့ကို
စိုက်ကြည့်နေရင်းကနေ
အေးစက်စက်အမိန့်ပေးလိုက်လေသည်။

အမိန့်ပေးသံ ထွက်လာသည်နှင့်
နဂါးနက်ကြီးက ၎င်း၏ခြေသည်းကို

မြောက်ကာ အောက်မှမြို့ထဲသို့
ရိုက်ချလိုက်တော့သည်။

ဘုန်း

လက်သည်းတစ်ချက် အရိုက်သာ
ဖြစ်သော်ငြား လူပေါင်း (၁၀၀)ကျော်က
သွေးမြူများအဖြစ် ပြောင်းလဲသွားခဲ့သည်။

.......

ထိုအချိန်တွင် ယုဝူရှမ်၏

ဘေးနား၌ရပ်နေသော

မေ့လျော့ခြင်းကေရီက "သူပြန်လာမှာလား"

ဟု ရုတ်တရက်မေးလိုက်သည်။

ယုဝူရှမ်က အနည်းငယ်

အံ့အားသင့်သွားသည်။ ထို့နောက် သူမက

ခေါင်းညိတ်ကာ "ငါ သူ့ကို

မပြန်ချင်စေချင်ပေမဲ့ သူသေချာပေါက်

လုပ်မှာပါ"

"ဒါပဲ ငါကြားချင်ခဲ့တာ"

မေ့လျော့ခြင်းကေရီက အနည်းငယ်
ခေါင်းညိတ်ပြပြီးနောက် ခေါင်းငုံ့ကာ
သူမ၏ရင်ခွင်ထဲမှ မြေခွေးဖြူလေးကို
ညင်သာစွာကြည့်နေလိုက်သည်။

ယုဝူရှမ်က ဒီစကားကိုကြားသောအခါ
မေ့လျော့ခြင်းကေရီကို စူးစိုက်ကြည့်ကာ
"သူပြန်လာမယ်လို့ တကယ်ပဲ
မျှော်လင့်သလား"

မေ့လျော့ခြင်းကောရီက
ခေါင်းညိတ်လိုက်သည်။

ဒီစကားကို ကြားလိုက်သည်နှင့် ယုဝူရှမ်ဟာ
မျက်လုံးထောင့်များ
အနည်းငယ်လှုပ်ခတ်သွား၏။ သူမက
မေ့လျော့ခြင်းကောရီကို
တစ်ချက်ကြည့်လိုက်ရင်း မျက်လုံးထဲ၌
သတိအပြည့်ထားဟန်များ ပေါ်လာခဲ့သည်။

ဒီအခိုက်အတန့်တွင် သူမ ရှေ့၌ရပ်နေသော အမျိုးသမီးဟာ အစကတည်းက ထူးဆန်းလွန်းနေသည်ကို ရုတ်တရက် သတိထားမိလိုက်သည်။

...

ချောက်နက်ထဲ၌....။

ယန်ယဲ့သည် မြေပြင်ပေါ်၌ တင်ပျဉ်ခွေလျက်ထိုင်နေရင်း သူ့ခန္ဓာကိုယ်ကနေလည်း

ဟင်းလင်းပြင်အဆင့် စားစိတ်ဆန္ဒကို
အဆက်မပြတ် ထုတ်လွှတ်ထား၏။
ဒီအချိန်မှာ သူ့ဆံပင်နှင့်ခန္ဓာကိုယ်က
ပုံမှန်အတိုင်းပြန်ဖြစ်သွားပါပြီ။ သို့သော်
သူ့နှဖူးအလယ်ဗဟိုရှိ
သွေးနီရောင်စားသေးသေးလေးက
ရှိနေသေးပြီး အလွန်ထူးဆန်းသော
အငွေ့အသက်များပင်
ထုတ်လွှတ်နေလေသည်။

ခရမ်းရောင်မင့်ခ်ကလေး နှင့် စနိုး တို့က
ယန်ယဲ့ အနားၥ္ဓ ရှိနေပါသည်။
ခရမ်းရောင်မင့်ခ်ကလေး ကတော့ ယန်ယဲ့
ပုံမှန်ပြန်ဖြစ်သွားသည်ကို မြင်လိုက်မှသာ
သူမစိတ်ထဲ ချက်ချင်း သက်ပြင်းချမိသည်။

ယန်ယဲ့၏အပြင်ပန်းသွင်ပြင်သည်
ပုံမှန်အတိုင်း ပြန်လည်ကောင်းမွန်လာပြီး
ယခုအချိန်တွင်
ကောင်းမွန်နေပုံရသော်လည်း အမှန်မှာ
လုံးဝမဟုတ်ပေ။

ဒီအချိန်တွင် ယန်ယဲ့၏နှလုံးသားသည်
အနီရင့်ရောင်ရှိနေဆဲဖြစ်ပြီး
ကြောက်မက်ဖွယ်ကောင်းသော
သတ်ဖြတ်ခြင်းစိတ်ဆန္ဒများပင်
ဆက်တိုက်ထုတ်လွှတ်နေခဲ့သည်။

ကောင်းကင်ဘုံအုတ်ဂူက
ဒဏ်ရာအပြင်းအထန်ရသွားသောကြောင့်
သူ၏ ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒက
ဖိနှိပ်ရိုင်ခဲ့သည်။ ထို့နောက် ယန်ယဲ့သည်
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို သုံး၍

သတ်ဖြတ်ခြင်းနှလုံးသားကို သန့်စင်ဖို့
ကြိုးစားလိုက်သည်။

သတ်ဖြတ်ခြင်းနှလုံးသားက
အလွှန်ခိုင်မာပြီး
ကြောက်စရာကောင်းပေသည်။
ဟင်းလင်းပြင်အဆင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ
သတ်ဖြတ်ခြင်းနှလုံးသား၏
အားဖြည့်ပေးမှုဖြင့် သူ၏
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကိုပင်

ဖိနှိပ်နိုင်ခဲ့သည်။ သို့သော် မည်မျှပင်

သန်မာနေပါစေ

သူထိန်းချုပ်နိုင်သောအရာမဟုတ်ချေ။

အကြောင်းမှာ ၎င်းသည်

သူ၏ကိုယ်ပိုင်ကျင့်ကြံမှုကနေ

ရလာသောအရာမဟုတ်သောကြောင့်ပင်။

၎င်းသည် ကောင်းကင်ဘုံအုတ်ဂူ

ဖန်တီးထားသော

ကြောက်မက်ဖွယ်အရာတစ်ခုဖြစ်သည်။

အခုနေ သတ်ဖြတ်ခြင်းနှလုံးသားကို

မသန့်စင်ပါက ကောင်းကင်ဘုံအုတ်ဂူ

အားပြန်ပြည့်လာသည်နှင့် သူ့ကို ထိန်းချုပ်ဖို့ ကြိုးစားပါလိမ့်မည်။

ဒီအတွက် ယန်ယဲ့ဟာ
သတ်ဖြတ်ခြင်းနှလုံးသားကို သန့်စင်ဖို့ ဆုံးဖြတ်လိုက်၏။

သို့သော်လည်း အချိန် ၄
နာရီကျော်ကြာအောင် ကြိုးစားနေသည့်တိုင်
လုံးဝအရာမထင်ကြောင်း သတိပြုမိခဲ့သည်။
သတ်ဖြတ်ခြင်းတာအိုနှလုံးသားက

သန့်စင်သွားမည့်
အရိပ်အယောင်တစ်ချက်မျှပင်မပြခဲ့ပေ။

ယန်ယဲ့သည် မျက်ခုံးကြောများ
တွန့်ကွေးနေအောင် စဉ်းစားနေခဲ့၏။
ကောင်းကင်ဘုံအုတ်ဂူက ဒီလိုအရာမျိုး
ဖန်တီးနိုင်မည်ဟု မမျှော်လင့်ထားခဲ့ပါ။ သူ၏
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ ပင်လျှင်
သတ်ဖြတ်ခြင်းနှလုံးသားကို
ဘာမှမတတ်နိုင်ခဲ့ပေ။

သို့သော်လည်း ယန်ယဲ့သည် အရှုံးမပေးဘဲ ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို အကန့်အသတ်ထိ ထုတ်ဖော်၍ ဆက်ပြီး သန့်စင်ခဲ့သည်။

နောက်ထပ် ၄ နာရီကြာသွားသော်လည်း သတ်ဖြတ်ခြင်းနှလုံးသားသည် ကျန်ရှိနေပါသေးသည်။

ယန်ယဲ့သည် အသက်ပြင်းပြင်းရှူပြီး မျက်လုံးများကို ဖြည်းညှင်းစွာဖွင့်လိုက်၏။

သူ့မျက်လုံးထဲ၌
အကူအညီမဲ့အရိပ်အယောင်တစ်ခု
ရှိနေသည်။ မည်မျှပင် ကြိုးစားနေသည့်တိုင်
သတ်ဖြတ်ခြင်းနှလုံးသားကို
သန့်စင်နိုင်စွမ်းမရှိခဲ့ပေ။

အခြေအနေမှန်များက သူ၏
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ ပင်
သတ်ဖြတ်ခြင်းနှလုံးသားကို
ဖိနှိပ်နိုင်ခြင်းမရှိဟု သက်သေပြခဲ့သည်။

အကယ်၍ ကောင်းကင်ဘုံအုတ်ဂူ သာ
မူလစေတီကြောင့် ဒဏ်ရာမရပါက

သတ်ဖြတ်ခြင်းနှလုံးသားကို
သန့်စင်ဖို့ရာအသာထား
သတ်ဖြတ်ခြင်းစိတ်ဆန္ဒကိုပင်
ဖိနှိပ်နိုင်မည်မဟုတ်ပေ။

နောက်ဆုံးတွင် ယန်ယွဲ့လည်း သူ၏
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို
အကန့်အသတ်ထိမြှင့်တင်၍
သတ်ဖြတ်ခြင်းစိတ်ဆန္ဒကိုသာ
ဖိနှိပ်ထားလိုက်ရတော့သည်။
ဒီလိုလုပ်ခြင်းက

အချိန်တစ်ခုထိသာဖြစ်သော်လည်း
သူ့စိတ်ထဲ၌ အနည်းငယ်ပိုကောင်းသည်ဟု
ခံစားမိသည်။

အတိုချုပ်ပြောရလျှင် ယန်ယဲ့သည်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို လုံးဝ
ထုတ်မသုံးဝံ့တော့ပေ။
သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို ထုတ်လွှတ်ပါက
ကောင်းကင်ဘုံအုတ်ဂူအား
ဆင့်ခေါ်လိုက်ခြင်းနှင့် အတူတူပင်။

ထိုအရာက သူ့ခွန်အား တိုးမလာခင်
လုံးဝအသုံးမပြုနိုင်သောအရာပင်ဖြစ်သည်။

ထိုအချိန်တွင်
ခရမ်းရောင်အလင်းတန်းတစ်ခု
လင်းလက်သွားပြီး
ခရမ်းရောင်မင့်ခ်ကလေးက ယန်ယဲ့ ရှေ့၌
ပေါ်လာသည်။
လက်သေးသေးလေးနှစ်ဖက်ဖြင့်
ယန်ယဲ့၏မျက်နှာကို ပွတ်သပ်နေကာ
သူမ၏မျက်လုံးအစုံကနေ မျက်ရည်များ

အဆက်မပြတ် စီးကျလာပါသည်။
ထိုနောက် ခေါင်းလေးကို
ယန်ယဲ့၏မျက်နှာနှင့်
ဆက်တိုက်ပွတ်သပ်နေလေသည်။

ခရမ်းရောင်မင့်ခ်ကလေး၏ နောက်၌
အနည်းငယ်ဖြူဖျော့ဖျော့အကောင်လေးရှိ
နေလေသည်။ သူမလေးက ယန်ယဲ့
အနားကပ်လာချင်သော်လည်း
တစ်စုံတစ်ခုအတွက် စိုးရိမ်နေပုံရပြီး
ထိုသို့မလုပ်ဝံ့ပေ။

ယန်ယဲ့သည် ခရမ်းရောင်မင့်ခ်ကလေးကို
စိုက်ကြည့်ရင်း သူ့နှလုံးသားထဲမှ
ကြောက်ရွံ့မှုကို ခံစားလိုက်ရသည်။
နောက်ဆုံးတွင် သူက စိတ်လွတ်သွားပြီး
ဇီအာကို သတ်ပစ်လုနီးပါး
ဖြစ်ခဲ့သည်မဟုတ်ပါလား။

သူသာ ဇီအာကို သတ်ပစ်ခဲ့မိလျှင်
လက်ကျန်ဘဝတစ်လျှောက်လုံး
အကန့်အသတ်မဲ့နာကျင်မှုများ၊

ထာဝရနှောင်တတရားများနှင့်
ရှင်သန်နေရပါလိမ့်မည်။
ကံကောင်းထောက်မစွာ ဇီအာက
သူ၏စိတ်အာရုံအသိကို ခဏတာ
ရှင်းလင်းသွားအောင်လုပ်နိုင်ခဲ့သည်။

၁၂၄၄

Almighty Sword Domain
အဆုံးမဲ့ဓားကမ္ဘာ
(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]
ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၁၂၄၄ - တာအိုအမိန့်တော်ထွက်ခွာခြင်း

ယန်ယဲ့သည် အသက်ပြင်းပြင်းရှူပြီး ခရမ်းရောင်မင့်ခ်ကလေး၏ခေါင်းကို ပွတ်သပ်ကာ မလှုမ်းမကမ်း၌ ရပ်နေသော စနိုးကိုပါ ဆွဲပွေ့ပြီး "အင်း၊ အခုအဆင်ပြေပါတယ်။ စိတ်မပူပါနဲ့၊ အဲဒါမျိုး ထပ်မဖြစ်တော့ပါဘူး"

ခရမ်းရောင်မင့်ခ်ကလေးက ကမန်းကတန်း
ခေါင်းညိတ်လိုက်သည်။ သူမအတွက်
ယန်ယဲ့၏ ယခုလိုမျိုး
ကြောက်စရာအခြေအနေကို
အမှန်တကယ်ထပ်ပြီးမမြင်လိုပေ။

စနိုး ကလည်း ကမန်းကတန်း
ခေါင်းညိတ်သည်။မျက်လုံးများနှင့်
ခန္ဓာကိုယ်တစ်ခုလုံး
သွေးရောင်အတိဖြစ်သွားသည့်အခိုက်

ယန်ယဲ့ကို သူမ
အလွန်ကြောက်ရွံ့သွားသောကြောင့်ပင်။

ယန်ယဲ့က ပြုံးလိုက်သည်။ ရုတ်တရက်
တစ်ခုခုကို တွေးမိသည့်အလား
သူ့အမူအရာသည် ချက်ချင်း
ပြောင်းသွားသည်၊
"တိမ်ပင်လယ်မြို့တော်..."

သူစကားပြောပြီးသည်နှင့် ယန်ယဲ့သည်
အသေးလေးနှစ်ကောင်ကို

အိတ်ကပ်ထဲထည့်၍ မိုးကုပ်စက်ဝိုင်းထဲသို့ ပျောက်ကွယ်သွားသည်။

...

တိမ်ပင်လယ်မြို့တော်...။

ဒီအချိန်တွင် လူသားကျင့်ကြံသူ ရာနှင့်ချီ၍ အသတ်ခံခဲ့ရပြီး အရေအတွက်ကလည်း တဖြည်းဖြည်းနှင့်များပြားလာနေခဲ့၏။

သို့သော် ယန်ယဲ့သည် သူ့ကိုယ်သူ မပြသေးပေ။

"သူမလာဘူးလား"
ခမ်းနားသောဝတ်ရုံနှင့်လူက အနည်းငယ် ခေါင်းညိတ်ပြပြီး "ဒုက္ခကို ကယ်တင်ဖို့ တစ်မြို့လုံးကို သတ်လိုက်ကြရအောင်" ဟုဆိုသည်။

"တစ်မြို့လုံးလား..."

"တစ်မြို့လုံးကို သတ်ပစ်မှာလား"

ထိုစကားကို ကြားသောအခါ
တိမ်ပင်လယ်မြို့မှ ကျင့်ကြံသူတိုင်း၏
မျက်နှာများသည် ချက်ချင်းပင်
ဖြူဖျော့သွားခဲ့လေသည်။ ထို့နောက်
အားလုံးက ခမ်းနားသောလူနှင့် နဂါးနက်ကြီး
တို့အား ထိတ်လန့်တကြား မျက်လုံးဖြင့်
ကြည့်လိုက်ကြသည်။

သူတို့ တမင်ချဲ့ကားပြောနေသည်ဟု
မည်သူမျှမထင်ကြပေ။

ဒီအချိန်မှာ လူတိုင်းဟာ နှလုံးသားထဲ၌
ကြောက်ရွံ့မှုများ၊
နက်နက်ရှိုင်းရှိုင်းထိတ်လန့်မှုတို့
ပြည့်နှက်နေပါသည်။ အကူအညီမဲ့ခြင်း!
လုံးဝကိုကူကယ်ရာမဲ့ခြင်းများက
သူတို့အပေါ် လွှမ်းမိုးသွားသည် ။

နတ်ဆိုးသားရဲများနှင့် ရင်ဆိုင်သည့်အခိုက်
ပြန်လည် တိုက်ခိုက်နိုင်ပြီး
အသေအကြေရှုန်းကန်နိုင်ပေသည်။
သို့သော်လည်း သိုင်းသူတော်စင်အဆင့်
နဂါးတစ်ကောင်နှင့် ရင်ဆိုင်တွေ့ချိန်တွင်မူ
အားလုံး ဘာမှမတတ်နိုင်ဘဲ
အကူအညီမဲ့ခဲ့ရသည်။

"စောင့်" ရုတ်တရက်ဆိုသလိုပဲ
တိမ်ပင်လယ်မြို့တော်၏ ဖက်ခြမ်း
မြို့ရိုးပေါ် ရှိ လူအုပ်ထဲမှ

သိုင်းသူတော်စင်တစ်ယောက်၏ စကားသံ
ပဲ့တင်ထပ်လာပါသည်။

ထိုစကားပြောလိုက်သူက
တာအိုအမိန့်တော်၏
မဟာအကြီးအကဲကျူးယွမ် ပင်။ အားလုံးက
ကျူးယွမ်ကို ကြည့်လိုက်ကြရင်း
သူတို့၏မျက်လုံးထဲ၌ မျှော်လင့်ချက်
အရိပ်အယောင်များ ရှိနေသည်။
ကျူးယွမ်က လက်ရှိ တိမ်ပင်လယ်မြို့တွင်

ကျန်နေခဲ့သော
သိုင်းသူတော်စင်တစ်ယောက် ဖြစ်သည်။

ရှေ့နတ်ဆိုးဝံပုလွေဘုရင်က
အဘိုးအိုကျူးယွမ်ကို
စိုက်ကြည့်ကာ လှောင်ပြောင်ပြီး “ဘာလဲ၊
နောက်ဆုံးတော့ မင်းကိုယ့်ကိုကိုယ်
မချုပ်တည်းနိုင်ဘူးလား"

လူနှင့် နဂါးနက်ကြီးကလည်း
အဘိုးအိုကျူးယွမ်ကို

စိုက်ကြည့်နေသည်။
နဂါးနက်ကြီး၏မျက်လုံးများသည်
ဆိုးသွမ်းရက်စက်သော
အငွေ့အသက်များနှင့်တောက်ပနေကာ
ခမ်းနားသောလူ၏အကြည့်များ ကတော့
ငြိမ်သက်သွားသည်။

အဘိုးအိုကျူးယွမ်က သူတို့ကို
တစ်ချက်ကြည့်လိုက်ပြီး "ဒီအချိန်ကစပြီး
ငါ့ရဲ့တာအိုအမိန့်တော်က
တိမ်ပင်လယ်အကယ်ဒမီနဲ့

ပတ်သက်တဲ့ကိစ္စတွေကို
ဝင်မစွက်ဖက်တော့ဘူးလို့ ကြေညာတယ်။
တာအိုအမိန့်တော်ရဲ့ တပည့်တွေ၊
ငါ့အမိန့်ကိုလိုက်နာပါ။ အားလုံး
ငါနဲ့ပြန်လိုက်ခဲ့ကြ"

ထိုစကားကိုကြားသောအခါ
မြို့သူမြို့သားအားလုံးက
အဘိုးအိုကျူးယွမ်ကို မယုံကြည်နိုင်စွာ
စိုက်ကြည့်နေကြသည်။

ဒီလိုမျိုး အကျပ်အတည်းကာလတွင်

အဘိုးအိုကျူးယွမ်က တာအိုအမိန့်တော်၏

ပညာရှင်များကို နောက်ပြန်ဆုတ်ဖို့

အမိန့်ပေးလိမ့်မည်ဟု သူတို့

မမျှော်လင့်ထားခဲ့ကြပေ။

တာအိုအမိန့်တော်၏ တပ်ဖွဲ့

သာထွက်သွားပါက

တောင်ပိုင်းမြို့တံခါးတစ်ခုလုံး

သေချာပေါက်ကျသွားပါလိမ့်မည်။

ထို့အပြင် ရွှေနတ်ဆိုးဝံပုလွေတောင်တန်းကို

မည်သို့ ခုခံတော့မည်နည်း။

"မတတ်နိုင်ဘူး...! ငါတို့က
သေတဲ့အထိတိုက်ခိုက်ရမှာပေါ့"

သူတို့တွင် သိုင်းသူတော်စင်တစ်ဦးကို
တိုက်ခိုက်ဖို့ခွန်အားမရှိသော်လည်း
အသေအကြေတိုက်ခိုက်ဖို့သာ
ဆုံးဖြတ်လိုက်ကြတော့၏။

ရှန်ချင်းယင်က မြို့ရိုးတွေပေါ်ကနေ
အသံတိုးတိုးနဲ့လှမ်းပြောလိုက်သည်

"အကြီးအကဲကျူးယွမ်၊ ဒါက ဘာအဓိပ္ပာယ်လဲ"

အဘိုးအိုကျူးယွမ်က သူ့လက်ကို ဝှေ့ယမ်းလိုက်ပြီး "ငါ့တာအိုအမိန့်တော်က တိမ်ပင်လယ်ဒမီအတွက် တာဝန်တွေကျေခဲ့ပြီ။ အကယ်ဒမီအတွက် အသေခံဖို့ မလိုအပ်ပါဘူး။ မဟုတ်ဘူး ယန်ယဲ့ အတွက်နဲ့ သေဖို့မလိုအပ်ဘူး။ ယန်ယဲ့က ဒီလိုလူကို စော်ကားခဲ့တယ်။ ဒါပေမဲ့ သူက ငါတို့ကို သေစေချင်နေလို့

သူ့ကိုယ်သူမပြသေးတာလေ။ ဟမ့်… ၊ မင်းရဲ့အကယ်ဒမီ ဘာတွေတွေးနေလဲ ငါဂရုမစိုက်ပါဘူး။ ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ တာအိုအမိန့်တော်က သူ့အတွက် အသေခံဖို့ ပြင်းဆန်တယ်!"

ရှန်ချင်းယင်က "ယန်ယဲ့က နတ်မိစ္ဆာဝက်ဝံကလန်ကို အကူအညီတောင်းဖို့ သွားနေပြီ။ သူပြန်လာမှာပါ"

"သူပြန်လာမှာလား" အဘိုးအိုကျူးယွမ်က အေးစက်စွာ ရယ်မောလိုက်ပြီး "နတ်မိစ္ဆာဝက်ဝံကလန်ကို ခရီးထွက်ဖို့ သိပ်မကြာပါဘူး။ သူတို့သာ လက်ငှားဖို့ သဘောတူရင် နတ်မိစ္ဆာဝက်ဝံဘုရင်က ယန်ယွဲ့ကို ချက်ချင်းပြန်ခေါ်လာမှာပေါ့။ သူဒီမှာမရှိဘူးဆိုမှတော့ နတ်မိစ္ဆာဝက်ဝံကလန်က ကူညီဖို့ငြင်းဆန်ခဲ့တာ သက်သေပြနေတယ်။ ယန်ယွဲ့ နဲ့ပတ်သက်ရင်.... ဟမ့်!

ငါ့အမြင်အရတော့ သူက
သူ့ရဲ့ဘောကြောင်သလို ပုန်းနေတယ်”

ရှန်ချင်းယင်က ဆက်ပြောဖို့ ပြင်သော်လည်း ယုဝူရှမ်က သူမ၏ လက်ကို
ဖျော့ယမ်းလိုက်ပြီး "ဘာမှ ထပ်ပြောစရာ မလိုပါဘူး။ ယန်ယဲ့ကြောင့်
ထွက်သွားချင်တာမဟုတ်ဘူး။ ယန်ယဲ့က သူတို့တွေ မြို့ကနေ ထွက်ခွာဖို့
အကြောင်းပြချက်တစ်ခုသက်သက်ဘဲ"

အဘိုးအိုကျူးယွမ်က ယုဝူရှမ်ကို တစ်ချက်ကြည့်လိုက်ပြီး အေးစက်စွာပြောလိုက်လေသည်။ "သမီးငယ်လေး၊ မင်းအဲဒါကို ဖော်ထုတ်ပြီးကတည်းက ငါ ရှင်းရှင်းပဲပြောမယ်။ ငါ့ရဲ့တာအိုအမိန့်တော်က တိမ်ပင်လယ်အကယ်ဒမီကို ကူညီဖို့သဘောတူခဲ့ပေမဲ့ အခုအချိန်မှာ အခြေအနေလုံးဝမကောင်းတော့ဘူး။ ငါ့ရဲ့ တာအိုအမိန့်တော်က

မင်းတို့အကယ်ဒမီအတွက်နဲ့
ငါတို့ပညာရှင်တွေရဲ့အသက်တွေကို
ဘာလို့ဆုံးရှုံးခံရမှာလဲ"

ခမ်းနားသောဝတ်ရုံနှင့်လူက
ဒီစကားကိုကြားသောအခါ
အဘိုးအိုကျူးယွမ်အား စူးစိုက်ကြည့်ကာ
"သူ့ကို သူ့ကိုယ်သူပြခိုင်းပါ ဒါမှမဟုတ်ရင်
မင်းတို့အားလုံး သူနဲ့အတူ သေနိုင်တယ်"

ထိုလူပြောပြီးသည်နှင့်
နဂါးနက်ကြီး၏အကြည့်သည် ကျူးယွမ်
အပေါ်ကျရောက်လာပြီးတစ်ဆက်တည်း
ပြင်းထန်သော နဂါးဖိအားများပါ
ကျဆင်းလာပါတော့သည်။

အဘိုးအိုကျူးယွမ်က ဒီအခြေအနေကြောင့်
မျက်ခုံးများ လှုပ်ယမ်းသွားသည်။ သူက
မပြောခင် အချိန်အတော်ကြာ
လေးလေးနက်နက် စဉ်းစားပြီးမှ
"သူဘယ်မှာရှိတယ်ဆိုတာ ငါ

တကယ်မသိပါဘူး။ ဒါပေမဲ့ သူ့ကိုယ်သူ ပြလာဖို့ တွန်းအားပေးနိုင်တဲ့ နည်းလမ်း ငါ့မှာရှိတယ်!”

နဂါးနက်ကြီးပေါ်မှ လူက "အဲဒါဘာလဲ၊ မြန်မြန်ပြောစမ်း"

သို့သော် အဘိုးအိုကျူးယွမ်က ခဏကြာ တိတ်ဆိတ်သွားခဲ့သည်။ သူက ယန်ယဲ့၏ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို ထိတ်လန့်နေခြင်းပင်။

"ကျူးယွမ်၊ မင်းအသက်ကြီးလာတာနဲ့အမျှ
ပိုဆိုးလာတယ်" ထိုအချိန်တွင်
ရွှေနတ်ဆိုးဝံပုလွေဘုရင်က "ယန်ယဲ့ဟာ
အခုမှ
ကနဦးသူတော်စင်တစ်ပိုင်းအဆင့်လေးပဲ
လေ။ သူက ဘယ်လောက်ပဲ
ကြီးကျယ်ခမ်းနားတဲ့
ပါရမီရှင်တစ်ယောက်ဖြစ်ပါစေ
ဘယ်လောက်ပဲ
ကြောက်စရာကောင်းနေပါစေ

ရှေးဟောင်းဓားကျောင်းတော်နဲ့
တိမ်ပင်လယ်အကယ်ဒမီရဲ့
အကာအကွယ်သာမရှိရင်
ဘာကောင်မှမဟုတ်ဘူး"

အဘိုးအိုကျူးယွမ်က
ရွှေနတ်ဆိုးဝံပုလွေဘုရင်ကို
အေးစက်စွာ တစ်ချက်ကြည့်လိုက်ပြီး
တိတ်ဆိတ်သွားကာ တုံ့ဆိုင်းနေသည်။
ထိုအချိန်တွင် ခမ်းနားသောဝတ်ရုံနှင့်လူက
ရုတ်တရက် "ငါ စိတ်မရှည်တတ်ဘူး။

အသက်ရှူ ၁၀ ရှိုက်စာအချိန်ပေးမယ်။
ဒီအတောအတွင်းမှာ ယန်ယဲ့ကို
ထွက်လာအောင် မလုပ်နိုင်ရင် မင်းနဲ့
မင်းဂိုဏ်းရဲ့တပည့်တွေ သေရလိမ့်မယ်”

အဘိုးအိုကျူးယွမ်က ထိုလူကို
စူးစိုက်ကြည့်ကာ "မင်း ကိုယ့်ကိုကိုယ်
သိပ်ပြီး အထင်ကြီးနေတာမဟုတ်ဘူးလား"

ထိုလူက အေးစက်စက်ပြန်ပြောလိုက်သည်
"သိချင်ရင် မင်းစမ်းကြည့်လို့ရတယ်"

“ဂရား...” နဂါးနက်ကြီးက ရုတ်တရက် ဒေါသတကြီး ဟိန်းလိုက်ရာ အာကာသဟင်းလင်းပြင်သည်ပင် တုန်ခါသွားပြီး ကြောက်မက်ဖွယ်ရာ နဂါးဖိအားများက လှိုင်းလုံးများသဖွယ် ထွက်လာသည်။ ထိုအချိန်တွင် နဂါးနက်ကြီးက ပါးစပ်ကိုဖွင့်ကာ “သခင်ငယ်၊ ဒီပုရွက်ဆိတ်တွေကို ဘာလို့ အချိန်ဖြုန်းပေးနေတာလဲ။ ငါဒီပုရွက်ဆိတ်တွေကို ချေမှုန်းပါရစေ။

ဒီလူသားယန်ယဲ့က သေချာပေါက်
သူ့ကိုယ်သူ ပြမှာဘဲ မဟုတ်လား”

နဂါးနက်၏ အသံကိုကြားသောအခါ
အဘိုးအိုကျူးယွမ်က
အနည်းငယ်မျက်နှာပျက်သွားသည်။ သူက
နဂါးနက်ကြီးကို ခဏလောက်
စိုက်ကြည့်ပြီးနောက်  တစ်ခုခုကို
တွေးမိသည့်အလား "မင်း… မင်းတို့က
ဗဟိုနတ်ဘုရားစီရင်စုကနေ လာတာ”

"လူမိုက်! ငါတို့က ဘယ်ကလာတယ်လို့ မင်းထင်နေလို့လဲ" နဂါးနက်ကြီးသည် လေထုထဲကနေ အဘိုးအိုကျူးယွမ်အား ငုံ့ကြည့်နေသည်။

ဒီအခိုက်အတန့်တွင် လူသားအုပ်စုနှင့် နတ်ဆိုးသားရဲအုပ်စု၏ အမူအရာများသည် သိသိသာသာ ပြောင်းလဲသွားကြသည်။ ရှေးနတ်ဆိုးဝံပုလွေဘုရင် ပင်လျှင် ခြွင်းချက်မရှိပေ။ အစောပိုင်း

မှန်းဆချက်သာဖြစ်၍
သေချာတတ်အပ်မပြောနိုင်ပေ။

အကြောင်းမှာ ဗဟိုနတ်ဘုရားစီရင်စုကနေ
ထင်းရှူးစီရင်စု သို့ လာရောက်သူ
မရှိသလောက်နည်းပါးသောကြောင့်ပင်။
သို့သော်လည်း ဗဟိုနတ်ဘုရားစီရင်စုမှ
တစ်စုံတစ်ယောက်က ထင်းရှူးစီရင်စုကို
လာပြီး ယန်ယဲ့အား ရှာနေလိမ့်မည်ဟု သူ
မထင်ထားခဲ့ပေ။

"ဒါဆို ယန်ယဲ့လည်း
ဗဟိုနတ်ဘုရားစီရင်စုက ဖြစ်နိုင်မလား"
ရွှေနတ်ဆိုးဝံပုလွေဘုရင်က
ယန်ယဲ့အကြောင်း တွေးတောနေခဲ့သည်။

ထိုအချိန်တွင် ခမ်းနားသောဝတ်ရုံနှင့်လူက
အနည်းငယ် မျက်မှောင်ကြုတ်ကာ "သူ့ကို
ဂရုစိုက်တဲ့လူတွေများရှိသလား"

ထိုစကားကို ကြားသောအခါ
ရွှေနတ်ဆိုးဝံပုလွေဘုရင်က လုဝမ်အာ နှင့်

ယုဝူရှမ် တို့ကို လက်ညှိုးထိုးပြပြီး "အဲဒီ အမျိုးသမီး၂ယောက်က သူ့ချစ်သူတွေဘဲ"

၁၂၄၅

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၄၅ - ချင်ဒေါင်ဖူကို သတ်ပစ်ခြင်း

ထို့နောက် ခမ်းနားသောဝတ်ရုံနှင့်လူက ခေါင်းတညိတ်ညိတ်ဖြင့်

အဘိုးအိုကျူးယွမ်ကို ကြည့်ကာ "ငါက
မိန်းမတွေကို
စော်ကားတတ်တဲ့အကျင့်မရှိလို့မင်းလုပ်လို
က်။ ယန်ယွဲ့ ရောက်တာနဲ့
မင်းထွက်သွားနိုင်တယ်.... နားလည်ရဲ့လား"

အဘိုးအိုကျူးယွမ်၏ မျက်နှာသည်
မမြင်နိုင်လောက်အောင်ပင်။
သိုင်းသူတော်စင်တစ်ယောက်ဟာ
မည်သည့်အချိန်ကများ ဒီလိုမျိုး
ခြိမ်းခြောက်ခံလိုက်ရသနည်း။ သို့သော်

သူက ပြန်မပြောဝံ့ပေ။ နဂါးနက်ကြီးနှင့်
ရွှေနတ်ဆိုးဝံပုလွေဘုရင် တို့သာ
ပူးပေါင်းတိုက်ခိုက်ပါက သူတင်မဟုတ်ဘဲ
တာအိုအမိန့်တော်၏ တပည့်များပါ အကုန်
သေဆုံးသွားရပါလိမ့်မည်။

အဘိုးအိုကျူးယွမ်က ခဏလောက်
လေးလေးနက်နက် တွေးတောပြီး
ချင်ဒေါင်ဖူကို လှည့်ကြည့်ရင်း ပြောလိုက်၏
"ဒေါင်ဖူ၊ သူတို့ကို ဖမ်းလိုက်ပါ" သူကဲ့သို့
သိုင်းသူတော်စင်တစ်ယောက်က

အားနည်းသော အမျိုးသမီး ၂ ဦးကို
အနိုင်ကျင့်ခြင်းဟာ သဘာဝအားဖြင့်
မကောင်းပေ။

ချင်ဒေါင်ဖူက ခဏတာလေး
တုံ့ဆိုင်းသွား၏။ သို့သော်
ရုတ်တရက်ဆိုသလိုပဲ သူ့ပုံရိပ်က
တဖျပ်ဖျပ်တောက်ပလာပြီး လုဝမ်အာ နှင့်
ယုဝူရှမ် တို့ထံ ရောက်ရှိသွားသည်။ သူ
မလုပ်ချင်သော်လည်း တာအိုအမိန့်တော်၏
တပည့်များ ချက်ချင်း

သေဆုံးသွားနိုင်ကြောင်း သိထား၏။
ထို့ကြောင့် သူ့တွင် ရွေးချယ်စရာမရှိပေ။

ထိုအချိန်မှာပဲ မထင်မှတ်ထားသော
အရာတစ်ခု ရုတ်တရက် ဖြစ်ပေါ်လာသည်။
အလင်းတန်းတစ်ခုဟာ
ကောင်းကင်ယံအထက်ကနေ
ထိုးဆင်းလာပြီး ချင်ဒေါင်ဖူ ရှေ့သို့ ချက်ချင်း
ရောက်လာခဲ့သည်။

အလင်းတန်းများ
အနည်းငယ်ပြန့်ကျဲသွားပြီးနောက်
ဤနေရာရှိ လူတိုင်း သူတို့ရှေ့က
မြင်ကွင်းကြောင့်
အနည်းငယ် ထိတ်လန့်သွားကြသည်။

အားလုံးက တစ်စုံတစ်ခုကို
သတိပြုမိသွားပုံရပြီး မြေကြီးပေါ်သို့
လျင်မြန်စွာ ငုံ့ကြည့်လိုက်သည်။

ဒီအချိန်မှာ ချင်ဒေါင်ဖူက နေရာတွင်
ရပ်သွားပြီး သူ့ရှေ့တွင် လူတစ်ယောက်
ရပ်နေခဲ့သည်။ ထိုလူက လက်ထဲ၌
ဓားတစ်ချောင်းကို ဆုပ်ကိုင်ထားသည်။
ဓားက ချင်ဒေါင်ဖူ၏ လည်ပင်းကို
ဖိကပ်ထားကာ
သွေးများတစ်စိမ့်စိမ့်စီးကျလာခဲ့သည်။

"ယန်ယဲ့...."

အားလုံး ထိတ်လန့်တုန်လှုပ်နေရာကနေ
သတိပြန်ဝင်လာသည့်နောက်တွင်
တိမ်ပင်လယ်မြို့နှင့်
တိမ်ပင်လယ်အကယ်ဒမီမှ ကျင့်ကြံသူများ
အားလုံး အားရဝမ်းသာ
အော်ဟစ်လိုက်ကြတော့သည်။

ယုဝူရှမ် နှင့် လုဝမ်အာ တို့က
သက်ပြင်းချကာ
သက်သာရာရသွားသော်လည်း သူတို့၏

မျက်လုံးများတွင် ရှုပ်ထွေးသော
အမူအရာတစ်ခု ရှိနေသည်။
အမှန်တွင် သူတို့က ယန်ယဲ့ကို
ထွက်ပေါ်မလာစေချင်ပေ။ ယခုအချိန်တွင်
တိမ်ပင်လယ်အကယ်ဒမီက
မျှော်လင့်ချက်မဲ့နေပြီး ယန်ယဲ့
ပြန်လာခြင်းဟာ သူ့ကိုယ်သူ
သေလမ်းရှာသည်နှင့် မခြားပါ။

ထိုအချိန်တွင် မေ့လျော့ခြင်းကေရီ၏
အကြည့်များသည် ယန်ယဲ့အပေါ်သို့

ကျဆင်းသွားသည် ။ သူက ခေါင်းငုံ့ကာ
ရင်ခွင်ထဲ၌ အိပ်စက်နေသော
မြေခွေးဖြူလေးကို အသာပွတ်သပ်ပြီး
"အားလီ၊ ငါတို့ မကြာခင် အိမ်ပြန်နိုင်ပြီ"

"ယန်ယဲ့၊ အထင်မလွဲပါနဲ့"
အဘိုးအိုကျူးယွမ်လည်း ယန်ယဲ့၏စားက
ချင်ဒေါင်ဖူ၏လည်ပင်းအား
ပိုင်းဖြတ်ဖို့ပြင်နေကြောင်း မြင်လိုက်ရာ
အလွန်ထိတ်လန့်သွားပြီး "ဒါကို
ငါတို့ပြောလို့ရတယ်။ ချင်ဒေါင်ဖူက

ငါ့တာအိုအမိန့်တော်ရဲ့ ပါရမီရှင်ဖြစ်သလို အနာဂတ်ထောက်တိုင် လေ"

ဆူး!

ထိုအချိန်မှာပဲ အေးစက်သော အလင်းတန်းများ လင်းလက်လာပြီး ချင်ဒေါင်ဖူ၏ခေါင်းက လေထဲသို့ လွင့်သွားသည်။

ယန်ယဲ့က သူ့ဓားကို ပြန်သိမ်းလိုက်ပြီး ဒေါသတကြီး အမူအမူအရာများ ပြည့်နှက်နေသော အဘိုးအိုကျူးယွမ်ကို ကြည့်လိုက်သည်။ သူက "ငါယန်ယဲ့က ဘာလို့ အဲ့ဒါကို ငါ ဂရုစိုက်ရမှာလဲ"

"သူက ချင်ဒေါင်ဖူကို ဓားတစ်ချက်တည်းနဲ့ သတ်ပစ်လိုက်တာလား"

"ယန်ယဲ့ ဘယ်တုန်းက ဒီလောက် သန်မာလာတာလဲ"

"ချင်ဒေါင်ဖူက ထင်းရှူးစီရင်စုရဲ့
မဟာထိပ်သီးပါရမီရှင် (၅)ယောက်ထဲက
တစ်ယောက်လေ။ သူ့ခွန်အားက
သိုင်းသူတော်စင်တွေထက် နည်းနည်းလေးပဲ
နိမ့်ကျတယ်။ ဒါပေမဲ့ ဒီလိုလူတစ်ယောက်က
ဓားတစ်ချက်တည်းနဲ့ ချက်ချင်း
အသတ်ခံလိုက်ရတာတဲ့လား"

"ယန်ယဲ့က
သိုင်းသူတော်စင်များဖြစ်သွားပြီလား"

ဤနေရာရှိလူတိုင်း
အံ့အားသင့်သွားကြသည်။

ဤအခိုက်အတန့်တွင်
ရွှေနတ်ဆိုးဝံပုလွေဘုရင် ပင်လျှင်
မျက်နှာထက်
အလွန်လေးနက်သောအမူအရာများ
ရှိနေ၏။ ချင်ဒေါင်ဖူက ယန်ယဲ့
ထက်အားနည်းသည်ကိုတော့ သူလည်း
သိထားပေသည်။ သို့သော် ယန်ယဲ့နှင့်
ထိပ်တိုက်ရင်ဆိုင်ရာတွင်

ပြန်မတိုက်ခိုက်နိုင်သည်ထိ

အားနည်းနေသည်ဟုတော့ မထင်ခဲ့ပေ။

ထိုအချိန်တွင် ရွှေနတ်ဆိုးဝံပုလွေဘုရင်၏

အကြည့်သည် ယန်ယွဲ့ ကိုင်ထားသော

အဝါရောင်ဓားနှင့် အနက်ရောင်ဓား တို့ကို

စိုက်ကြည့်လိုက်မိကာ ချက်ချင်း

သဘောပေါက်သွားတော့သည်။

ဓားနှစ်လက်စလုံးက

နတ်ဘုရားအဆင့်ရတနာများဖြစ်ကြသည်။

"သူက နတ်ဘုရားအဆင့်ရတနာတွေကို အသုံးပြုထားလို့ပေါ့..." ဒီအခြေအနေကို မြင်လိုက်မှသာ ရွှေနတ်ဆိုးဝံပုလွေဘုရင်က စိတ်ထဲ၌ သက်သာရာရသွားခဲ့တော့ သည်။

ယန်ယဲ့ သာ သိုင်းသူတော်စင် ဖြစ်သွားပါက သူ့အနေဖြင့် ဒီနေရာကနေ အမြန်ဆုံးထွက်ပြေးပါလိမ့်မည်။ ယန်ယဲ့ လိုမျိုး ပါရမီရှင်တစ်ဦးက သိုင်းသူတော်စင်အဆင့်

ရောက်သွားသည်နှင့် မူလ
ထက်ပိုပြီးကြောက်စရာကောင်းပါလိမ့်မည်။
သို့သော် ကံကောင်းထောက်မစွာပဲ
ယန်ယဲ့သည် သိုင်းသူတော်စင်တစ်ယောက်
မဟုတ်သေးပေ၊
နတ်ဘုရားအဆင့်ရတနာများကိုသာ
အသုံးပြု၍ သန်မာလာခြင်း ဖြစ်နေ၏။

ရွှေနတ်ဆိုးဝံပုလွေဘုရင်က မလှုပ်ရှားခဲ့ပေ။
သူသည် ယန်ယဲ့အား လှောင်ပြောင်သော
အမူအရာဖြင့်သာ ကြည့်နေလေသည်။

ဗဟိုနတ်ဘုရားစီရင်စုမှ လူက ယန်ယဲ့ကို ရှာဖွေနေသည်မဟုတ်ပါလား။ ၎င်းသည် မကောင်းသော ရည်ရွယ်ချက်ဖြင့် ထင်းရှူးစီရင်စုသို့ ရောက်ရှိလာသည်မှာ သိသာပေသည်။

ထို့အပြင် ယန်ယဲ့ နှင့် တာအိုအမိန့်တော် ကြား၌ နောက်တစ်ကြိမ် ပဋိပက္ခ ဖြစ်ပွားခဲ့သည်။ ဒီအချိန်မှာတော့ ယန်ယဲ့က သိုင်းသူတော်စင်၂ယောက်ကို

တပြိုင်တည်း စော်ကားလိုက်သည်ဟု ဆိုနိုင်၏။

ထို့နောက် သူသာ ဝင်ရောက်စွက်ဖွက်လိုက်ပါက သိုင်းသူတော်စင် ၃ ယောက် ဖြစ်သွားပါလိမ့်မည်။ ထိုအချိန်တွင် မည်သူကများ ယန်ယဲ့ကို ကယ်တင်နိုင်ပါမည်နည်း။

"ယန်...ယန်ယဲ..." အဘိုးအိုကျူးယွမ်က ယန်ယဲ့ကို လက်ညိုးငေါက်ငေါက်ထိုးပြီး

"မင်းကို ငါမသတ်ဝံ့ဘူးလို့
မင်းထင်နေတာလား"

ယန်ယဲ့က ဂရုမစိုက်ဘဲ အေးစက်စွာ
ရယ်မောလိုက်သည်။ သူက
အဘိုးအိုကျူးယွမ်ကို စိုက်ကြည့်ကာ
"ဟုတ်သလား၊ ဒါဆို မင်း
စမ်းကြည့်လို့ရတယ် ခွေးအို ကြီး"

"ဒါဆို စမ်းကြည့်ရအောင် "
အဘိုးအိုကျူးယွမ်က ဒေါသတကြီးပြောပြီး
တိုက်ခိုက်ဖို့ပြင်လိုက်လေသည်။
ထိုအချိန်တွင် ယန်ယဲ့သည်
သူ့ညာဖက်လက်ကို ဝှေ့ယမ်းလိုက်ရာ
ဘေးနားတွင်
အနက်ရောင်ဝတ်ရုံလူတစ်ယောက်
ပေါ်လာသည်။

အနက်ရောင်ဝတ်ရုံလူကိုမြင်သောအခါ
အဘိုးအိုကျူးယွမ်က မျက်လုံးများ

အနည်းငယ် ကျဉ်းမြောင်းသွားခဲ့သည်။
ရွှေနတ်ဆိုးဝံပုလွေဘုရင် သည်လည်း
အနည်းငယ်မျက်နှာပျက်သွား၏။

အကြောင်းမှာ ယန်ယွဲ့၏ နံဘေး၌
ပေါ်လာသော အနက်ရောင်ဝတ်ရုံလူက
သိုင်းသူတော်စင် ဖြစ်နေသောကြောင့်ပါ။

အနက်ရောင်ဝတ်ရုံလူက ယန်ယွဲ့၏
ဓားအစေခံဖြစ်သော အဘိုးအိုလီယွန် ပင်။

ယန်ယဲ့သည် ဓားနယ်မြေကို ထုတ်ဖော်၍
အဘိုးအိုလီယွန်၏ ခန္ဓာကိုယ်ထဲမှ
မရဏာစွမ်းအင်ကို
ဖုံးကွယ်ထားသောကြောင့် ၎င်းဟာ
ရုပ်သေးရုပ်ဖြစ်နေသည်ကို မည်သူမျှ
မသိနိုင်ပေ။

ယန်ယဲ့သည် ရွှေနတ်ဆိုးဝံပုလွေဘုရင် နှင့်
အဘိုးအိုကျူးယွမ် တို့နှစ်ယောက်စလုံးအား
တစ်ချက်ကြည့်လိုက်ပြီး
"ကိုယ့်ဘာသာကိုယ်

ဒီကိုပြန်လာရလောက်အောင် ငါယန်ယဲ့က အရှုံးတစ်ယောက်လို့များ မင်းတို့ ထင်နေတာလား။ နတ်မိစ္ဆာဝက်ဝံဘုရင်က ငါတို့ကို လက်တစ်ဖက်ငှားဖို့ သဘောတူလိုက်ပြီ။ နတ်မိစ္ဆာဝက်ဝံကလန်ရဲ့စစ်တပ်က မကြာခင် ဒီကို ရောက်လာတော့မယ်လို့ မင်းကို ပြောပါရစေ"

"ဘယ်လိုတောင် အဓိပ္ပါယ်မရှိတဲ့စကားတွေလဲ"

ရွှေနတ်ဆိုးဝံပုလွေဘုရင်က ဒေါသတကြီး အော်ဟစ်လိုက်လေသည့်.
"နတ်မိစ္ဆာဝက်ဝံမျိုးနွယ်စုက ဒီကိစ္စတွေကို လုံးဝ ဝင်စွက်ဖက်မှာ မဟုတ်ဘူးဆိုတဲ့ သတင်းကို ငါရထားတယ်။
မင်းအနားမှာရှိနေတဲ့ သိုင်းသူတော်စင်က နတ်မိစ္ဆာဝက်ဝံကလန်က မဟုတ်တာ သေချာတယ်"

ထိုအတောအတွင်း
ခမ်းနားသောဝတ်ရုံနှင့်လူက “အဲဒါ

ရုပ်သေးရုပ်ပဲ” ဟုဆတ်ခနဲ
ပြောလိုက်သည်။

ဒီစကားကိုကြားသောအခါ
ယန်ယဲ့၏မျက်လုံးများ
အနည်းငယ်မှေးကျဉ်းသွားပြီး
ခမ်းနားသောလူကို
စိုက်ကြည့်မိသည်။ သို့သော်လည်း
ယန်ယဲ့၏ အကြည့်သည် ၎င်းအောက်မှ နဂါး
နက်ကြီးပေါ်သို့ ရုတ်တရက်
ဆင်းသက်လာခဲ့သည်။

"နဂါးကလန်လား" ယန်ယဲ့၏

မျက်လုံးများသည် အနည်းငယ်

မှိန်ဖျော့သွားသည်။ သူ့တွင် နဂါးဘိုးဘေး၏

သွေးမျိုးဆက်ရှိပြီး နဂါးဘိုးဘေးထက်

အဆင့်နိမ့်သော နဂါးအားလုံးကို

တန်ပြန်ဖိနှိပ်ထားနိုင်သည် ။ သို့သော်

သူ့ခွန်အားက

အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်

သာ ရှိရာ သိုင်းသူတော်စင်အဆင့်

နဂါးနက်ကြီးကို ဖိနှိပ်နိုင်ပါမည်လောဟု တွေးမိလိုက်သည်။

"ရုပ်သေးရုပ်လား"

ခမ်းနားသောဝတ်ရုံနှင့်လူ၏ စကားကို ကြားသောအခါ ရွှေနတ်ဆိုးဝံပုလွေဘုရင်နှင့် အဘိုးအိုကျူးယွမ် တို့နှစ်ယောက်လုံး ထိတ်လန့်သွားကြသည်။

သူတို့က

စိတ်ဝိညာဉ်ရုပ်သေးများအကြောင်းကို သဘာဝကျကျ သိထားသော်လည်း

သိုင်းသူတော်စင်များကို ရုပ်သေးများအဖြစ် သန့်စင်နိုင်သည်ဟု မည်သူမျှ မကြားဖူးကြပေ။

နှစ်ယောက်စလုံးက မယုံကြသော်လည်း ခမ်းနားသောဝတ်ရုံနှင့်လူကို မငြင်းဆန်ရဲကြပါ။ နောက်ဆုံးတွင် ထိုလူက အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့် သာဖြစ်သည့်တိုင် သူတို့စော်ကားနိုင်သောအရာမဟုတ်ချေ။

"ဟုတ်တယ် ဒါက ရုပ်သေးဘဲ" ယန်ယဲ့က မျက်နှာတွင် ထူးဆန်းသောအပြုံးနှင့် ပြန်ပြောလိုက်သည်။ "ဒါက ငါကံကောင်းပြီး ရလာခဲ့တဲ့ သိုင်းသူတော်စင်အဆင့် ရုပ်သေးတစ်ခုလေ။ ရွှေနတ်ဆိုးဝံပုလွေဘုရင်၊ လူအိုကြီးကျူးယွမ်! မင်းတို့နှစ်ယောက်က ငါ့ကိုသတ်ချင်နေတာမဟုတ်ဘူးလား။ လာပါ.....၊ မင်းတို့ကြိုးစားကြည့်လို့ရတယ်။ ဒီသိုင်းသူတော်စင်အဆင့်ရုပ်သေးက သူ့ကိုယ်သူဘာမှဂရုမစိုက်ဘဲ

စိတ်ထင်ရာတိုက်ခိုက်တတ်တယ်ဆိုတာ တော့ ကြိုပြီးသတိပေးပါရစေ။ မင်းတို့ အနိုင်မယူနိုင်ရင် ငါက သူ့ကိုဖောက်ခွဲပြီး နှစ်ယောက်လုံးကို အဝါရောင်နွေဦးလမ်းဆီ ပို့ပေးမယ်"

"ယန်ယွဲ့၊ အဲ့ဒါကြောင့် ငါတို့ကို ခြိမ်းခြောက်နိုင်မယ်လို့ မင်းထင်နေတာလား" အဘိုးအိုကျူးယွမ်ကပြင်းပြင်းထန်ထန် ပြောလိုက်သည် “မင်းကို

တစ်ခုပြောလိုက်မယ်။

ငါ့ရဲ့တာအိုအမိန့်တော်က

ချင်ဒေါင်ဖူကိုယ်စား လက်စားချေမယ်။

မင်းရဲ့ရှေးဟောင်းဓားကျောင်းတော်ကို

မဖျက်ဆီးမချင်း ဘယ်တော့မှ

ရပ်တန့်မှာမဟုတ်ဘူး။ တာအိုအမိန့်တော်ရဲ့

တပည့်တွေ၊ ငါ့အမိန့်ကို နားထောင်ကြ။

ဒီမှာရှိနေတဲ့ ရှေးဟောင်းဓားကျောင်းတော်ရဲ့

တပည့်တွေကို

တစ်ယောက်မကျန်သတ်ပစ်လိုက်ကြစမ်း"

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၄၆ - အခုကော မင်းဘယ်သူလဲ ပြောလို့ရပြီလား

"သေချင်နေရင် ရှေ့တက်လာခဲ့"

ယန်ယဲ့သည် လှုပ်လှုပ်ရှားရှား ဖြစ်လာသည့် တာအိုအမိန့်တော်၏ အဖွဲ့ဝင်များကို စူးစူးရဲရဲစိုက်ကြည့်ရင်း ရုတ်တရက်

အေးစက်စက်လေသံဖြင့်
ပြောလိုက်လေသည်။ "တာအိုအမိန့်တော်ရဲ့
တပည့်တွေ၊ ငါယန်ယဲ့က
ကျေးဇူးကန်းတတ်သူ မဟုတ်ဘူး။ မင်းတို့ရဲ့
တည်ထောင်သူဘိုးဘေး ဆီမှာ
ငါအကြွေးတင်နေတယ်။ ငါက
သူ့ကျေးဇူးကို ရန်ငြိုးနဲ့ပြန်မဆပ်ချင်ဘူး။
ချင်ဒေါင်ဖူကို သတ်လိုက်တာက
ငါ့ကိုလာထိလို့ဘဲ။ ငါယန်ယဲ့က
ကျေးဇူးကန်းတဲ့လူမဟုတ်ဘူး၊ ဒါပေမဲ့
ရန်ငြိုးဖွဲ့ပြီး ကြင်နာမှုပြန်မဆပ်ဖို့

ကိုယ့်ကိုယ်ကိုတော့
ထိန်းထားမှာမဟုတ်ဘူးနော်။
မင်းတို့တိုက်ခိုက်ဝံ့ရင် အားလုံးဘယ်သူမှ
တိမ်ပင်လယ်မြို့ကနေ
အသက်ရှင်လျက်ထွက်သွားနိုင်မှာမဟုတ်
ဘူးလို့ ငါယန်ယဲ့ ကျိန်ဆိုတယ်"

ဒီစကားကို ကြားသောအခါ
တာအိုအမိန့်တော်၏ အဖွဲ့ဝင်များ အားလုံး
မျက်နှာထက်တွင်

ဆိုးရွားသောအမှုအရာများ
ပေါ်လာကြသည်။

သူတို့က ယန်ယဲ့ကို စိုက်ကြည့်နေကြသည်။
ထို့နောက် ယန်ယဲ့၏
ရက်စက်ကြမ်းကြုတ်သော
စိတ်သဘောထားကို ပြန်တွေးမိသောအခါ
အားလုံး ခန္ဓာကိုယ်များပင်
တုန်ယင်လာကြသည်။ ယန်ယဲ့၏
အကျင့်စရိုက်ကို သိထားသည်ဖြစ်ရာ သူက
ပြောသည့်အတိုင်း လုပ်တတ်သူ
ဖြစ်ကြောင်း သိနေပါသည်။

"ရွှေနတ်ဆိုးဝံပုလွေဘုရင်၊
ငါတို့အင်အားစုတွေပေါင်းပြီး
ဒီခွေးကောင်ကို သတ်ရအောင်။
မင်းဘယ်လိုထင်လဲ" အဘိုးအိုကျူးယွမ်က
ရွှေနတ်ဆိုးဝံပုလွေဘုရင်ကို ရုတ်တရက်
စိုက်ကြည့်လိုက်သည်။ ယန်ယွဲ့သည်
တာအိုအမိန့်တော်၏ တစ်ဦးတည်းသော
ပါရမီရှင် ချင်ဒေါင်ဖူကိုသတ်ပစ်ခဲ့သည်။
၎င်းက တာအိုအမိန့်တော် အတွက် လုံးဝ
သည်းခံနိုင်သည့်အရာမဟုတ်ချေ။

ထို့ကြောင့်
မည်သည့်တန်ကြေးမျိုးပေးဆပ်ရပါစေ
သေချာပေါက် လက်စားချေရပေမည်။

ရွှေနတ်ဆိုးဝံပုလွေဘုရင်က
ခမ်းနားသောဝတ်ရုံနှင့်လူကို
တစ်ချက်ကြည့်လိုက်သည်။ ထိုလူက
သူတို့နှင့်ဆန့်ကျင်ဖက်မဟုတ်ကြောင်း
သေချာသည်နှင့်
ခေါင်းညိတ်ပြပြီး "ကောင်းပြီလေ..."

"နှစ်ယောက်နဲ့ တစ်ယောက်။ မင်းတို့က
သိပ်ပြီးမျှော်လင့်နေတာထင်တယ်"
ယန်ယဲ့က အေးစက်စွာ ရယ်မောလိုက်ပြီး
“ချင်” ဟု တစ်လုံးတည်းသာ
အော်လိုက်သည်။

သူ့အသံ ပဲ့တင်ထပ်သွားသည်နှင့်
တပြိုင်နက် အဝေးတစ်နေရာရှိ
တောင်တန်းတစ်ခုမှ ပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာပြီးနောက်
အစိမ်းရောင်အလင်းတန်းတစ်ခုဟာ ယန်ယဲ့

ရှိနေသောနေရာ သို့ ချက်ချင်း
ရောက်လာခဲ့၏။ ခဏအကြာတွင်
အလင်းတန်းများ လွင့်စင်သွားပြီး ယန်ယဲ့၏
နံဘေး၌ အစိမ်းရောင်ဝတ်ရုံဝတ်
အမျိုးသမီးတစ်ဦး ပေါ်လာသည်။

"နောက်ထပ် သိုင်းသူတော်စင်တစ်ယောက်
လား"

ရွှေနတ်ဆိုးဝံပုလွေဘုရင် နှင့်
အဘိုးအိုကျူးယွမ် တို့နှစ်ယောက်လုံး

မျက်စိမျက်နှာပျက်သွားကြတော့ သည်။ ဒီနေရာတွင် နောက်ထပ် သိုင်းသူတော်စင်တစ်ယောက် ပေါ်လာလိမ့်မည်ဟု သူတို့ မမျှော်လင့်ထားခဲ့ကြပေ။ "ယန်ယဲ့က သိုင်းသူတော်စင်၂ယောက်ကို ဘယ်လိုရှာတွေ့လာတာလဲ"

အစိမ်းရောင်ဝတ်ရုံအမျိုးသမီးက ရောမစပေါ်ဒ်နှစ်ကောင်အနက်မှ အငယ်ဖြစ်သည့် ချင်အမျိုးသမီးပင်။

ယန်ယဲ့သည် တိမ်ပင်လယ်မြို့သို့
အပြေးအလွှားပြန်လာရင်း
ချင်အမျိုးသမီးကို
ဆက်သွယ်ခဲ့ခြင်းဖြစ်သည်။ ထိုအခါ
ချင်အမျိုးသမီးက သိုင်းသူတော်စင်အဆင့်
တက်လှမ်းနိုင်ခဲ့ကြောင်း သိလိုက်ရသဖြင့်
သူက အလွန်ဝမ်းသာသလို
အံ့ဩသွားခဲ့သည်။ ထိုအခြေအနေက
တိမ်ပင်လယ်မြို့၏ ကပ်ဘေးကို

တစ်မျိုးတစ်ဖုံ
ပြောင်းလဲပစ်နိုင်ပေသည်မဟုတ်လော။

ဒီအချိန်မှာ ယန်ယဲ့သည် အဘိုးအိုကျူးယွမ်
နှင့် ရွှေနတ်ဆိုးဝံပုလွေဘုရင် တို့အား
တစ်ချက်ကြည့်လိုက်ပြီး
"မင်းတို့နှစ်ယောက်လုံး ဖြစ်ဖြစ် ငါဖြစ်ဖြစ်
ဒီနေ့တော့ တစ်ဖက်ဖက်က သေလိမ့်မယ်"

"ဒါဆို လုံလောက်ပြီ" နဂါးနက်ကြီးပေါ်တွင် ရပ်နေသော လူက ရုတ်တရက် စကားပြောလာခဲ့သည်။

“မင်းကို လျှော့မတွက်သင့်ဘူးလို့ ဘိုးဘေးက ငါ့ကို လုံးဝသတိထားဖို့ တောင်းဆိုတယ်။ ယန်ယဲ့ ဆိုတဲ့မင်းက ဂုဏ်ယူစရာကောင်းတဲ့ ပါရမီရှင်တစ်ယောက်လို့ ထင်ခဲ့တာ။ ဒါပေမဲ့ အခု မင်းကိုတွေ့တော့ ငါစိတ်ပျက်သွားပြီ။ ယန်ယဲ့က နတ်ဘုရားအဆင့်ရတနာတွေနဲ့

ပြင်ပအကူအညီတွေကို အားကိုးနေရတဲ့ လူပျက်တစ်ယောက်သာသာဘဲ"

ယန်ယဲ့က ထိုလူကို စိုက်ကြည့်ရင်း "မင်းက ဘယ်သူလဲ"

"မင်းမှာ သိပိုင်ခွင့်မရှိဘူး" ခမ်းနားသောဝတ်ရုံနှင့်လူက ဆက်ပြီးပြောလိုက်သည်။ “ငါ အချိန်မဖြုန်းချင်တော့ဘူး။ မင်းရဲ့သဘောအတိုင်း ငါနဲ့လိုက်မှာမလား

ဒါမှမဟုတ် မင်းရဲ့ခြေလက်တွေကို ချိုးပြီး
အတင်းခေါ်သွားရမှာလား"

ယန်ယဲ့၏ပုံရိပ် လေထဲသို့
ဖြည်းညှင်းစွာတက်လာပြီး
ခမ်းနားသောဝတ်ရုံလူနှင့်
နဂါးနက်ကြီးရှေ့သို့ရောက်လာသည်။

သူက နဂါးနက်ကြီးကို
တစ်ချက်ငုံ့ကြည့်ပြီးနောက် ထိုလူကို
စူးစိုက်ကြည့်ကာ "မင်းရဲ့ယုံကြည်မှုက
မင်းအောက်မှာစီးနင်းထားတဲ့ နဂါးဆီက

လာတယ်ဆိုရင် မင်းစိတ်ပျက်မသွားဖို့ပဲ
ငါပြောနိုင်တယ်"

ထိုလူက ယန်ယဲ့ကို ခဏလောက်
စိုက်ကြည့်ပြီးနောက် သူညာခြေကို
အသာအယာပုတ်လိုက်ပြီး "သူ့ကို
အရမ်းကြီး မရိုက်နဲ့။ အသက်ရှင်ပါစေ"

ဂါး....ဂရား

နဂါးနက်ကြီးက ၎င်း၏ခေါင်းကို
မြှောက်ကာ ဒေါသတကြီးဟိန်းဟောက်၍
နဂါးဖိအားများကို ထုတ်လွှတ်ကာ ယန်ယဲ့
ဆီသို့ ဖိနှိပ်လိုက်သည်။

ကောင်းကင်နှင့်မြေကြီး၏စွမ်းအားနှင့်ပင်
ယှဉ်နိုင်သော ကြောက်မက်ဖွယ်ရာ
နဂါးဖိအားများ ဖြာထွက်လာပြီး
ပတ်ဝန်းကျင်ရှိ ထောင်သောင်းချီသော
နတ်ဆိုးသားရဲများပင် တုန်တုန်ယင်ယင်နှင့်
မြေပြင်ပေါ်လဲကျသွားကြသည်။

ယန်ယဲ့သည် သူ့အပေါ် စုပြုံဖိနှိပ်လာသည့်
နဂါးဖိအားကို ခုခံဖို့မကြိုးစားပေ၊
သူ့ကိုယ်ပေါ်
ကျရောက်လာခွင့်သာပြုလိုက်၏။
ကြောက်မက်ဖွယ်ရာ နဂါးဖိအားများ
ကျဆင်းလာသည့်တိုင် ယန်ယဲ့က
ဘာဒဏ်ရာမှမရခဲ့သဖြင့် အားလုံး
အံ့သြသွားကြသည်။

အဘိုးအိုကျူးယွမ် နှင့်
ရွှေနတ်ဆိုးဝံပုလွေဘုရင်လည်း
ဒီမြင်ကွင်းကို မြင်တွေ့ရသောအခါ
အနည်းငယ် တုန်လှုပ်သွားကြသည်။

ယန်ယဲ့သည် သိုင်းသူတော်စင်အဆင့်
နဂါးနက်ကြီး၏ နဂါးဖိအားကို
အမှန်တကယ် လျစ်လျူရှုထားလိမ့်မည်ဟု
သူတို့ မမျှော်လင့်ထားခဲ့ကြပေ။
နောက်ဆုံးတွင် သူတို့လို
သိုင်းသူတော်စင်များပင် နဂါးနက်ကြီး၏

ဖိအားကို
တောင့်မခံနိုင်ကြဘူးမဟုတ်ပါလား။

အဘိုးအိုကျူးယွမ်က တစ်စုံတစ်ခုကို
ရုတ်တရက် သတိရသွားပြီး
မျက်နှာကွက်ခနဲပျက်သွားတော့သည်။
ထိုအရာက ယန်ယဲ့ တာအိုအမိန့်တော်ကို
ရောက်လာချိန်က ပြောခဲ့ဖူးသော
"နဂါးမျိုးနွယ်၏လူသားကိုယ်စားလှယ်"ဟူ
သော စကားပင်။

နဂါးနက်ကြီးက အသံနက်ကြီးဖြင့် “လူသား! မင်းဘယ်လိုလုပ်လိုက်တာလဲ"

ယန်ယဲ့သည် အသက်ပြင်းပြင်းရှူရင်း သူ့ပါးစပ်ထောင့်တွင် လျှို့ဝှက်ဆန်းကြယ်သော အပြုံးတစ်ခု ရောက်ရှိလာသည်။

နဂါးဘိုးဘေး၏သွေးမျိုးဆက်က သိုင်းသူတော်စင်အဆင့် နဂါးများကို ဖိနှိပ်နိုင်စွမ်းမရှိဟု ထင်ထားခဲ့သည်။ သို့သော်လည်း လက်တွေ့တွင်မူ ၎င်းက

လုံးဝကို အားကောင်းနေကြောင်း
သိလိုက်ရသည်။
တစ်နည်းဆိုရသော် ဆန်းကြယ်တိုက်ကြီးရှိ
နဂါးဘိုးဘေး၏ ခွန်အားနှင့်
သွေးမျိုးဆက်က ယခုသူ့ရှေ့မှ နဂါးနက်ကြီး
ထက်ကျော်လွှန်နေခဲ့သည်။

ယန်ယဲ့က စကားပြန်မပြောပေ။
သူ့ခန္ဓာကိုယ်က ဖျတ်ခနဲတောက်ပလာပြီး
နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။
တစ်ချိန်တည်းမှာပင် နဂါးပေါ်တွင်

ရပ်နေသော လူ၏ အမူအရာက ချက်ချင်း ပြောင်းလဲသွားသည်။ သူညာလက်ကို ရှေ့သို့ ဝှေ့ယမ်းလိုက်ရာ အနက်ရောင်အလင်းတန်းများ သိပ်သည်းစွာ ထွက်လာသည်။

ဘမ်း!

ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီး ပုံရိပ်တစ်ခု လွင့်ပျံသွားခဲ့သည်။

"ဒါဆို မင်းအရမ်းအားနည်းတယ်။ မင်း...."

ခမ်းနားသောဝတ်ရုံနှင့်လူက လှောင်ပြောင်လိုက်သည်။ သို့သော် သူ့မျက်လုံးများသည် ရုတ်တရက်ကျယ်လာပြီး ထိတ်လန့်မှုတစ်ခု ပေါ်လာခဲ့၏။ သူရပ်နေသည့်နေရာကနေ ခုန်ထွက်လိုက်သော်လည်း နောက်ကျသွားပါတော့သည်။ အေးစိမ့်စိမ့်အငွေ့အသက်များနှင့် ဓားတစ်ချောင်းက သူ့လည်ပင်းကို ထိုးသွင်းလာသည်။ ဓားက

စင်တီမီတာအနည်းငယ် ထိုးသွင်းခဲ့ပြီး ရှေ့ဆက်မတိုးပေ။ သို့တိုင် ခမ်းနားသောဝတ်ရုံနှင့်လူက လုံးဝ မလှုပ်ရဲခဲ့ပါ။

"ဒီလိုဆို မင်းအရမ်းအားနည်းလွန်းတယ်" ယန်ယဲ့၏ အသံက ထိုလူ၏နားထဲတွင် ပဲ့တင်ထပ်သွားသည်။

ဒီအချိန်မှာ ခမ်းနားသောဝတ်ရုံနှင့်လူက အဝေးသို့ လွင့်ထွက်သွားသော ပုံရိပ်ကို

စိုက်ကြည့်ရင်း ချက်ခဖင်းပင်
သဘောပေါက်သွားသည်။ အကြောင်းမှာ
ထိုပုံရိပ်က ယန်ယဲ့ မဟုတ်ဘဲ
တမင်လှည့်စားခံလိုက်ရခြင်းသာ။

ရွှေနတ်ဆိုးဝံပုလွေဘုရင် နှင့်
အဘိုးအိုကျူးယွမ် တို့လည်း ယန်ယဲ့၏
အရှိန်က အလွန်လျင်မြန်ပြီး
ကြောက်စရာကောင်းလိမ့်မည်ဟု
ထင်မထားကြသဖြင့် သူတို့၏မျက်လုံးထဲ၌
လေးနက်သောအမူအရာများပေါ်လာခဲ့သည်

။ အကြောင်းအရင်းက

သူတို့လိုအဆင့်ဖြင့်ပင် အစောပိုင်းက

ယန်ယဲ့၏ လှုပ်ရှားမှုကို အနည်းငယ်သာ

ဖမ်းဆုပ်နိုင်ခဲ့သည်။

"ဒီလူယန်ယဲ့ ရဲ့အရှိန်က

သိုင်းသူတော်စင်တွေ ထက်တောင်

ကျော်သွားပြီလား"

"လူသား...၊ သခင်ငယ်ကို အန္တရာယ်ပြုဝံ့ရင်

မင်းသေရမှာ သေချာတယ်” နဂါးနက်ကြီးက

ဒေါသတကြီး ဟိန်းလိုက်သော်လည်း
ခမ်းနားသောလူ၏ သေခြင်းရှင်ခြင်းက
ယန်ယွဲ့လက်မှာရှိနေသဖြင့် ရူးသွပ်စွာ
မလုပ်ဆောင်ဝံ့ပေ။

ယန်ယွဲ့သည် နဂါးနက်ကြီးကို ဂရုမစိုက်ပေ။
သူညာလက်ကို အနည်းငယ်လှုပ်လိုက်ရာ
ဓားက ခမ်းနားသောဝတ်ရုံနှင့်လူ၏
လည်ပင်းထဲ ထပ်မံနစ်ဝင်သွားပြီး
"အခုကော မင်းဘယ်သူလဲဆိုတာ
ငါသိပိုင်ခွင့်ရှိပြီလား” ဟုပြောလိုက်သည်။

ခမ်းနားသောဝတ်ရုံနှင့်လူ၏ မျက်နှာက နီရဲလာသည်။ယန်ယွဲ့သည် ဒီမြင်ကွင်းကြောင့် ရုတ်တရက် ခေါင်းယမ်းရင်း “မေ့လိုက်ပါတော့။ ငါ အဲဒါကို စိတ်မဝင်စားတော့ဘူး”

ဆူး!

ယန်ယဲ့သည် သူ့လက်ကို အပေါ်လှန်လိုက်ရာ ဓားက ခမ်းနားသောဝတ်ရုံနှင့်လူ၏ခေါင်းကို ချက်ချင်း နှစ်ခြမ်းခွဲချလိုက်သည် ။

ခမ်းနားသောဝတ်ရုံနှင့်လူက အမှန်တကယ်သန်မာနေသည်လော။

ယန်ယဲ့၏အမြင်အရ ထိုလူဟာ
အလွန်အစွမ်းထက်ပြီး
ကြောက်စရာကောင်းသည်။
၎င်း၏ခွန်အားက ချင်ဒေါင်ဖူ

ထက်အများကြီးသာလွန်သည်။
အကယ်၍သာ သူသည် ထိုလူနှင့်
ထိပ်တိုက်ရင်ဆိုင်ခဲ့လျှင် ၎င်းကို
အလွယ်တကူ သတ်ပစ်ဖို့ လုံးဝမဖြစ်နိုင်ပေ။

အကြောင်းအရင်းမှာ လက်ရှိသူက
နတ်ဘုရားအဆင့်ရတနာလက်နက်များ၊
နတ်ဘုရားအဆင့်နည်းစနစ်များ နှင့်
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကိုပါ
အသုံးပြုထားခဲ့၏။ ထို့အပြင်
ခမ်းနားသောဝတ်ရုံနှင့်လူ

ချက်ချင်းသေဆုံးသွားရသည့်

အကြောင်းအရင်းက

သူ့ကိုအထင်အမြင်သေးကာ

သတိလက်လွတ်ဖြစ်နေကြောင့်ပင်။

၁၂၄၇

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၄၇ - ငါက နတ်နဂါးမျိုးနွယ်ရဲ့

လူသားကိုယ်စားလှယ်

"လူသား! မင်းက သေလမ်းရှာလိုက်တာ"
ယန်ယဲ့သည် ခမ်းနားသောဝတ်ရုံနှင့်လူကို
သတ်လိုက်ကြောင်း မြင်သောအခါ
နဂါးနက်ကြီးက ယန်ယဲ့ဖက်သို့လှည့်၍
ဒေါသတကြီးဟိန်းလိုက်လေသည်။

ထို့နောက်တွင် ရောမနဂါးကိုယ်ထည်ကနေ
ကြောက်မက်ဖွယ်ရာ နတ်နဂါးဖိအားများ
ဖြာထွက်လာပြီး ယန်ယဲ့ ထံသို့
တိုက်ရိုက်တိုးဝင်လာပါတော့သည်။

ထိုကြောက်မက်ဖွယ်ရာဖိအားကြောင့်
ယန်ယဲ့၏ နောက်ကွယ်ရှိ
တောင်တန်းများအားလုံး အမှုန့်ဖြစ်ကာ
မြေပြန့်ကြီးအဖြစ်ပြောင်းလဲသွားခဲ့သည်။

သို့သော်လည်း ယန်ယဲ့သည် နေရာတွင်ပင်
မလှုပ်မယှက် ရပ်နေခဲ့၏။

ယန်ယဲ့က နဂါးနက်ကြီးကို
လှောင်ပြောင်လိုသောအမူအရာဖြင့်

စိုက်ကြည့်နေရင်း ရုတ်တရက်
နဂါးဟိန်းသံကို ထုတ်လွှတ် လိုက်သည်။

တစ်ဆက်တည်း ယန်ယဲ့သည်
နတ်နဂါးဘိုးဘေး၏ သွေးမျိုးဆက်ကို
အသက်သွင်းလိုက်ရာ မမြင်နိုင်သော
ဖိအားလှိုင်းလုံးကြီးတစ်ခုဟာ
နဂါးနက်ကြီးဆီသို့
ဦးတည်ဝင်သွားလေသည်။

ယန်ယဲ့ ထံမှ ရောက်ရှိလာသော
ဖိအားကြောင့် သိုင်းသူတော်စင်အဆင့်
နဂါးနက်ကြီးက နောက် ၁၀
မီတာခန့်အကွာထိ လွင့်ထွက်သွားရသည်။
ဒီမြင်ကွင်းကြောင့် အခြေအနေကို စောင့်
ကြည့်နေသော လူတိုင်း
အံ့အားသင့်သွားခဲ့ကြသည်။
တစ်ချိန်တည်းမှာပင် နဂါးနက်ကြီး၏
အရှိန်စည်နှေးကွေးလာ ရုတ်ချည်းပင်
လေထဲ၌ ရပ်တန့်သွားတော့သည်။

ဒီလိုမြင်ကွင်းကြောင့် အားလုံး
ထပ်မံ၍အံ့သြသွားကြသည်။

ဒီအခိုက်အတန့်တွင် အဘိုးအိုကျူးယွမ်နှင့်
ရွှေနတ်ဆိုးဝံပုလွေဘုရင် တို့၏
မျက်လုံးများသည် ပြူးကျယ်သွားကာ
တစ္ဆေနတ်ဘုရားအား မြင်လိုက်သလိုပင်။

ထိုအတောအတွင်း မေ့လျော့ခြင်းကောရီ
လည်း ဂျက်နက်ရောင်မျက်ခုံးကို

တွဲချည်ထားကာ သူမ၏မျက်လုံးထဲ၌ အံ့သြခြင်းအရိပ်အယောင်များ ရှိနေသည်။

နဂါးနက်ကြီး၏ မျက်လုံးများ ကတော့ ထိတ်လန့်တုန်လှုပ်မှုများနှင့် ပြည့်နှက်နေသည်။ ၎င်း၏ မျက်လုံးထဲ၌ ကြောက်ရွံ့မှု အရိပ်အယောင်များပင် ရှိနေခဲ့သည်။ သူက အခုလေးတင် ကြောက်မက်ဖွယ်ရာ ဖိအားတစ်ခုကို ခံစားလိုက်ရသည်။ ထိုဖိအားက သွေးမျိုးဆက်ဖိအား ပင်။

"နတ်နဂါးမျိုးနွယ်ရဲ့သွေးမျိုးဆက်...."

သူသည် သိုင်းသူတော်စင်အဆင့်
နဂါးတစ်ကောင်ဖြစ်ရာ
သူ၏သွေးမျိုးဆက်က
ဆင့်ကဲပြောင်းလဲလာခဲ့သည်။
နတ်နဂါးဘိုးဘေး အပြင်
မည်သည့်နဂါးမျိုးနွယ်ဝင်ကမှ သူ့အား
ဖိနှိပ်နိုင်စွမ်းမရှိပေ။ သို့သော်လည်း သူသည်
အမှန်တကယ်ပင်

သွေးမျိုးဆက်ဖိအားကြောင့်
ဖိနှိပ်ခံခဲ့ရသည်။ ထို့အပြင်
သွေးမျိုးဆက်ဖိအားကလည်း
လူသားတစ်ဦးထံမှ ထွက်လာခဲ့ခြင်းပင်။

"လူသား! မင်းမှာ ငါ့နတ်နဂါးကလန်ရဲ့
သွေးမျိုးဆက် ဘာလို့ ရှိရတာလဲ”
နဂါးနက်ကြီးက ယန်ယဲအား
ကြောက်ရွံ့ထိတ်လန့်စွာဖြင့်
စိုက်ကြည့်နေသည်။

နတ်နဂါးဘိုးဘေး၏ သွေးမျိုးဆက်ဖိအားက
နဂါးနက်အပေါ်
အမှန်တကယ်ထိရောက်ကြောင်း
သတိပြုမိသောအခါ ယန်ယွဲ့က
အတော်လေးစိတ်လှုပ်ရှားသွားသည်။
အကြောင်းမှာ သူ၏သွေးမျိုးဆက်ဖိအားက
သိုင်းသူတော်စင်အဆင့် နဂါးများကို
ဖိနှိပ်နိုင်သည်ဖြစ်ရာ သူ့ရှေ့က နဂါးနက်ကို
ကိုင်တွယ်ဖြေရှင်းဖို့ ပြဿနာမရှိတော့ပေ။

ယန်ယဲ့သည် ရုတ်တရက်
လက်ညှိုးတစ်ချောင်းကို ဆန့်ထုတ်လိုက်ပြီး
ရောမနဂါးနက်ကြီးအား ညွှန်ပြကာ
ဒေါသတကြီး ဝေါက်ငမ်းလိုက်လေသည်။
"ငါဘယ်သူလဲဆိုတာ မင်းသိလား"
နတ်နဂါးဘိုးဘေး၏ သွေးမျိုးဆက်ကို
အသက်သွင်းထားသောကြောင့် သူ့အသံက
မရေမတွက်နိုင်သော
လူသားကျင့်ကြံသူများနှင့်
နတ်ဆိုးသားရဲများကို အကြီးအကျယ်
ထိတ်လန့်သွားစေသည်။

နဂါးနက်ကြီး၏မျက်ခွံများ
လှုပ်ယမ်းသွားပြီး "လူသား!
မင်းရဲ့သွေးမျိုးဆက်ဖိအားက ငါ့ကို
ဖိနှိပ်နိုင်တယ်ဆိုတာ ငါဝန်ခံပါတယ်။ ဒါပေမဲ့
မင်း အဲဒီသွေးမျိုးဆက်ဖိအားလောက်နဲ့
ငါ့ကိုအနိုင်ယူနိုင်မယ်လို့ ထင်နေရင်
မင်းအိပ်မက်မက်နေတာပဲလို့
ငါပြောလိုက်မယ်"

"ဘယ်လောက်တောင်
မောက်မာလိုက်သလဲ" ယန်ယဲ့က
အထင်အမြင်သေးစွာ ရှုံ့ချလိုက်ပြီး " ငါက
နတ်နဂါးဘိုးဘေးကိုယ်တိုက် ခန့်အပ်ထားတဲ့
နဂါးတွေရဲ့လူသားကိုယ်စားလှယ်ဘဲ။
ငါ့အဆင့်အတန်းက နတ်နဂါးဘိုးဘေးနဲ့
ညီမျှတယ်။
မင်းငါ့ကိုဒီလိုပြောဖို့တကယ်သတ္တိရှိတာ
လား။ အရှင်လတ်လတ် အရေခွံဆုတ်ခံရဖို့
ကြိုးစားနေတာလား၊ နတ်နဂါးကလန်ကို

ပြန်ရောက်တာနဲ့ မင်းအရွတ်တွေကို ဆွဲထုတ်ခိုင်းမှထင်တယ်”

"နတ်နဂါးမျိုးနွယ်ရဲ့လူသားကိုယ်စားလှယ်" နဂါးနက်ကြီး၏ မျက်လုံးများက အံ့သြမှုတစ်ခု ထွက်ပေါ်လာသည် “လူသား! မိုက်မဲတဲ့စကားတွေ ရပ်လိုက်ပါ။ ငါ့ရဲ့နတ်နဂါးကလန်မှာ ဘယ်တုန်းကများ လူသားကိုယ်စားလှယ် ရှိဖူးလို့လဲ"

ဒီအထိ ပြောပြီးနောက် နဂါးနက်၏အသံက အေးစက်လာပြီး "လူသား၊ မင်းက ငါ့နတ်နဂါးမျိုးနွယ်စုရဲ့နာမည်ကို အလွဲသုံးစားလုပ်မိလို့ မင်းကို ဘယ်လိုအကျိုးဆက်တွေ စောင့်ကြိုနေလဲ သိလား"

ယန်ယဲ့က ခေါင်းညိတ်ကာ "ဒါဆို ငါ့မှာ နတ်နဂါးမျိုးနွယ်စုရဲ့သွေးမျိုးဆက် ဘာကြောင့်ရှိတာလဲ ပြောကြည့်"

နဂါးနက်ကြီး

အသံတိုးတိုးလေးနှင့်ပြောလိုက်သည်

"ငါ့နတ်နဂါးမျိုးနွယ်စုထဲက တစ်ခုခုကို

အတင်းဆွဲထုတ်ပြီး

မင်းရဲ့ကိုယ်ပိုင်သွေးမျိုးဆက်နဲ့

ပေါင်းလိုက်တာ ဖြစ်နိုင်တယ်"

"မင်း

ဘယ်လိုတောင်မိုက်မဲတဲ့နဂါးလဲ"ယန်ယွဲ့က

လှောင်ပြောင်လိုက်သည်။ “အဲဒါကို

စဉ်းစားကြည့်။ မင်းရဲ့သွေးမျိုးဆက်ကို

ဖိနှိပ်ဖို့အတွက် ငါက ဘယ်သူ့သွေးကို ထုတ်ယူရမှာလဲ"

“အနည်းဆုံးတော့ နတ်နဂါးဘိုးဘေး...” ဒီစကားကိုပြောလိုက်ရင်း နဂါးနက်ကြီး၏ မျက်လုံးများသည် သိသိသာသာကို ကျဉ်းမြောင်းသွားခဲ့သည်။

သူ့စကားထဲတွင် မဖြစ်နိုင်တာကို သတိပြုမိလိုက်သောကြောင့်ပါ။ နတ်နဂါးဘိုးဘေး၏ သွေးအဆီအနှစ်ကို ထုတ်ယူမည်လော။ ထင်းရှူးစီရင်စုကို

မပြောဘဲ ဗဟိုနတ်ဘုရားစီရင်စု၌အင်

မည်သူမျှ ထိုသို့လုပ်ဆောင်နိုင်စွမ်းမရှိပေ။

တစ်နည်းဆိုရသော်...။

ယန်ယွဲ့သည် နဂါးနက်ကြီး၏

အမူအရာပြောင်းလဲနေသည်ကို

သတိပြုမိသောအခါ

သူ့စကားကအလုပ်ဖြစ်မှန်းသိလိုက်သည်။

သူက "နတ်နဂါးဘိုးဘေးကသာ

သူ့ရဲ့သွေးမျိုးဆက်ကို

လိုလိုလားလားမပေးရင် ငါက
ဘယ်လိုလုပ်ပြီး ရနိုင်မှာလဲ"

နဂါးနက်ကြီးက ရှုပ်ထွေးနေသောအသံဖြင့်
"ဒါဆို နတ်နဂါးမျိုးနွယ်စုရဲ့
လူသားကိုယ်စားလှယ်အကြောင်း ငါဘာလို့
မကြားဖူးတာလဲ”

"အဲဒါက ငါတို့နတ်နဂါးကလန် ရဲ့
လျှို့ဝှက်ချက်တစ်ခုမို့လို့ဘဲလေ" ယန်ယဲ့က
ဆက်ပြောလိုက်သည် “နတ်နဂါးဘိုးဘေးက

ငါ့ကို ပြီးအောင်လုပ်ဖို့
လျှို့ဝှက်တာဝန်တစ်ခုပေးထားတယ်။
ဘာပဲဖြစ်ဖြစ် ဒါဟာ မင်းသိထားသင့်တဲ့
အရာမဟုတ်ဘူး။ နားလည်လား၊
ဟုတ်တယ်၊ ငါဒုက္ခကြုံလာရင်
နတ်နဂါးမျိုးနွယ်ထဲက နဂါးတွေအားလုံး
ငါ့ကို ခြွင်းချက်မရှိ ကူညီရမယ်လို့
ဘိုးဘေးက ပြောခဲ့တယ်”

ဒီအထိပြောပြီးနောက် စကားကိုခဏရပ်ပြီး
ရွှေနတ်ဆိုးဝံပုလွေဘုရင်ကို

လက်ညှိုးထိုးပြကာ "ကဲ၊ အခု ဒီလူသားမဟုတ်တဲ့ဝံပုလွေကို သတ်ပစ်ဖို့ ကူညီပါ”

ဒီစကားကို ကြားလိုက်သည့်အခါ ရွှေနတ်ဆိုးဝံပုလွေဘုရင်က မျက်ခွံများ လှုပ်ယမ်းသွားပြီး နဂါးနက်ကြီးကို အလျင်စလို ကြည့်လိုက်သည်။ နဂါးနက်ကြီးက တုံ့ဆိုင်းနေပုံပေါ်သည်ကို သတိပြုမိသောအခါ သူက အနည်းငယ်ဝမ်းသာသွားပြီး “မင်း သူ့ကို

ဒီလောက်လွယ်လွယ်နဲ့

လုံးဝယုံလို့မရဘူး။တကယ်လို့ သူသာ

နဂါးတွေရဲ့ လူသားကိုယ်စားလှယ်ဆိုရင်

နတ်နဂါးဘိုးဘေးက ဘယ်လိုကြောင့်

သူ့အကြောင်းကို ထုတ်မပြောရမှာလဲ။

ဒါ့အပြင် နတ်နဂါးကလန်ရဲ့ဘိုးဘေးက

လူသားကိုယ်စားလှယ်

ရွေးချယ်လိုက်ရင်တောင်မှ ဒီလောက်

အားနည်းတဲ့သူ ဘယ်လိုဖြစ်နိုင်မလဲ"

နဂါးနက်ကြီးက အချိန်အတော်ကြာ တိတ်ဆိတ်သွားသည်။ အဆုံးတွင် သူသည် ယန်ယဲ့ကို စိုက်ကြည့်ကာ “လူသား! ခုနက မင်းပြောတဲ့ လူသားကိုယ်စားလှယ်ဆိုတာကို ငါ မယုံသေးဘူး"

ယန်ယဲ့က "ဘာဖြစ်လို့လဲ"

“ငါ့ပင်ကိုယ်စိတ်က” နဂါးနက်ကြီးက ယန်ယဲ့ကို ကြည့်ကာ "မင်းပြောသမျှကို

ငါငြင်းစရာအကြောင်းမရှိဘူး။ ဒါပေမဲ့ ငါ့ရဲ့ ပင်ကိုယ်စိတ်က မင်းပြောတာ လူသားကိုယ်စားလှယ်မဟုတ်ဘူးလို့ ပြောတယ်"

"သူ့ပင်ကိုယ်အသိစိတ်လား"ယန်ယွဲ့သည် ပါးစပ်ထောင့်များ တုန်လှုပ်သွားပြီး "ဒီလိုဆိုရင်တော့...."

ထိုအချိန်တွင် နဂါးနက်ကြီးက "လူသား၊ မင်း ငါနဲ့ ဗဟိုနတ်ဘုရားစီရင်စုကိုလိုက်ခဲ့ရမယ်။ ပြီးတော့.... မင်း..."

ယန်ယဲ့သည် ချက်ချင်း မျက်နှာပျက်သွားပြီး "ဒါက ဘိုးဘေးရဲ့အကြံအစည်တွေကို ပျက်ပြားစေတယ်ဆိုတာ မင်းသဘောပေါက်လား"ဟု စကားဖြတ်ပြောရင်း အော်ငေါက်လိုက်သည်။

နဂါးနက်ကြီးက "ဒါဆို မင်းက ငါ့နတ်နဂါးမျိုးနွယ်စုရဲ့ လူသားကိုယ်စားလှယ်ဖြစ်တယ်လို့ သက်သေပြနိုင်တဲ့ တစ်ခုခုကို ထုတ်ပေးလိုက်ပါ။ မင်းငါ့ကိုယုံကြည်စေမဲ့ သက်သေပြနိုင်သရွေ့ ငါမင်းကို ခြွင်းချက်မရှိ ကူညီပေးမယ်။ မဟုတ်ရင် မင်းက ငါနဲ့အတူ ဗဟိုနတ်ဘုရားစီရင်စုကို ပြန်လိုက်ခဲ့ရမယ်" ယန်ယဲ့ ပြောလိုက်သည့် စကားများဖြင့်က

ရွှေနတ်ဆိုးဝံပုလွေဘုရင်ကို တိုက်ခိုက်ဖို့ မဖြစ်နိုင်ပေ။

"သက်သေ လား"

ရွှေနတ်ဆိုးဝံပုလွေဘုရင်က အေးစက်စွာ ရယ်မောလိုက်ပြီး "တကယ်လို့ သူ့မှာသာ သက်သေပြစရာရှိခဲ့ရင် သူ အဲဒါကို ထုတ်ပြနေတာ ကြာလောက်ပြီ။ ပြီးတော့ သူ အခုအချိန်အထိ စကားများမနေလောက်တော့ဘူး။ ငါ့အမြင်အရတော့ သူက

တားမြစ်ထားတဲ့နည်းလမ်းတွေကနေ
ဒီသွေးမျိုးဆက်ကို သေချာပေါက်ရခဲ့တာ”

ရွှေနတ်ဆိုးဝံပုလွေဘုရင်၏
စကားသံကိုကြားလိုက်သောအခါ
နဂါးနက်ကြီး၏ ယန်ယဲ့ကို ကြည့်နေသော
အကြည့်များက အနည်းငယ်
ရန်လိုလာသည်။

သို့သော်လည်း ယန်ယဲ့သည်
တုန်လှုပ်ဟန်မပြပေ၊ ထိုအစား ရုတ်တရက်

ရယ်မောတော့သည်။ "ငါ ဒါကို ထုတ်မပြချင်ပေမယ့် ငါ့မှာ တခြားရွေးစရာ မရှိတော့ဘူး။ နဂါးနက်၊ ငါ့ဖော်ထုတ်မှုကြောင့် ဘိုးဘေးရဲ့အကြံအစည်တွေ ပျက်စီးသွားရင် မင်းက နတ်နဂါးကလန်ရဲ့ ထာဝရအပြစ်သားဖြစ်သွားမယ်။ ဒါ့အပြင် မင်းရဲ့မျိုးဆက် ၉ ဆက်တိုင်တိုင် သေဒဏ်ပေးတာတောင်မှ အဲဒါကို ဖြေဖို့ မလုံလောက်ဘူး"

ထိုစကားများပြောပြီးသည်နှင့် ယန်ယဲ့၏
ခန္ဓာကိုယ်ကနေ
တလက်လက်တောက်ပနေသော
ရွှေရောင်အလင်းတန်းများနှင့်
ရွှေရောင်အကြေးခွံများစွာ ရုတ်တရက်
ထွက်ပေါ်လာပြီး သူ့တစ်ကိုယ်လုံးကို
ဖုံးအုပ်သွားပါတော့သည်။
တစ်ချိန်တည်းမှာပင် သူ့ခေါင်းထက်မှ
ရွှေရောင်နဂါးဦးချိုကြီး ချောင်းပါ
ထွက်လာသည်။

ယန်ယဲ့၏ခန္ဓာကိုယ်က
အသွင်သဏ္ဌာန်ပြောင်းလဲသွားသည်ကို
မြင်လိုက်သော် အားလုံးက
အံ့အားသင့်သွားကြသည်။
ရွှေနတ်ဆိုးဝံပုလွေဘုရင် ပင်လျှင်
ခြွင်းချက်မဟုတ်ပေ။

ယန်ယဲ့သည် ထိုကဲ့သို့
ပြောင်းလဲသွားလိမ့်မည်ဟု သူလည်း
မမျှော်လင့်ထားပေ။ ဒီအခိုက်အတန့်တွင်
ယန်ယဲ့သည် လူသားတစ်ဝက်၊

နဂါးခန္ဓာကိုယ်တစ်ဝက်နှင့်အတော်လေး

ထူးဆန်းနေ၏။

“အဲ… ငါတို့နတ်နဂါးကလန်ရဲ့

အမွေအနှစ်တစ်ခု ….”

နဂါးနက်ကြီး၏မျက်လုံးများသည်

ထိတ်လန့်မှုအပြည့်နှင့် “လူသား! မင်း… မင်း

ငါ့နတ်နဂါးကလန်ရဲ့အမွေအနှစ်ကို

တကယ်ရခဲ့တာ။ မင်း… မင်း….”

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၄၈ - မင်းထွက်သွားလို့ရတယ်လို့ ဘယ်သူပြောလဲ

နဂါးကလန်၏ အမွေအနှစ်ကို များသောအားဖြင့် နဂါးများ ကိုသာ ပေးအပ်လေ့ရှိသည်။ သို့သော်လည်း သူ့ရှေ့မှ လူသားက နတ်နဂါးကလန်၏ သွေးမျိုးဆက်အမွေအနှစ်ကို

အမှန်ပင်ရထားလိမ့်မည်ဟု သူ
မမျှော်လင့်ခဲ့ပေ။ ဒီအခြေအနေပ
သူ့ကိုယ်သူပင် လုံးဝ
မယုံနိုင်လိုခံစားရသည်။

ယန်ယဲ့က "နဂါးနက်၊ မင်း
နောက်ထပ်သက်သေလိုသေးလား"

နဂါးနက်ကြီးသည် ယန်ယဲ့ကို
စိုက်ကြည့်နေရင်း မျက်လုံးထဲ၌
ရှုပ်ထွေးပွေလီသော ခံစားချက်များ

တောက်ပလာသည်။ သို့သော် အဆုံးတွင်
သူသည် ခေါင်းကို အနည်းငယ်ခါယမ်းကာ
“မင်းက လူသားကိုယ်စားလှယ်
မဟုတ်ရင်တောင် မင်းနဲ့ ငါ့နတ်နဂါးကလန်
ကြားမှာ နက်ရှိုင်းတဲ့ ဆက်ဆံရေးရှိမှာ
သေချာတယ်။ ဒါဆို ဒီနေ့ မင်းကို ကူညီမယ်"

စကားပြောပြီးသည်နှင့် နဂါးနက်ကြီးက
ရောမနဂါး ခေါင်းကိုမြှောက်ကာ
ရွှေနတ်ဆိုးဝံပုလွေဘုရင်ကို

ဦးတည်ဟိန်းလိုက်ပြီး တိုက်ခိုက်ဖို့
စိန်ခေါ်လိုက်၏။

ရွှေနတ်ဆိုးဝံပုလွေဘုရင်၏
မျက်လုံးများသည်
ရက်စက်ကြမ်းကြုတ်မှုများ
တောက်ပလာခဲ့သည်။ ထို့နောက်
ချက်ချင်းပင် သူ၏ မူလပုံစံသို့
ပြန်ပြောင်းလိုက်သည်။ ချက်ချင်းပင်
နဂါးနက်ကြီးထက် အနည်းငယ်သာ

သေးငယ်သော ဝံပုလွေနက်ကြီးအဖြစ်
ပြောင်းလဲသွား၏။

နဂါးနက်ကြီးနှင့် ဝံပုလွေနက်ကြီးက
ကောင်းကင်ယံအထက်၌ မတိုက်ခိုက်ခဲ့ပေ။
ထိုအစား ကောင်းကင်ယံအထက်
လေဟာနယ်ထဲသို့
ဝင်ရောက်သွားကြတော့သည်။
နဂါးနက်ကြီး သို့မဟုတ် ဝံပုလွေနက်ကြီး
ပင်ဖြစ်စေ နှစ်ယောက်စလုံးက

ကောင်းကင်ဘုံတာအိုကို
မစောက်ကားဝံ့ကြပေ။

နဂါးနက်ကြီးနှင့် ဝံပုလွေနက်ကြီး တို့
အာကာသဟင်းလင်းပြင်လမ်းကြောင်းထဲသို့
ဝင်သွားမှသာ ယန်ယဲ့လည်း
စိတ်သက်သာရာရစွာ
သက်ပြင်းချလိုက်သည်။ ထို့နောက်
သူ့အကြည့်ကို ဆုတ်လိုက်ပြီး
တာအိုအမိန့်တော်၏
အကြီးအကဲကျူးယွမ်ကို ကြည့်လိုက်သည်။

အဘိုးအိုကျူးယွမ်၏
မျက်လုံးထောင့်များဟာ
တဆတ်ဆတ်တုန်လှုပ်သွားသည်။ သူသည်
ယန်ယဲ့၏ ရုပ်သေးရုပ်ဖြစ်သော
အနက်ရောင်ဝတ်လီယွန်နှင့် ချင်အမျိုးသမီး
တို့ကို တစ်ချက်ကြည့်လိုက်သည်။
အဘိုးအိုကျူးယွမ်က ခဏကြာထိ
လေးလေးနက်နက် စဉ်းစားနေလေသည်။
ထို့နောက်တွင် သူက
အေးစက်စက်လေသံဖြင့် "ယန်ယဲ့၊

မင်းမှတ်ထားပါ၏ ငါ့ရဲ့တာအိုအမိန့်တော်က

နောင်အနာဂတ်မှာ

မင်းနဲ့သေချာပေါက်ရင်ဆိုင်လိမ့်မယ်။ ငါ

ဒီနေ့ ရှေးဟောင်းဓားကျောင်းတော်နဲ့

တိမ်ပင်လယ်အကယ်ဒမီကို

မျက်နှာသာပေးပြီး လောလောဆယ် မင်းနဲ့

ပဋိပက္ခအဖြစ်ခံနေမှာ မဟုတ်ဘူး။

ငါ့ရဲ့တာအိုအမိန့်တော်က တပည့်တွေ၊

အားလုံး ငါနဲ့ပြန်လိုက်ခဲ့ကြ..."

အဘိုးအိုကျူးယွမ်က အမိန့်ပေးပြီးနောက် အာကာသဟင်းလင်းပြင်ကို ဆုတ်ဖြဲ၍ တာအိုအမိန့်တော်၏ တပည့်များနှင့်အတူ ထွက်သွားဖို့ ပြင်သည်။

"မင်းထွက်သွားလို့ရတယ်လို့ ငါပြောခဲ့လို့လား" ထိုအချိန်တွင် ယန်ယဲ့၏အသံသည် မြို့အထက်လေထုထဲ၌ ရုတ်တရက် ပဲ့တင်ထပ်လာသည်။

ဒီစကားကြောင့် တာအိုအမိန့်တော်၏

တပည့်များလည်း မျက်နှာပျက်သွားကာ

အနည်းငယ်ဆိုးရွားသောအမူအရာများ

ထုတ်ဖော်ကြသည်။

သူတို့က ယန်ယဲ့ကို စိုက်ကြည့်ကာ

အတွေးများဖြင့် "သူက

အကြီးအကဲကျူးယွမ်ကို

သတ်ချင်နေတာလား"

အဘိုးအိုကျူးယွမ်က ယန်ယဲ့ကို

လှည့်ကြည့်လာကာ "ဘာလဲ၊ မင်းက ငါနဲ့

တာအိုအမိန့်တော်ရဲ့တပည့်တွေကို
ဆက်နေစေချင်တာ သေချာလား"

ယန်ယဲ့က အေးစက်စက် ရယ်မောရင်း
"ငါယန်ယဲ့၊ ကြွင်နာမှုနဲ့ ရန်ငြိုးဖွဲ့မှု
နှစ်ခုလုံးကို ပြန်ဆပ်တတ်တယ်။
တာအိုအမိန့်တော်ရဲ့
တည်ထောင်သူဘိုးဘေး ဆီမှာ
ကျေးဇူးအကြွေးတင်နေတာမို့ ငါ့ကို
ဆန့်ကျင်ဖို့ မကြိုးစားရင်
တာအိုအမိန့်တော်ရဲ့ အဖွဲ့ဝင်တွေကို ငါ လုံးဝ

ဆန့်ကျင်မှာ မဟုတ်ဘူး။ ဒါကြောင့်
မင်းကလွဲရင်
ကျန်တဲ့တပည့်တွေအားလုံးလည်း
ထွက်သွားနိုင်တယ်”

အဘိုးအိုကျူးယွမ်က ယန်ယဲ့ကို
စိုက်ကြည့်လာရင်း
"မင်းငါ့ကိုနေခိုင်းနိုင်တယ်ဆိုတာ
သေချာလား"

ဘမ်း!

ယန်ယဲ့၏ နောက်ကျောကနေ
အနက်ရောင်အတောင်ပံတစ်စုံ
ရုတ်ချည်းပွင့်အာလာသည်။ သူက
လေထဲသို့ လွင့်မျောလာပြီး
အဘိုးအိုကျူးယွမ်အား စိုက်ကြည့်ကာ
"ဒါဆို မင်းစမ်းကြည့်ချင်လား"

သူပြောပြီးသည်နှင့် တပြိုင်နက်
ချင်အမျိုးသမီးနှင့် ဓားအစေခံလီယွန် တို့က
ရှေ့သို့ လျှပ်တစ်ပြက်ရောက်လာပြီး

အဘိုးအိုလီယွန်အား နှစ်ဖက်လုံးမှ ဝိုင်းထားလိုက်ကြသည်။

အဘိုးအိုလီယွန်က လက်သီးကို ဖြည်းဖြည်းချင်း တင်းတင်းဆုပ်ထားကာ သူ၏မျက်လုံးများသည် အေးစက်စက်နှင့် သတ်ဖြတ်လိုစိတ်များ အလိပ်လိုက်ထွက်ပေါ်လာခဲ့လေသည်။

"ယန်ယဲ့..." ဖူဂျင်းရှန်က ရုတ်တရက် ရှေ့တိုးလာပြီး ပြောခဲ့သည် "နင်

တာအိုအမိန့်တော်ကို မကြောက်ဘူးဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ တာအိုအမိန့်တော်ကို တိမ်ပင်လယ်အကယ်ဒမီရဲ့ ရန်သူဖြစ်လာစေချင်တာလား။ လက်ရှိ အခြေအနေအရ တိမ်ပင်လယ်အကယ်ဒမီက ရန်သူတွေများတာ ကောင်းနိုင်ပါ့မလား"

ယန်ယွဲ့သည် ဖူဂျင်းရှန်ကို စိုက်ကြည့်ကာ "ငါမလုပ်ရင်တောင် သူတို့က ရပ်မှာမဟုတ်ဘူးလေ၊ ဟုတ်တယ်မလား"

"နင်က ချင်ဒေါင်ဖူကို သတ်လိုက်တဲ့အတွက်
သူတို့ လုံးဝရပ်တန့်မှာမဟုတ်ဘူး"
ဖူဂျင်းရှန်က သက်ပြင်းချ၍
ဆက်ပြောလိုက်သည် "ဒါပေမဲ့ ငါတို့က
လက်စားချေဖို့ ရည်ရွယ်ထားရင်တောင်
အကယ်ဒမီတစ်ခုလုံး ဒါမှမဟုတ်
ရှေးဟောင်းဓားကျောင်းတော်ကို
ဆန့်ကျင်မှာမဟုတ်ဘူး။ ဒါပေမဲ့ နင်
အကြီးအကဲကျူးယွမ်ကို သတ်ရင်
ငါ့ကိုယုံပါ။ တာအိုအမိန့်တော်ကို ချက်ချင်း

ဖက်ပြောင်းသွားလိမ့်မယ်။
ရွှေနတ်ဆိုဝံပုလွေတောင်တန်းနဲ့
ပူးပေါင်းလိုက်တာနဲ့
တိမ်ပင်လယ်အကယ်ဒမီက
သေချာပေါက်ပျက်စီးသွားမှာဘဲ"

ယန်ယဲ့သည် ခဏတာ ငြိမ်သက်သွားသည်။
ထိုအချိန်တွင် ယုဝူရှမ်က သူ့အနားသို့
လျှောက်လာကာ "ငါ သူ့ကို သေစေချင်ပေမဲ့
အခုသတ်မယ်ဆိုရင် တာအိုအမိန့်တော်က
ဒီကိစ္စကို လုံးဝလက်လွှတ်မှာမဟုတ်တာ

သေချာတယ်။ အကယ်ဒမီပဲဖြစ်ဖြစ်
ရှေးဟောင်းဓားကျောင်းတော်ပဲဖြစ်ဖြစ်
နှစ်ဖက်စလုံးက ဒီအချိန်မှာ
တာအိုအမိန့်တော်ရဲ့လက်စားချေတာကို
ခုခံနိုင်မှာမဟုတ်ဘူး"

"နင် သူ့ကို မသတ်ဘဲလွှတ်ပေးလိုက်ရင်
တိမ်ပင်လယအကယ်ဒမီနဲ့
တာအိုအမိန့်တော် တို့က
အမြဲတမ်းအဆင်ပြေနေဦးမယ်။ တကယ်လို့
သူ့ကို သတ်လိုက်ရင် တာအိုအမိန့်တော်က

တိမ်ပင်လယ်အကယ်ဒမီနဲ့

တာအိုစစ်ပွဲဆင်နွှဲမယ် ဒါမှမဟုတ်

နောက်ကွယ်ကနေ သေချာပေါက်

လုပ်ကြံလာမှာဘဲ" လုဝမ်အာက

ဆက်ပြောသည် “သူ့ကို လွှတ်ပေးလိုက်ပါ။

နင်ဒါကိုမကြိုက်ဘူးဆိုတာ ငါသိပါတယ်၊

ဒါပေမဲ့ အကယ်ဒမီနဲ့ မြို့ကလူတိုင်းအတွက်

လုပ်ပေးပါ၊ ကောင်းပြီ"

ယန်ယွဲ့သည် အချိန်အတော်ကြာ

တိတ်ဆိတ်နေပြီးမှ မြို့ထဲမှ

ကျင့်ကြံသူအုပ်ကြီးကို
တစ်ချက်ကြည့်လိုက်သည်။ သူက
ပုခုံးတွန့်ပြီး အဘိုးအိုကျူးယွမ်ကို
စိုက်ကြည့်ရင်း "ကောင်းပြီ၊ မင်း အခု
သွားလို့ရပြီ"

ဖူဂျင်းရှန် နှင့် တာအိုအမိန့်တော်၏
အခြားအဖွဲ့ဝင်များသည်
သူ့စကားအားကြားသောအခါမှသာ
သက်ပြင်းချလိုက်နိုင်ကြသည်။

လက်ရှိ ယန်ယဲ့နံဘေး၌ သိုင်းသူတော်စင် ၂

ယောက်ရှိနေသောကြောင့်

အဘိုးအိုကျူးယွမ်ကို

အသာလေးသတ်နိုင်ပေသည်။

အရေးအကြီးဆုံးကတော့

တာအိုအမိန့်တော်ဟာ

ရှေးဟောင်းဓားကျောင်းတော်၊

တိမ်ပင်လယ်အကယ်ဒမီ တို့နှစ်ခုစလုံးနှင့်

ရန်သူ ဖြစ်လာပါလိမ့်မည်။

ထိုသို့ဖြစ်လာပါက တာအိုအမိန့်တော်၊

ရှေးဟောင်းဓားကျောင်းတော် သို့မဟုတ်

တိမ်ပင်လယ်အကယ်ဒမီ အတွက်ဖြစ်စေ
မကောင်းပါ။

ကံအားလျော်စွာ ယန်ယွဲ့သည်
လက်ရှိအခြေအနေကို အလျှော့ပေးဖို့
ဆန္ဒရှိခဲ့၍သာ။

အဘိုးအိုကျူးယွမ်က ယန်ယွဲ့၊ ယုဝူရွှမ် နှင့်
လုဝမ်အာ တို့ကို အေးစက်စွာ
တစ်ချက်ကြည့်လိုက်ပြီး "ဒီနေ့ ဖြစ်ခဲ့သမျှ
အရာအားလုံးအတွက် ငါမင်းကို

အဆတစ်ရာ သေချာပြန်ဆပ်မယ်ဆိုတာ
သတိရပါ"

"အခု ပြီးသွားပြီ" ဒီစကားထွက်လာချိန်မှာ
လူတိုင်း မျက်နှာပျက်သွားကြပါပြီ။

"ဒါဆို မင်း အခုသွားစရာမလိုဘူးထင်တယ်"
ယန်ယဲ့၏အသံသည် ရုတ်ချည်းပင်
ထွက်ပေါ်လာကာ အလင်းတန်းတစ်ခုက
ကောင်းကင်ကိုဆုတ်ဖြဲ၍

အဘိုးအိုကျူးယွမ် ဆီသို့
ပစ်လွှတ်လိုက်လေသည်။

အလင်းတန်းက အလွန်ပင်လျင်မြန်ခဲ့သည်။
ချင်အမျိုးသမီး နှင့် အဘိုးအိုကျူးယွမ်
တို့ကလွဲ၍ အခြား လူသားကျင့်ကြံသူ
သို့မဟုတ် နတ်ဆိုးသားရဲများအားလုံး
ရှင်းရှင်းလင်းလင်း မမြင်နိုင်ခဲ့ပေ။

ယန်ယဲ့ တိုက်ခိုက်လာသည်ကို
မြင်သောအခါ အဘိုးအိုကျူးယွမ်၏

အမှုအရာသည် သိသိသာသာ
ပြောင်းလဲသွားသည်။
သူပြောလိုက်သောစကားကြောင့်
ယန်ယဲ့သည် စိတ်ပြောင်းသွားပြီး
ချက်ချင်းတိုက်ခိုက်ဖို့ မမျှော်လင့်ထားခဲ့ပေ။

သူသည် ပေါ့ပေါ့ဆဆ မလုပ်ဆောင်ဝံ့ဘဲ
ညာလက်ကို ဆန့်ထုတ်လိုက်သည်။ သူ့ရှေ့မှ
အာကာသဟင်းလင်းပြင်က
အလွှာလိုက်တွန့်ခေါက်လာပြီး

ထူထပ်သောအာကာသနံရံတစ်ခု ချက်ချင်း ဖြစ်ပေါ်လာပါသည်။

ဘမ်း!

ယန်ယဲ့သည်
သူ့ညာဖက်လက်ထဲတွင်ကိုင်ထားသော အဝါရောင်စမ်းရေဖြင့် အာကာသနံရံကို တရကြမ်းပိုင်းချလိုက်၏။

အုန်း!

ပေါက်ကွဲသံတစ်ခု ကျယ်လောင်စွာ
ထွက်ပေါ်လာပြီးနောက်
အထပ်ထပ်ဖြစ်နေသော
အာကာသနံရံကပေါက်ကွဲသွားကာ
အလင်းတန်းများဟာ အဘိုးအိုကျူးယွမ်
ဆီသို့ ကျရောက်လာသည်။

အဘိုးအိုကျူးယွမ်သည် မျက်ခွံများ
လှုပ်ယမ်းသွားသည်။
သူညာလက်ကိုဝှေ့ယမ်းလိုက်ရာ

လက်မောင်းလုံးခန့်ရှိသော
ငွေလုံတစ်ချောင်း ပေါ်လာသည်။ ထို့နောက်
သူသည် ဒေါသတကြီးအော်ဟစ်ပြီး
ယန်ယွဲ့၏ ဓားထိပ်ဖျားကို ငွေလုံဖြင့်
ရိုက်ချလိုက်သည်။

ဘုန်း!

ပေါက်ကွဲသံများ ဆက်တိုက်
ထွက်ပေါ်လာပြီး တိုက်မိသည့်နေရာမှ
စွမ်းအင်လှိုင်းလုံးများ ဖြာထွက်လာခဲ့သည်။

ဒီအခိုက်အတန့်တွင် ကောင်းကင်ယံသည်
ချက်ချင်းကွဲအက်သွားကာ
အာကာသဟင်းလင်းပြင်အက်ကြောင်းများ
စွာ ပြည့်နှက်သွားသည်။
ကောင်းကင်ယံအထက်၌
မြင်လိုက်ရသည်ကား အလွန်
ကြောက်စရာကောင်းသည့်
မြင်ကွင်းပင်တည်း။

ယန်ယဲ့၏ ခန္ဓာကိုယ်ကနေ
ဟင်းလင်းပြင်အဆင့်

ဓားစိတ်ဆန္ဒဖိအားများ

အဆက်မပြတ်ထွက်ပေါ်လာပြီး

အဘိုးအိုကျူးယွမ်ကို ဖိနှိပ်လိုက်သည်။

တစ်ချိန်တည်းမှာပင် အဘိုးအိုကျူးယွမ်က

ကောင်းကင်နှင့်မြေကြီး၏ စွမ်းအင်ကို

ဆွဲယူကာ ယန်ယွဲ့၏ ဓားစိဆ်ဆန္ဒဖိအားကို

တောင့်ခံထားလိုက်သည်။

ဝေါ....ဝရော....ဂျိန်း

ယန်ယဲ့၏ခြေမှ ခြေအစ်ကိုသီ
အဆက်မပြတ်ထွက်ပေါ်လာသည်။
တစ်ဖက်တွင် အဘိုးအိုကျူးယွမ်၏
လက်ထဲမှ ငွေလုံ ကတော့ ပြင်းထန်စွာ
တုန်ခါနေခဲ့သည်။

နှစ်ဖက်စလုံးမှ တိုက်ခိုက်လိုက်သည့်
စွမ်းအားဟာ
အလွန်အမင်းကြောက်စရာကောင်းပြီး
အာကာသဟင်းလင်းပြင်သည်ပင်
မခံနိုင်တော့ဘဲ ပြိုကျသွားခဲ့သည်။

ကောင်းကင်နှင့်မြေပြင်၏
တာအိုဥပဒေသများ ဖြာထွက်လာပြီး
ပြုပြင်လိုက်သော်လည်း သိပ်မကြာလိုက်ပါ၊
ပြုပြင်ပြီးသည်နှင့် အပိုင်းပိုင်းကွဲသွားသည်။

ယုဝူရှမ်က ချက်အမျိုးသမီးကို ရုတ်တရက်
စိုက်ကြည့်လိုက်ရာ ချင်က
ခေါင်းကိုဖြည်းညှင်းစွာခါလိုက်သည်။
သူမက "ငါ အခု တိုက်ခိုက်လိုက်ရင်
ကျူးယွမ်နဲ့အတူ
အာကာသလမ်းကြောင်းထဲကို ဝင်ရမှာ။

ဒါပေမဲ့ ယန်ယဲ့က မလုပ်နိုင်ဘူး။

စိတ်မပူပါနဲ့....၊ သူမကိုင်တွယ်နိုင်ရင် ငါ

သူ့ကို လက်တစ်ဖက် ငှားပေးပါ့မယ်"

ယုဝူရှမ်က ခေါင်းညိတ်လိုက်ပြီး

ကောင်းကင်ယံအထက်ကို

မော့ကြည့်လိုက်သည်။

၁၂၄၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၄၉ -

ထင်းရှူးစီရင်စုရဲ့သမိုင်းတစ်လျှောက်

တစ်ဦးတည်းသော ဒဏ္ဍာရီ

ယန်ယဲ့ နှင့် အဘိုးအိုကျူးယွမ် တို့သည် အချိန်အတော်ကြာအောင် အပြင်းအထန် တိုက်ခိုက်နေခဲ့သည်။ ဒီအချိန်မှာပဲ အဘိုးအိုကျူးယွမ်၏ ငွေလုံ့က ရုတ်တရက် ကွေးကောက်သွားသည်ကို လူတိုင်း သတိပြုမိလိုက်ကြသည်။

ဒီအခိုက်တွင်
သိုင်းသူတော်စင်တစ်ဦးဖြစ်သော
အဘိုးအိုကျူးယွမ်က ယန်ယဲ့၏
အဆက်မပြတ်ဖိနှိပ်ခြင်းကို ခံနေရကြောင်း
သိသာပေသည်။

ယန်ယဲ့သည် အဝါရောင်စမ်းရေကို
အနည်းငယ်ယမ်းလိုက်ရာ
အလင်းတန်းတစ်ခု ပြေးထွက်လာပြီး
အဘိုးအိုကျူးယွမ်၏ ရင်ဘတ်ကို

ရိုက်ခတ်လာသည်။ တစ်ချိန်တည်းမှာပဲ အဘိုးအိုကျူးယွမ်၏ ငွေလှံက ယန်ယဲ့၏ ရင်ဘတ်ကို ထိုးသွင်းသွားခဲ့သည်။

ဘမ်း! ဘမ်း!

ပေါက်ကွဲသံ ၂ ချက်

ဆက်တိုက်ထွက်ပေါ်လာသည်။ယန်ယဲ့သည် မီတာ ၃၀၀ အကွာထိလွင့်ပျံသွားပြီး အဘိုးအိုကျူးယွမ် ကတော့ မီတာ ၃၀ လောက်သာ နောက်ပြန်ဆုတ်သွားရသည်။

သို့သော်လည်း အဘိုးအိုကျူးယွမ်၏
ရင်ဘတ်၌ ဓားဒဏ်ရာတစ်ချက်ရှိနေပြီး
ယန်ယဲ့သည် မည်သည့်ဒဏ်ရာမျှ မရခဲ့ပေ။
ထိုအရာက ဓားချပ်ဝတ်ကြောင့်ပါ။

သူ့တွင် ဓားချပ်ဝတ် သာမရှိပါက
ယန်ယဲ့အနေနှင့် သိုင်းသူတော်စင်တစ်ဦး၏
ခွန်အားအပြည့်တိုက်ခိုက်မှုကို
ခုခံနိုင်မည်မဟုတ်ပေ။ သူ၏ရုပ်ခန္ဓာက
ကြောက်မက်ဖွယ်ကောင်းသော်လည်း

သိုင်းသူတော်စင်တစ်ဦးနှင့်
ထိပ်တိုက်ရင်ဆိုင်ဖို့တော့ မလုံလောက်ပေ။

ယန်ယဲ့၏ ပါးစပ်ထောင့်များသည်
အပြုံးတစ်ခုနှင့်အတူ အနည်းငယ်
တွန့်ကွေးသွားသည်။ သူသည်
ရှေးဟောင်းဓားကျောင်းတော်မှ
ပေးအပ်ထားသည့်
နတ်ဘုရားအဆင့်လက်နက်များဖြင့်
သိုင်းသူတော်စင်တစ်ဦးကို

လုံးလုံးလျားလျား
တိုက်ခိုက်နိုင်စွမ်းရှိခဲ့သည်။

ဒီအခိုက်အတန့်တွင် အဘိုးအိုကျူးယွမ် က
တော့ မျက်နှာထက် ရက်စက်သော
အမူအရာတစ်ခု ရှိနေသည်။ အမှန်စင်စစ်
သူသည်
အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်
ပုရွက်ဆိတ်တစ်ကောင်ကြောင့်
ဒဏ်ရာရသွားလိမ့်မည်ဟု
မထင်ထားခဲ့မိပေ။ ဒီအခြေအနေက

သူ့အတွက် လုံးဝကို
အရှက်ရစရာပင်ဖြစ်သည်။

လေထုထဲတွင် အော်ရာများ
အဆက်မပြတ်တိုက်ခိုက်ပြီး
ကောင်းကင်ယံတစ်ခုလုံး ပြိုကျလုနီးပါးပင်။

"ယန်ယွဲ့၊ မင်းက ဘယ်လောက်
ထက်မြက်တဲ့ပါရမီရှင်လဲဆိုတာကို
ကြည့်ပါရစေ" ထိုအခိုက်
အဘိုးအိုကျူးယွမ်၏ အသံသည်

မိုးချိန်းသံကဲ့သို့ ပဲ့တင်ထပ်လာကာ
ကောင်းကင်ယံအထက်ကနေ
ရောမလက်ဖဝါးကြီးတစ်ဖက်
ဆင်းသက်လာပါတော့သည်။

"ငါတို့ထဲက တစ်ယောက်သာ ဒီတိုက်ပွဲမှာ
အသက်ရှင်နိုင်မယ်"ယန်ယဲ့သည်
ကျယ်လောင်စွာအော်ဟစ်လိုက်ပြီးနောက်
စူးရှသောဓားအူသံထွက်လာကာ
ဓားအလင်းတန်းတစ်ခုကို

ရောမလက်ဝါးကြီး ဆီသို့
ပစ်လွှတ်လိုက်သည်။

ဂျိန်း!

ထို့နောက် ဓားအလင်းတန်းများစွာ
ဖြာထွက်လာပြီး ရောမလက်ဝါးကြီးကို
ထိမှန်သွားကာ ပေါက်ကွဲသံကြီး
ထွက်ပေါ်လာသည်။
တိုက်မိသည့်နေရာတစ်ဝိုက်ရှိ
အာကာသဟင်းလင်းပြင်သည်

ချက်ချင်းကွဲအက်သွား၏။
စွမ်းအင်လှိုင်းလုံးများက
တလိမ့်လိမ့်တက်လာကာ
ကောင်းကင်ယံတစ်ခုလုံးကို
တိုင်လုံးများသဖွယ် ထူထပ်စွာ
ဖုံးလွှမ်းသွားသည် ။

အဘိုးအိုကျူးယွမ်၏တိုက်ခိုက်မှုသည်
အာကာသဟင်းလင်းပြင်ကို
အက်ကွဲကြောင်းများစတင်ထပ်လာစေကာ
ယန်ယဲ့၏ တိုက်ခိုက်မှုဟာ တဖြည်းဖြည်း

မှိန်ဖျော့သွားပြီး လေထဲ၌
ရှေ့မတိုးနောက်မဆုတ်သာဖြစ်သွားသည်။

ကောင်းကင်ယံအထက်ကား ခဏတာ
တိတ်ဆိတ်သွားသလိုပင် ။

ထို့နောက်....

အောင်း...!

ယန်ယဲ့ ဝတ်ဆင်ထားသည့်
ဓားချပ်ဝတ်တန်ဆာသည် ရုတ်တရက်
ကွဲထွက်သွားပြီးနောက်
မရေမတွက်နိုင်သော ဓားမြှောက်စွာ
ပျံ့ထွက်လာပြီး အဘိုးအိုကျူးယွမ်၏
တိုက်ခိုက်မှုကို ချေမှုန်းပစ်လိုက်သည်။

ဆူး!

လူတိုင်း ဒီမြင်ကွင်းကို ငေးမောနေချိန်မှာပဲ
အပ်အရွယ်ဓားမြှောက်များစွာက

ရောမလက်ဝါးကြီးအား
ထိုးဖောက်သွားသည်ကို
မြင်လိုက်ကြရသည်။

ထိုခဏလေးမှာပဲ လက်ဝါးကြီးတစ်ခုလုံး
အပေါက်များ ပေါက်သွားသည် ။

ထိုအချိန်တွင် ယန်ယွဲ့သည် ရုတ်တရက်
ဒေါသတကြီးအော်ဟစ်ကာ
အဝါရောင်စမ်းရေကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်၍ ရောမလက်ဝါးကြီးအား
ကြမ်းတမ်းစွာခုတ်ပိုင်းချလိုက်လေသည်။

ဘမ်း!

ယန်ယဲ့၏ပုံရိပ်သည်လည်း
အဝါရောင်စမ်းရေနှင့်အတူ
လိုက်ပါသွားသည်။

ဖောင်း!

ရောမလက်ဖဝါးကြီးသည် ကွဲအက်သွားပြီး
မရေမတွက်နိုင်သော စွမ်းအင်လှိုင်းလုံးများ
ပေါက်ကွဲထွက်လာသည်။
တခဏအတွင်းမှာပင်
စွမ်းအင်လှိုင်းလုံးများသည်
ကောင်းကင်ယံတစ်ခုလုံးကို ပြန့်နှံ့သွားကာ
အာကာသဟင်းလင်းပြင်ကိုပါ
ရိုက်ခတ်သွားခဲ့သည်။
အာကာသဟင်းလင်းပြင်သည်
အဆက်မပြတ်တုန်ခါနေကာ

မည်သည့်အချိန်တွင်မဆို
ကွဲအက်သွားတော့မည်ဟုပင် ထင်ရ၏။

သို့သော်လည်း ထိုအခိုက်တွင် ယန်ယွဲ့၏
ဓားမှ အလင်းတန်းပေါင်း ရာချီ
ထွက်ပေါ်လာပြီး စွမ်းအင်လှိုင်းလုံးများကို
အပိုင်းပိုင်းခွဲထုတ်ပစ်လိုက်လေသည်။

အလင်းတန်းများသည်
ကောင်းကင်ယံတစ်ခုလုံး၌ အလျားလိုက်နှင့်
ဒေါင်လိုက် လျှပ်တပြက် လင်းလက်နေပြီး

အာကာသင်းလင်းပြင် သည် ထပ်ခါထပ်ခါ
ကွဲအက်နေသလို ဆက်တိုက်
ပေါက်ကွဲသံများပါ လိုက်ပါလာခဲ့သည်။

ဒီအခိုက်အတန့်တွင် လူတိုင်းက
ကောင်းကင်ယံအထက်ကို
မော့ကြည့်နေကြသည်။ အကြောင်းမှာ
အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်
တစ်ဦးက သိုင်းသူတော်စင်နှင့်
သေခြင်းရှင်ခြင်းတိုက်ပွဲ ဆင်နွှဲ
နေသောကြောင့်ပင်။

ယန်ယဲ့ဟာ ဒီနေ့တိုက်ပွဲတွင်
အနိုင်ရသည်ဖြစ်စေ ရှုံးသည်ဖြစ်စေ
သူ၏နာမည်ဂုဏ်သတင်းက ထင်းရှူး
စီရင်စုတစ်ခုလုံးကို သေချာပေါက်
တုန်လှုပ်သွားစေပါလိမ့်မည်။ ထို့အပြင်
ယန်ယဲ့ ဟူသောနာမည်က စီရင်စု၏
မဟာထိပ်သီးပါရမီရှင် ၅ ဦး
ထက်ပင်သေချာပေါက်
ကျော်တက်သွားပေမည်။

ထင်းရှူးစီရင်စု၏ အတိတ်ကာလ နှစ်ပေါင်း (၁၀,၀၀၀) သို့မဟုတ် ထောင်စုနှစ် ၁၀ ခုစာအတွင်း ယန်ယွဲ့သည်သာ သိုင်းသူတော်စင်တစ်ဦးကို တိုက်ရိုက်စိန်ခေါ်သည့် တစ်ဦးတည်းသော သူတော်စင်တစ်ပိုင်းအဆင့် ဖြစ်သည်။

အကယ်၍ ယန်ယွဲ့ သာ အနိုင်ရခဲ့ပါက သူသည် ထင်းရှူးစီရင်စုသမိုင်းတွင် သိုင်းသူတော်စင်တစ်ဦးကို အနိုင်ယူနိုင်သော ပထမဆုံး သူတော်စင်တစ်ပိုင်းအဆင့် ဖြစ်ပါလိမ့်မည်။

"ယန်ယဲ့ အနိုင်ရမှာလား ဒါမှမဟုတ် သေမှာလား..."

ယုဝူရှမ်သည် မြို့ရိုးပေါ်တွင် ရပ်ကာ ကောင်းကင်ယံအထက်ကို အကြာကြီး စိုက်ကြည့်နေသည်။ရုတ်တရက် သူမက နံဘေးတွင်ရပ်နေသော မေ့လျော့ခြင်းကေရီကို စိုက်ကြည့်ကာ "သူက အရမ်းသန်မာတယ် မဟုတ်လား"

မေ့လျော့ခြင်းကေရီက ယုဝ္ဝရှမ်ကို တစ်ချက်ကြည့်ပြီးနောက် သူမ၏ အကြည့်များသည် မြေခွေးဖြူလေး ဆီသို့ ပြန်ရောက်သွားခဲ့သည်။ သူမက “ဒါက အဆင်ပြေပါတယ်” ဟုသာ တိုးတိုးလေးပြောသည် ။

ယုဝ္ဝရှမ်၏ မျက်လုံးများသည် ကျဉ်းမြောင်းသွားပြီး မေ့ချော့ခြင်းကေရီကို အချိန်အတော်ကြာ စိုက်ကြည့်နေခဲ့သည် ။

ဘမ်း!

ထိုအချိန်မှာပဲ ကောင်းကင်တခွင်လုံး
အာကာသဟင်းလင်းပြင်များ ရုတ်ချည်းပင်
ပေါက်ကွဲထွက်ပြီး
ရောမတွင်းနက်ကြီးတစ်ခု လူတိုင်း၏
မျက်လုံးရှေ့မှာ ပေါ်လာခဲ့သည်။
ထို့နောက်တွင်တော့ ပုံရိပ်တစ်ခုဟာ
ကောင်းကင်ကနေ ပြုတ်ကျလာပါသည်။
အဆိုပါပုံရိပ်က မြေပြင်နှင့် ရိုက်ချခါနီးတွင်
၎င်း၏နောက်ကနေ

အနက်ရောင်အတောင်ပံတစ်ခု ရုတ်တရက်
ထွက်ပေါ်လာပြီး ချက်ချင်းဆိုသလို
ရပ်တန့်သွားပါတော့သည်။

"ဒါက ယန်ယွဲ့ဘဲ..."

ဒီအချိန်မှာ ယန်ယွဲ့၏ မျက်နှာသည်
ဖြူဖျော့နေပြီး ပါးစပ်ထောင့်မှ သွေးများ
စိမ့်ထွက်နေသည်။
ထို့အပြင် လက်ရှိ သူ့ခန္ဓာကိုယ်ကနေ
ထွက်ပေါ်နေသော ဓားစိတ်ဆန္ဒက

အလွန်ကြမ်းကြုတ်ပြီး
ပရမ်းပတာဖြစ်နေပုံသည်။

"ယန်ယဲ့ ရှုံးသွားပြီလား..."

လူတိုင်း၏ စိတ်ထဲ၌ ဒီလိုအတွေးမျိုးသာ
ပေါ်လာကြသည်။

သို့သော် ဒီအခိုက်အတန့်မှာ
ကောင်းကင်ယံအထက်မှ စွမ်းအင်များ
ရုတ်တရက် ကျဆင်းလာသည်။

ဒီမြင်ကွင်းကြောင့် လူတိုင်း
ခဏကြာအံ့အားသင့်သွားကြ၏။
သို့သော်လည်း အားလုံးက
သိပ်မကြာလိုက်ဘဲ မျက်လုံးများ
အဆမတန် ပြူးကျယ်သွားခဲ့၏။ သူတို့၏
မျက်လုံးများဟာ အံ့သြမှု၊
မယုံကြည်နိုင်မှုတို့ဖြင့် ပြည့်နှက်နေခဲ့သည်။
ကောင်းကင်ယံအထက်ကနေ
မိုးရွာချသကဲ့သို့ ကျဆင်းလာသော
စွမ်းအင်များက ဝိညာဉ်စွမ်းအင်ဖြစ်ခဲ့သည်။

"သိုင်းသူတော်စင်ကျူးယွမ် သေပြီ..."

"ယန်ယဲ့က သိုင်းသူတော်စင်တစ်ယောက်ကို ထိပ်တိုက်ရင်ဆိုင်ပြီး သတ်လိုက်တယ်...."

ဒီအခိုက်အတန့်တွင် တိမ်ပင်လယ်မြို့ထဲရှိ မရေမတွက်နိုင်သော လူများက တာအိုအမိန့်တော်၏ တပည့်များအားလုံး မျက်နှာများ ဖြူဖျော့နေသည်ကို သတိထားမိကြသည်။

" ထင်းရှူးစီရင်စုရဲ့သမိုင်းမှာ
သိုင်းသူတော်စင်တစ်ဦးကို သတ်နိုင်တဲ့
ပထမဆုံး သူတော်စင်တစ်ပိုင်းအဆင့်ဘဲ"
ယန်ယွဲ့ကို စိုက်ကြည့်နေရင်း
ချင်အမျိုးသမီး၏မျက်လုံးများသည်
ထိတ်လန့်မှုဖြင့် ပြည့်နှက်နေသည်။
သိုင်းသူတော်စင်အဆင့်ကို တက်
လှမ်းပြီးနောက်တွင် သိုင်းသူတော်စင် နှင့်
သူတော်စင်တစ်ပိုင်းအဆင့်ကြားက
ကွာဟချက်ကို ပိုမိုနားလည်ခဲ့ရသည်။

သို့သော် ယခုအချိန်တွင်မူ သူမ ရှေ့က
မြင်ကွင်းကြောင့်
အကြီးအကျယ်ထိတ်လန့်သွားခဲ့၏။
ဒီအခိုက်အတန့်မှာ
သိုင်းသူတော်စင်အဆင့်သို့တက်လှမ်းပြီး
နောက် သူမ၏စကားအတိုင်း တည်ဖို့
ဆုံးဖြတ်လိုက်ခြင်းအား
ကံကောင်းသလိုခံစားမိသည်။

ယန်ယဲ့၏ ကြောက်စရာကောင်းသော
ခွန်အားနှင့် သဘာဝစွမ်းရည် အပေါ်

အခြေခံ၍ သိုင်းသူတော်စင်အဆင့်
သို့တက်လှမ်းဖို့ဟာ သူ့အတွက်
ခက်ခဲမည်မဟုတ်ပေ။ အကယ်၍များ
ယန်ယွဲ့ သာ သိုင်းသူတော်စင် ဖြစ်သွားပါက
မည်မျှထိ ကြောက်စရာကောင်းမည်နည်း။

"ဒါကိုတွေ့လား... အဲဒါကိုတွေ့လား။
သိုင်းသူတော်စင်တွေတောင်
နည်းပြဆရာယန် ကို မယှဉ်နိုင်ဘူး။
ဟားဟား"

"ဒီနေ့ကစပြီး ထင်းရှူးစီရင်စုမှာ
မဟာထိပ်သီးပါရမီရှင် ၅
ယောက်ရှိတော့မှာမဟုတ်ဘူး။
မဟာထိပ်သီးပါရမီရှင်က ယန်ယဲ့
ပဲရှိတော့မှာ။ ဘယ်သူကများ ယန်ယဲ့ ရှေ့မှာ
သူ့ကိုယ်သူ ပါရမီရှင်တစ်ယောက်လို့
ခေါ်ဝံ့မှာလား။ ဒီလိုဘွဲ့ဂုဏ်ပုဒ်မျိုးနဲ့
ထိုက်တန်တဲ့သူ ရှိမလား"

"နည်းပြဆရာယန် ဟာ ဒီနေ့စကလို့ ထင်းရှူးစီရင်စုရဲ့ လူငယ်မျိုးဆက်မှာ နံပါတ် (၁) ကျွမ်းကျင်သူ ဘဲ"

“လူငယ်မျိုးဆက်ရဲ့ ရှားပါးပါရမီရှင်။ သူက ငါတို့ထင်းရှူးစီရင်စုရဲ့ သမိုင်းတစ်လျှောက်မှာ သိုင်းသူတော်စင်တစ်ယောက်ကို သတ်နိုင်တဲ့ ပထမဆုံး သူတော်စင်တစ်ပိုင်းအဆင့်ဘဲ။ ယန်ယဲ့

ရဲ့နာမည်က ငါတို့ထင်းရှူးစီရင်စုရဲ့
ထာဝရဒဏ္ဍာရီဖြစ်လာမှာ သေချာတယ်”

"မှန်တယ်၊ တာအိုအမိန့်တော်နဲ့
ဟိုလူမိုက်ကောင်ကျူးယွမ် တို့ရဲ့
နာမည်တွေက ထင်းရှူးစီရင်စုရဲ့သမိုင်းမှာ
ကျဆင်းသွားပြီ"

တာအိုအမိန့်တော်၏ တပည့်များကလွဲ၍
အခြားသော လူသားကျင့်ကြံသူများ

အားလုံးသည် အရူးများကဲ့သို့ အော်ဟစ်ကာ ရွှင်မြူးစွာ အော်ဟစ်နေကြသည်။

ဒီအခိုက်အတန့်တွင် သူတို့သည် တစ်ချိန်က စိတ်ပျက်အားငယ်မှုများနှင့် ပြည့်နှက်နေသော မျက်နှာအမူအရာများ မရှိတော့ပေ၊ ထိုအစား လူတိုင်း၏ မျက်နှာက မျှော်လင့်ချက်အရိပ်အယောင်များဖြင့် ဝင်းလက်နေကြသည်။

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၅၀ - နောက်ထပ်

စိတ်ဝိညာဉ်ကိုလောင်ကျွမ်းခြင်း

အခြားတစ်ဖက်တွင်မူ

နတ်ဆိုးသားရဲစစ်တပ်ကြီး ကတော့

ယန်ယဲ့ကို ထိတ်လန့်ကြောက်ရွံ့နေသော

မျက်လုံးများဖြင့် ကြည့်နေကြသည်။

နတ်ဆိုးသားရဲများသာမကဘဲ

ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
နတ်လေးတပ်ဖွဲ့ သည်ပင် ယန်ယဲ့ကို
ကြောက်ရွံ့သောမျက်လုံးများဖြင့်
ကြည့်နေကြသည်။

နောက်ဆုံးတွင် ဒီလိုအဖြစ်အပျက်များနှင့်
လုပ်ဆောင်နိုင်စွမ်းက
ဗဟိုနတ်ဘုရားစီရင်စုတွင်သာ
ဖြစ်ပွားခဲ့သည်။ ယခုအချိန်တွင်မူ
မယုံနိုင်စရာအဖြစ်အပျက်က
သူတို့မျက်စိရှေ့တွင် ပေါ်လာခဲ့သည်။

သိုင်းသူတော်စင်တစ်ယောက်က
သူတော်စင်တစ်ပိုင်းအဆင့်၏
လက်ချက်ဖြင့်
အသတ်ခံလိုက်ရသည့်မြင်ကွင်းဟာ
မည်မျှကြောက်စရာကောင်းပါသနည်း။

ဘောင်း!

ရုတ်တရက်ဆိုသလိုပဲ ကျယ်လောင်သော
ပေါက်ကွဲသံကြီးတစ်ခု
ကောင်းကင်ယံအထက်မှ ပဲ့တင်ထပ်ကာ

နောက်ထပ် ဝိညာဉ်စွမ်းအင်များ
ကျဆင်းလာပါသည်။

"နောက်ထပ် သိုင်းသူတော်စင်တစ်ယောက်
ကျဆုံးသွားပြီ"

လူသားများနှင့် နတ်ဆိုးသားရဲများအားလုံး
ကောင်းကင်ယံအထက်သို့
မျှော်ကြည့်ကြသည်။ "
အဲဒီသိုင်းသူတော်စင်က ဘယ်ဖက်ကလဲ"

အချိန်တော်တော်ကြာသွားပြီးနောက်
တိမ်ပင်လယ်မြို့အထက် လေထုထဲ၌
အဘိုးအို ၂ ယောက် ပေါ်လာခဲ့သည်။

၎င်းတို့ထဲမှ တစ်ဦးမှာ
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
အကြီးအကဲမို ဖြစ်ပြီး ကျန်တစ်ဦးက ဌာနမှူး
ရှန်းယွန်ရှီ ဖြစ်သည်။

ဒီမြင်ကွင်းကို မြင်လိုက်သော်
တိမ်ပင်လယ်အကယ်ဒမီ၏ တပ်ဖွဲ့များ နှင့်
မြို့ထဲမှ လူသားကျင့်ကြံသူများအားလုံး

နောက်တစ်ကြိမ် ထပ်၍
အော်ဟစ်လိုက်ကြသည်။

“ဌာနမှူးက သိုင်းသူတော်စင် ၂ ယောက်ကို
သူတစ်ယောက်တည်းနဲ့ တိုက်ခိုက်ရင်း
သိုင်းသူတော်စင်တစ်ယောက်ကို
သတ်လိုက်တယ်။ ဌာနမှူးရှန်း က
အစွမ်းထက်လိုက်တာ။ ဌာနမှူး
အောင်မြင်ပါစေ"

"ဟားဟား! ဗျာနမူးရှန်းက အရမ်းကြောက်စရာကောင်းနေတာကို သိနေတာတောင် ကောင်းကင်ဘုံနတ်ဘုရားခန်းမက ကိုယ့်ကိုယ်ကို အထင်ကြီးပြီး တိုက်ခိုက်ဝံ့တယ်။ ဒါ သူတို့ကိုယ်သူတို့ သေလမ်းရှာတာလေ"

......

ထိုအချိန်တွင် ရှန်းယွန်ရှီက ယန်ယဲ့ကို ငုံ့ကြည့်ပြီး ပေါ့ပေါ့ပါးပါး

ခေါင်းညိတ်လိုက်သည် "မင်းငါ့ကို စိတ်မပျက်စေဘူးဆိုတာ ငါသိတယ်"

"မင်းငါ့ကိုသတ်လုနီးပါးဘဲ" ယန်ယွဲ့က ဒေါသတကြီးပြောလိုက်သည်။ နောက်ဆုံးတွင် အနှိုလူအိုကြီးက သူ့ကို လှည့်စားပြီး နတ်မိစ္ဆာဝက်ဝံကလန်သို့ သွားခိုင်းသည့်ကိစ္စကို မမေ့သေးပေ။

ရှန်းယွန်ရှီက ပြုံးပြီး "ငါ မင်းကို လျော်ကြေးပေးမယ်"

ယန်ယဲ့၏ မျက်လုံးများသည်
တောက်ပလာပြီး "ဘယ်လိုလဲ"

ရှန်းယွန်ရှီက "ဒီလိုဆိုရင်ကော...၊ ငါ့မြေးကို
မင်းလက်ထဲထည့်ပေးမယ်လေ၊
ဘယ်လိုလဲ"

ဒီစကားကို ကြားလိုက်ချိန်တွင်
ရှန်ချင်းယင်က ဒေါသတကြီးအမူအရာဖြင့်
ရှန်းယွန်ရှီကို စိုက်ကြည့်နေသည်။

ယန်ယဲ့သည် ပါးစပ်ထောင့်များ တုန်လှုပ်သွားပြီး "အဘိုးကြီး၊ မင်းက ငါ့ကို မုန်းတီးနေတာဘဲ"

"နှစ်ယောက်လုံးပြီးပြီလား" ထိုအချိန်တွင် ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏ အကြီးအကဲမို က "ရှန်းယွန်ရှီ၊ ငါတို့ မင်းကို လျှော့တွက်ခဲ့တယ်။ ဒါပေမဲ့ ငါတို့ရဲ့ သိုင်းသူတော်စင်တစ်ယောက်ကို သတ်လိုက်နိုင်ရုံနဲ့က တိမ်ပင်လယ်အကယ်ဒမီလုံခြုံသွားပြီလို့ထ

င်နေတာလား။ ဒါဆိုရင် မင်းက
အိပ်မက်မက်နေတာပဲလို့ ငါပြောပါရစေ။
ဒီနေ့ မင်းကိုဘယ်သူမှဝင်မကူနိုင်ဘူး၊
တိမ်ပင်လယ်အကယ်ဒမီက သေချာပေါက်
ဖျက်ဆီးခံရမှာ"

ရှန်းယွန်ရှီက အေးစက်စွာပြောလိုက်သည်
"မင်း ခုနက ဒီလိုစကားမျိုးပြောနေတာကို
ငါမှတ်မိနေသေးတယ်"

"ဒါက နောက်ဆုံးအကြိမ်ဖြစ်လိမ့်မယ်! ငါအာမခံတယ်"

ထိုစကားများကိုပြောလိုက်သူက အကြီးအကဲမို မဟုတ်ဘဲ သူနံဘေးတွင် ရုတ်တရက်ပေါ်လာခဲ့သော မျက်နှာဖုံးစွပ်လူတစ်ဦးသာဖြစ်သည်။ ထိုလူသည် ရွှေအိုရောင်ဝတ်ရုံကို ဝတ်ဆင်ထားပြီး လက်နှစ်ဖက်ကို နောက်ပစ်ထားကာ သူ့ထံကနေ လူတိုင်း၏ နှလုံးသားကို တုန်လှုပ်စေသည့်

ကြောက်မက်ဖွယ်ကောင်းသော
အရှိန်အဝါတစ်ခု ထွက်လာသည်။

မျက်နှာဖုံးစွပ်လူ စကားပြောပြီးသည်နှင့်
အနက်ရောင် ဝတ်ရုံအမျိုးသား ၃ ဦးက
တိမ်ပင်လယ်မြို့ပတ်ပတ်လည်
ကောင်းကင်ယံ၌ ပေါ်လာသည်။

"သိုင်းသူတော်စင်! သူတို့အားလုံးဟာ
သိုင်းသူတော်စင်တွေလား"

စိတ်ပျက်အားငယ်မှုက မြို့ထဲမှ လူတိုင်း၏မျက်နှာကို ဖုံးလွှမ်းသွားသည်။

ယန်ယွဲ့သည်လည်း မျက်လုံးများ ကျဉ်းမြောင်းလာသည်။ သိုင်းသူတော်စင် ၄ ပါး ရုတ်တရက်ကြီး ပေါ်လာလိမ့်မယ်လို့ သူလည်း မမျှော်လင့်ထားပေ။ ထိုသို့ဆိုလျှင် အကြီးအကဲမို ပြောသည့်အတိုင်း တိမ်ပင်လယ်အကယ်ဒမီက သေချာပေါက် ဖျက်ဆီးခံရမည်ဖြစ်သည်။

“ငါက ကိုယ်တိုင်လုပ်ဖို့ မရည်ရွယ်ပါဘူး။ ဒါပေမဲ့ အခုတော့ ငါ့မှာ တခြားရွေးချယ်စရာ မရှိတော့သလိုဘဲ" မျက်နှာဖုံးစွပ်ထားသူက “တိမ်ပင်လယ်အကယ်ဒမီကို ဒီနေ့ ဖျက်ဆီးပစ်ရမယ်” ဟု ဆက်ပြောပါသည်။

ရှန်းယွန်ရှိက မျက်နှာဖုံးစွပ်ထားသောလူကို စိုက်ကြည့်ကာ "မင်းက သမင်ဖြူအကယ်ဒမီက မဟုတ်လား"

မျက်နှာဖုံးစွပ်ထားသူက
“မင်းဘယ်လိုထင်လဲ” ဟုပြန်ဖြေသည်။

ရှန်းယွန်ရှီက
မျက်လုံးများကိုမှိတ်ထားလိုက်သည်။
အချိန်အတော်ကြာမှ ရုတ်တရက်
မျက်လုံးဖွင့်လိုက်ပြီး ယန်ယဲ့ကို
လက်ညှိုးထိုးပြကာ “ဒီနေ့ကစလို့
ယန်ယဲ့ဟာ တိမ်ပင်လယ်အကယ်ဒမီရဲ့
ဌာနမှူးအသစ်ဘဲ။ မင်းတို့ကို အကယ်ဒမီက

ပိုင်သရွေ့ အားလုံး သူ့အမိန့်ပဲ ခြွင်းချက်မရှိ နာခံရမယ်”

ထိုစကားပြောပြီးသည်နှင့် ရှုန်းယွန်ရှီက လက်နှစ်ဖက်ကို မြှောက်လိုက်ရာ ပတ်ပတ်လည်ရှိ အာကာသဟင်းလင်းပြင်က ကွဲထွက်သွားပါတော့သည်။

ကောင်းကင်နှင့်မြေပြင်ကိုပင် ချေမှုန်းပစ်နိုင်သည့် စွမ်းအင်လှိုင်းလုံးများက

သူ့ခန္ဓာကိုယ်အတွင်းမှ ပေါက်ကွဲထွက်ကာ
မျက်နှာဖုံးစွပ်လူနှင့်
အခြားအနက်ရောင်ဝတ်ရုံ သိုင်းသူတော်စင်
၃ ဦးဆီသို့ ချက်ချင်း
ပစ်လွှတ်လိုက်ကြသည်။

"မင်းက ငါတို့ ၄ ယောက်ကို
တစ်ယောက်တည်း တိုက်ခိုက်ဖို့
ရည်ရွယ်ထားတာလား။ ကိုယ့်ကိုကိုယ်
အထင်ကြီးလွန်းနေတာဘဲ။ ကောင်းတယ်...
မင်းကသေချင်နေလို့ မင်းရဲ့ဆန္ဒကို

ငါဖြည့်ဆည်းပေးမယ်" မျက်နှာဖုံးစွပ်လူက အေးစက်စက် ပြောလိုက်သည်။ ထို့နောက် မျက်နှာဖုံးစွပ်လူ နှင့် အနက်ရောင်ဝတ်ရုံ သိုင်းသူတော်စင် ၃ ဦးက ရှန်းယွန်ရှီ နှင့်အတူ အာကာသလမ်းကြောင်းထဲသို့ ဝင်ရောက်သွားကြတော့သည်။

ပတ်ဝန်းကျင်သည် အခိုက်အတန့် တိတ်ဆိတ်သွားပြီးနောက် မျက်နှာဖုံးစွပ်လူ၏ ထိတ်လန့်တုန်လှုပ်နေသော အော်ဟစ်သံ အပေါ်ဖက်မှ ရုတ်တရက်

ပွဲတင်ထပ်လာလေသည်။
“ဝိညာဉ်လောင်ကျွမ်းခြင်း။ ရှန်းယွန်ရှီ၊ မင်း
ရူးသွားပြီလား။ လူမိုက်၊ မင်း က
ကိုယ့်ကိုကိုယ် ဖောက်ခွဲနေတာဘဲ"

ဂျိန်း....ဂျိန်း...ဘမ်း....

ရောမပေါက်ကွဲသံကြီး
ဆက်တိုက်ထွက်ပေါ်လာပြီးနောက်
ကောင်းကင်ယံတစ်ခုလုံးဟာ

ချက်ချင်းဆိုသလိုပင်
အရောင်မှိန်ဖျော့သွားပါတော့သည်။

“မဟုတ်ဘူး” ရှန်ချင်းယင်က ရုတ်တရက်
ဝမ်းနည်းပူဆွေးစွာ အော်ဟစ်
လိုက်လေသည်။ ထို့နောက်
ကောင်းကင်ယံအထက်သို့
ခုန်တက်လိုက်၏။ သို့သော်လည်း ယုဝူရှမ်
နှင့် လုဝမ်အာ တို့က သူမကို
ဝိုင်းဆွဲထားကြသည်။

ကျောင်းသူကျောင်းသားများနှင့် အခြား လူသားကျင့်ကြံသူတိုင်းလည်း ကောင်းကင်ယံအထက်သို့ မော့ကြည့်နေကြ၏။ သူတို့၏ မျက်လုံးများတွင် မယုံကြည်နိုင်စရာများဖြင့် ပြည့်နှက်နေပါသည်။

"ဘုန်းမှူးက သူ့ဝိညာဉ်ကို လောင်ကျွမ်းလိုက်တာလား။ သူ့ကိုယ်သူ ဖောက်ခွဲခဲ့တာလား"

အားလုံး ဒီစကားမမှန်ပါစေနှင့်ဟုသာ
ဆုတောင်းနေကြပါသည်။

ယန်ယဲ့ ကတော့ မျက်လုံးထဲ၌
အနည်းငယ်ထိတ်လန့်တုန်လှုပ်မှုများ
ပေါ်လာ၏။

စွမ်းအားပေါက်ကွဲအားနှင့်
ကောင်းကင်ယံအထက်၌ ဖြာထွက်လာသော
အဖျက်စွမ်းအားကြောင့်
တစ်စုံတစ်ယောက်က သူ့ကိုယ်သူ
ဖောက်ခွဲခဲ့သည်မှာ သိသာပေသည်။

ထို့အပြင် ထိုလူက ရှန်းယွန်ရှီ
ဖြစ်နေကြောင်း
အလိုလိုသိနေသောကြောင့်ပင်။

ဝိညာဉ်ကိုလောင်ကျွမ်းပြီး ကိုယ့်ကိုယ်ကို
ဖောက်ခွဲလိုက်သည်ဖြစ်ရာ ရှန်းယွန်ရှီက
ဒီကမ္ဘာကနေ ထာဝရပျောက်ကွယ်သွားပြီဟု
ဆိုလိုပါသည်။

"ဌာနမှူးရှန်း ကိုတောင်
သူ့ကိုယ်သူဖောက်ခွဲဖို့

ပြတ်ပြတ်သားသား ရွေးချယ်ရတဲ့အထိ ဖိအားပေးနိုင်တာဆိုတော့ ဒီသိုင်းသူတော်စင် ၄ ယောက်ရဲ့နောက်ခံက ဘာလဲ"

ဒီအခိုက်အတန့်တွင် ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏ အကြီးအကဲမို လည်း ထိတ်လန့်သွားသည်။ ရှန်းယွန်ရှီက စိတ်ဝိညာဉ်ကိုလောင်ကျွမ်း၍ သူ့ကိုယ်သူ ဖောက်ခွဲဖို့ကို မထင်ထားခဲ့ပေ။ အမှန်တော့ သိုင်းသူတော်စင်တစ်ဦးဟာ

စိတ်ဝိညာဉ်ကို လောင်ကျွမ်း၍ သူ့ကိုယ်သူ
ဖောက်ခွဲဖို့ ရွေးချယ်ခဲ့ပါက ၎င်းဟာ
လောကတစ်ခုလုံးကနေ
ထာဝရပျောက်ကွယ်သွားခြင်းနှင့်အတူတူပ
င်။ စိတ်ဝိညာဉ်
ပျောက်ကွယ်သွားသောကြောင့်
ပြန်လည်ဝင်စားဖို့လည်း မဖြစ်နိုင်ပေ။
ထို့ကြောင့် သူ့စိတ်ထဲ ရှန်းယွန်ရှီက
ရူးသွပ်သွားခဲ့သလားဟုပင် တွေးမိခဲ့သည်။

အချိန်တော်တော်ကြာသည့်နောက်
ကောင်းကင်ယံအထက်ကား တဖြည်းဖြည်း
ပုံမှန်ပြန်ဖြစ်သွားသည်။
သို့သော် ကောင်းကင်ယံအထက်၌
လူတစ်ယောက် ကျန်နေခဲ့၏။

မျက်နှာဖုံးစွပ်ထားသူ။

မျက်နှာဖုံးစွပ်ထားသူအပြင် ရှန်းယွန်ရှီ နှင့်
အခြားအနက်ရောင်ဝတ်ရုံ သိုင်းသူတော်စင်
၃ ယောက်လည်း မရှိတော့ပေ။

"ရှန်းယွန်ရှီ..."မျက်နှာဖုံးစွပ်အမျိုးသား၏
ဒေါသတကြီးအသံသည်
ကောင်းကင်ယံတွင် ပဲ့တင်ထပ်နေသည်။ သူ
သတိပေါ့လျော့မှုကြောင့် သိုင်းသူတော်စင်
၃ ယောက် ဆုံးရှုံးခဲ့ပြီး
ဒဏ်ရာအပြင်းအထန်ပင်ရသွားခဲ့ပါသည်။
ဒီအချိန်မှာ သူက အနိုင်မရသည့်အပြင်
ဆုံးရှုံးမှုကြီးကြီးမားမားပါ
ခံစားလိုက်ရလေသည်။

အောင်း!

ထိုအချိန်မှာပဲ ဓားတစ်ချောင်းက
ကောင်းကင်ယံကို ပစ်ခတ်လိုက်ပြီးနောက်
တလက်လက်တောက်ပသော
အလင်းတန်းတစ်ခုဟာ ကောင်းကင်ယံကို
ဆုတ်ဖြဲ၍ မျက်နှာဖုံးစွပ်လူဆီသို့
ပစ်လွှတ်လိုက်သည်။

တိုက်ခိုက်မှုကို စတင်ခဲ့သူက ယန်ယဲ့ ပါ။

မျက်နှာဖုံးစွပ်လူက မည်သူဖြစ်သည်ကို မသိသော် လည်း သူ၏ရန်သူဖြစ်သည်မှာ သံသယရှိစရာမလိုပေ။

မျက်နှာဖုံးစွပ်လူသည် သူ၏ ရန်သူဖြစ်သောကြောင့် သေခြင်းနှင့် ထိုက်တန်ပြီး ၎င်းကို သတ်ဖြတ်သင့်သည်။ ထို့အပြင် ဒီအချိန်မှာ မျက်နှာဖုံးစွပ်လူက ဒဏ်ရာပြင်းထန်နေသောကြောင့် တိုက်ခိုက်ဖို့အကောင်းဆုံးအခွင့်အရေးဖြစ်သည်။

မျက်နှာဖုံးစွပ်လူက ရုတ်တရက်
ဒေါသထွက်သွားပြီး သူ့လက်ကိုဆန့်ထုတ်၍
ယန်ယဲ့ ဆီသို့ ရိုက်ချလိုက်လေသည်။

ဆူး...!

ဘမ်း...!

ယန်ယဲ့၏ ခန္ဓာကိုယ်သည် လွင့်ပျံသွားခဲ့ပြီး
အတော်ဝေးဝေးထိ ရောက်မှသာ
သူ့ကိုယ်သူ ရပ်တန့်လိုက်နိုင်သည်။

မျက်နှာဖုံးစွပ်လူ ကတော့
နောက်ပြန်ဆုတ်သွားခြင်းမရှိဘဲ
သူ၏ညာဘက်ပခုံးပေါ်တွင်
ဓားဒဏ်ရာတစ်ချက်ပွင့်သွားခဲ့သည်။

မျက်နှာဖုံးစွပ်ထားသည့်လူက ယန်ယဲ့ကို
ကြည့်ကာ သူ့အသံက
တုန်လှုပ်ချောက်ချားမှုအပြည့်ဖြင့်
"မင်းရဲ့ဓားက ငါ့အကာအကွယ်တွေကို
တကယ်ထိုးဖောက်ဝင်ရောက်နိုင်တာဘဲ"

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၅၁ - မေ့လျော့ခြင်းကေရီ Vs ယန်ယဲ့

ယန်ယဲ့က ရှင်းပြလိုစိတ်မရှိပေ။ သူသည် ချက်ချင်းပင် နေရာမှာပဲ ပျောက်ကွယ်သွားပြီး ထို့နောက် မျက်နှာဖုံးစွပ်လူ၏ ရှေ့၌ ပြန်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် သူဝတ်ဆင်ထားသည့် ဓားချပ်ဝတ်က မရေမတွက်နိုင်သော ဓားပျံများအဖြစ် ရုတ်တရက် ပေါက်ကွဲသွားသည်။ ထို့နောက်တွင် အလင်းတန်းမြောက်များစွာ ဖြာထွက်ကာ မျက်နှာဖုံးစွပ်လူကို ဖုံးအုပ်ထားခဲ့သည်။

ခဏတာ တိတ်ဆိတ်သွားသည် ။

ဘမ်း!

ရုတ်တရက်ဆိုသလိုပဲ အလင်းရောင်များ ပြန့်ကျဲသွားသည့်နောက် အတွင်းပိုင်းကနေ ပုံရိပ်တစ်ခု ထွက်လာသည်။

ထိုခဏလေးမှာပဲ ပုံရိပ်က ယန်ယွဲ့ ရှေ့သို့ရောက်လာပြီး သူ့လက်ဖဝါးကို ယန်ယွဲ့၏ ရင်ဘတ်ဆီ ပုတ်လိုက်သည်။

သို့သော်၊ အစိမ်းရောင်အတားအဆီးတစ်ခု လင်းလက်လာပြီး ယန်ယွဲ့၏ခန္ဓာကိုယ်ကို ဖုံးအုပ်သွားကာ မျက်နှာဖုံးစွပ်လူ၏ လက်ဝါးကို တားဆီးလိုက်သည်။

အုန်း!

ပေါက်ကွဲသံကြီး ထွက်ပေါ်လာကာ အစိမ်းရောင်အလင်းအတားအဆီးသည် ပြင်းထန်စွာ တုန်ခါနေခဲ့သည်။ ထိုအချိန်တွင် ယန်ယွဲ့သည် မီတာ ၅၀၀ ကျော်အကွာထိ လွင့်ပျံသွားသော်လည်း ဘာဒဏ်ရာမှမရှိခဲ့ပေ။ သူက လေထဲမှာပင် အသာအယာရပ်လိုက်သည်။

"နတ်ဘုရားအဆင့် အကာအကွယ်ရတနာ"
မျက်နှာဖုံးစွပ်လူက  “မင်းမှာ
ဘယ်နှစ်ခုလောက်ရှိလဲ” ဟု
ပြင်းပြင်းထန်ထန် ပြောလိုက်သည်။

ယန်ယွဲ့သည် စကားမပြောပေ၊
သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
ဓားပျံများက သူ့ထံ
ချက်ချင်းပြန်ပြေးသွားပြီးနောက်
ဓားချပ်ဝတ်အဖြစ်
တဖန်ပြန်ပေါင်းသွားခဲ့သည်။

တစ်ချိန်တည်းမှာပင် သူ့နောက်ကျောမှ အနက်ရောင်အတောင်ပံတစ်စုံထွက်ပေါ်လာ၏။ ထို့နောက် သူ့ဘယ်ဖက်လက်ကိုတစ်ချက်ယမ်းလိုက်ရာ လက်ထဲ၌ ပျက်သုဉ်းခြင်းကျောက်စိမ်းဓား ပေါ်လာပြီး အစိမ်းရောင်ကုဗတုံးကိုယူကာ ဓားချပ်ဝတ်အပေါ် ထပ်ကာထားလိုက်လေသည်။

ဒီမြင်ကွင်းကို မြင်လိုက်သော်

မျက်နှာဖုံးစွပ်လူက

မျက်ခွံများ

တဆတ်ဆတ်လှုပ်ယမ်းသွားသည်။

ထို့နောက် သူက ယန်ယဲ့ကို ကြည့်၍

ဒေါသတကြီး အော်ဟစ်လိုက်ပြီး

“နတ်ဘုရားအဆင့် ရတနာ ၅ ပါး! မင်း....”

သို့သော်လည်း ယန်ယဲ့သည် သူ့ဆီသို့

ခုန်ဝင်လာသည်ကို မြင်လိုက်ရသဖြင့်

နောက်ထပ်စကားတစ်ခွန်းမျှပင်
မပြောနိုင်လိုက်ပေ။

ဒီအချိန်မှာ လူတိုင်းက ရှေ့ဆက်ဖြစ်လာမည့်
တိုက်ပွဲကို
စိတ်ဝင်တစားစောင့်ကြည့်နေကြသည်။
သူတို့က မျက်နှာဖုံးစွပ်လူကို ကြည့်လိုက်ရာ
ချက်ချင်း ပျောက်ကွယ်သွားသည်ကို
မြင်တွေ့ရသည့်အတွက်
အံ့အားသင့်သွားကြသည်။
တစ်ချိန်တည်းမှာပင် မျက်နှာဖုံးစွပ်လူ၏

အသံသည် အဝေးတစ်နေရာရှိ
မိုးကုပ်စက်ဝိုင်းအစွန်မှ
ပဲ့တင်ထပ်လာခဲ့သည် "ငါပြန်လာတဲ့အခါ
တိမ်ပင်လယ်မြို့က လူတိုင်းကို
သတ်ပစ်မယ်"

"သူထွက်ပြေးသွားတယ်လား"

ဒီမြင်ကွင်းကြောင့်
လူတိုင်းအံ့အားသင့်သွားကြသည်။

"သိုင်းသူတော်စင်တစ်ယောက်တောင်မှ ယန်ယဲ့ကို ကြောက်နေခဲ့တာလား။

"အဲဒါ သိုင်းသူတော်စင် လား၊ ငါတို့ကို သတ်ချင်နေတဲ့ လူလား။ အခုတော့ တိုက်ခိုက်ရဲတဲ့ သတ္တိတောင် မရှိဘဲ ထွက်ပြေးသွားတာလား"

"သူက အားနည်းတာမဟုတ်ဘူး၊ အားကောင်းလွန်းတာက နည်းပြဆရာယန်ဘဲ... ။ နည်းပြဆရာယန်

က သိုင်းသူတော်စင်တွေကို
ကျော်တက်သွားပြီ”

"ငါတို့ရဲ့ဌာနမှူးကို ဆုံးရှုံးလိုက်ရတာတော့
စိတ်မကောင်းစရာဘဲ.."

"ဒီလိုဆိုတော့
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းကိုဖျက်ဆီးရအောင်။
ကောင်းကင်ဘုံနတ်ဘုရားခန်းမကိုပါ

ဖျက်ဆီးပစ်မယ်။ ဥာနမှုးကိုယ်စား
လက်စားချေကြရအောင်”

"ဥာနမှုးကိုယ်စား လက်စားချေကြမယ်"

တိမ်ပင်လယ်မြို့၏ မရေမတွက်နိုင်သော
လူသားကျင့်ကြံသူများက
တညီတညွတ်တည်း ဒေါသတကြီး
အော်ဟစ်လိုက်ကြတော့သည်။

အကြီးအကဲမို၏ မျက်နှာသည်
အတော်လေးကို ဆိုးရွားလှသည်။
မျက်နှာဖုံးစွပ်လူက
အမှန်တကယ်ထွက်ပြေးသွားဖို့
မမျှော်လင့်ထားခဲ့ပေ။

"သူက တကယ်ပဲထွက်ပြေးခဲ့တယ်"
မျက်နှာဖုံးစွပ်လူက ဒဏ်ရာအပြင်းအထန်
ရသွားကြောင်း သိသော် လည်း ၎င်းဟာ
ထွက်မပြေးသင့်သေးဟု သူခံစားမိသည်။

အကြီးအကဲမို က အကြာကြီး

တွန့်ဆုတ်နေပြီး နောက်ဆုံးတွင် သူသည်

ယန်ယဲ့ကို စိုက်ကြည့်ကာ "ယန်ယဲ့၊ မင်း

စောင့်နေလိုက်" ဒီစကားပြောပြီးနောက်

ယုဝူရှမ်ကို စိုက်ကြည့်ကာ "မင်းလည်း

ပါတယ်၊ ငါ့ရဲ့

ကောင်းကင်ဘုံနတ်ဘုရားခန်းမကနေ

လွတ်မြောက်နိုင်မှာ မဟုတ်ဘူး"

ယန်ယဲ့သည် အကြီးအကဲမိုအား

စိုက်ကြည့်ကာ

တည်ငြိမ်စွာပြောလိုက်လေသည် "
စမ်းကြည့်ရအောင်၊
ကောင်းကင်ဘုံနတ်ဘုရားခန်းမက
စေလွှတ်လိုက်တာမှန်သမျှ
အကုန်သတ်ပေးရတာပေါ့"

"မင်း..." အကြီးအကဲမို က
လှောင်ပြောင်လိုက်သည် “ယန်ယဲ့၊ မင်းက
ကိုယ့်ကိုကိုယ် အထင်ကြီးလွန်းတယ်။
နတ်ဘုရားအဆင့်ရတနာလက်နက်တွေမရှိရ
င် ဘာမှမဟုတ်ဘူး”

ယန်ယဲ့က “ငါ မင်းကို
မေးခွန်းတစ်ခုလောက်မေးမယ်။ မင်းငါနဲ့
တစ်ပွဲတစ်လမ်းလောက်
တိုက်ခိုက်ဝံ့သလား"

အကြီးအကဲမိုက ပါးစပ်ထောင့်များ
တုန်လှုပ်သွားပြီး “ဒီနတ်ဘုရားအဆင့်
ရတနာတွေကို ဖယ်ထားဝံ့သလား”

ယန်ယွဲ့က လျှောင်ပြောင်ရယ်မောပြီး "သွား၊ ငါ့စိတ်မပြောင်းခင် မြန်မြန်ထွက်သွားသင့်တယ်"ဟု ပြောလိုက်သည်။

အကြီးအကဲမို က ယန်ယွဲ့ကို စူးစူးစိုက်စိုက်စိုက်ကြည့်ရင်း အချိန်အတော်ကြာမှ  အေးစက်စွာ ရယ်မောလိုက်ပြီး “မင်း စောင့်နေပါ။ ယန်ယွဲ့၊ မင်းစောင့်နေရုံဘဲ။ ငါ့ရဲ့ကောင်းကင်ဘုံနတ်ဘုရားခန်းမက

မင်းကိုယ်မင်း
ဘယ်လောက်သေးငယ်တယ်ဆိုတာ
သိအောင်ပြပေးမယ်"

စကားပြောပြီးသည်နှင့် အကြီးအကဲမို က
လှည့်ထွက်သွားတော့မည်ဖြစ်သော်လည်း
ယန်ယဲ့က ရုတ်တရက် "ခဏနေဦး"

အကြီးအကဲမို၏ ရုပ်သွင်က အနည်းငယ်
တောင့်တင်းလာပြီး ယန်ယဲ့ကို
လှည့်ကြည့်ကာ “ဘာလဲ၊

မင်းငါ့ကိုသတ်ဖို့ကြိုးစားချင်တာလား"
ထိုအချိန်တွင် သူ့နောက်တွင် ရပ်နေသော
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
တပ်ဖွဲ့ကလည်း သတိအပြည့်ဖြစ်လာပြီး
အချိန်မရွေးတိုက်ခိုက်ဖို့ အဆင်သင့်
ဖြစ်နေကြသည်။

ယန်ယဲ့က ပြုံးပြီးပြောလိုက်သည်
"စိတ်လျှော့ပါ။ ငါ မင်းကို တစ်ခုလောက်
ပြောချင်လို့။ မကြာခင်မှာ ငါယန်ယဲ့
ကောင်းကင်ဘုံနတ်ဘုရားခန်းမကို

အရောက်လာခဲ့မယ်။ စိတ်မပူပါနဲ့
ငါမင်းတို့အားလုံးကို
အကြာကြီးစောင့်ခိုင်းမှာမဟုတ်ဘူး"

အကြီးအကဲမို က ယန်ယွဲ့ကို ခဏလောက်
စိုက်ကြည့်နေလေသည်။
“ကောင်းကင်ဘုံနတ်ဘုရားခန်းမက
မင်းရောက်လာတာကို စောင့်နေလိမ့်မယ်။
မင်းပြောသလိုပဲ မင်း ငါတို့ကို
အကြာကြီးမစောင့်ရဘူးလို့
ငါမျှော်လင့်တယ်"

စကားပြောပြီးနောက် အကြီးအကဲမို၏

ခန္ဓာကိုယ်က တောက်ပလာပြီး

သူ့နောက်တွင် ရပ်နေသော

တပ်ဖွဲ့ဝင်များနှင့်အတူ

ပျောက်ကွယ်သွားခဲ့သည်။

ထိုအချိန်တွင် ချင်အမျိုးသမီးက

ရုတ်တရက် "ဘာလို့ သူ့ကိုသတ်ဖို့

မကြိုးစားတာလဲ"

ယန်ယဲ့သည် သူ့ခေါင်းကို ညင်သာစွာ
ခါလိုက်ပြီး မျက်လုံးမှိတ်ထားလိုက်သည်။
သူလည်း အကြီးအကဲမို နှင့်
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
အဖွဲ့ဝင်များကို သေချာပေါက်
သတ်ပစ်ချင်နေပါသည်။ သို့သော် သူ
မတတ်နိုင်ပေ။ အမှန်တိုင်းဆိုလျှင်
လက်ရှိသူက အတော်လေး
ပင်ပန်းနွမ်းနယ်နေပြီဖြစ်သည်။
လက်ရှိသူ့ခွန်အားက သိုင်းသူတော်စင် ၂

ဦးကို အဆက်မပြတ် တိုက်ခိုက်ပြီးနောက်
ကုန်ဆုံးလုနီးပါးပင်။

အကယ်၍ သူ၏ဆန်းကြယ်ချီစွမ်းအင်သည်
သာမန်ကျင့်ကြံသူ ထက်ထူးခြားမနေပါက
ယခုအချိန်တွင် မြေပြင်ပေါ်
လဲလျောင်းနေသော
လူသေကောင်ဖြစ်နေလောက်ပါပြီ။ လက်ရှိ
သူ့အခြေအနေက နောက်ထပ်
သိုင်းသူတော်စင်တစ်ဦး နှင့် တိုက်ခိုက်ဖို့
မဖြစ်နိုင်တော့ပေ။

ယန်ယဲ့သည် ရုတ်တရက်
မျက်လုံးဖွင့်လာပြီး
တိမ်ပင်လယ်မြို့တစ်ခုလုံးကို ပြန်ကြည့်ကာ
"မြို့တံခါးတွေဖွင့်လိုက်၊ အကုန်သတ်
ပစ်ကြ"

သူပြောပြီးသည်နှင့် တပြိုင်နက်
မြို့တံခါးများပွင့်သွားကာ သန်းရာချီသော
လူသားကျင့်ကြံသူများ
တဟုန်ထိုးပြေးထွက်လာကြသည်။

ဒီအခိုက်အတန့်တွင် သူတို့၏ စိတ်ဓာတ်၊ ခွန်အား အရာရာတိုင်းက အထွတ်အထိပ်သို့ ရောက်နေပြီဖြစ်သည်။

နတ်ဆိုးသားရဲများအတွက်ကား ၎င်းတို့၏ပြိုင်ဖက်များသည် တိမ်ပင်လယ်မြို့တော်၏ လူသားကျင့်ကြံသူများသာ ဖြစ်သော်ငြား ယန်ယွဲ့ ရှိနေသည်ကို သိထားသဖြင့် အလွန်သတိအပြည့်ထားနေခဲ့ရသည်။

ဒီလိုအခြေအနေမျိုး၌ သူတို့၏
တိုက်ပွဲဝင်စွမ်းအားကို အပြည့်အဝ
မထုတ်ဖော်နိုင်ကြပေ။

တိုက်ပွဲစတင်သည်နှင့် တပြိုင်နက်
သောင်းချီသော နတ်ဆိုးသားရဲများ
တစ်ခဏလေးအတွင်း အသတ်ခံလိုက်ရ၏။

ထိုအချိန်တွင် ယန်ယွဲ့သည် မြို့၏အထက်
ကောင်းကင်ယံ၌ တည်ငြိမ်စွာ
မတ်တပ်ရပ်လိုက်ပြီး အောက်မြေပြင်ရှိ
နတ်ဆိုးသားရဲစစ်တပ်ကို ငုံ့ကြည့်နေသည်။

ယန်ယဲ့က ဝင်ပြီး မတိုက်ခိုက်ခဲ့သော်လည်း နတ်ဆိုးသားရဲများသည် သူ ရှိနေသည်ဟူသော အသိဖြင့် ဖိအားများ အဆက်မပြတ် ခံစားလိုက်ရသည်။

ထိုအခိုက် မြို့တံတိုင်းပေါ်တွင် ရပ်နေသော မေ့လျော့ခြင်းကေရိက ယန်ယဲ့ ဆီသို့ တစ်လှမ်းချင်း လျှောက်လာခဲ့သည်။ သူမက လမ်းလျှောက်လာရင်း မြေခွေးဖြူလေး၏ ခေါင်းကို ညင်သာစွာ ပွတ်သပ်ကာ "အားလီ၊ အခုတော့ ငါတို့ ချက်ချင်း ပြန်နိုင်ပြီ"

ယန်ယွဲ့သည် ထူးခြားမှုကို သတိပြုမိပြီး ရုတ်တရက် နောက်လှည့်ကြည့်လိုက်ရာ သူ့ထံ တစ်လှမ်းချင်းလျှောက်လာနေသော မေ့လျော့ခြင်းကေရီကို မြင်သွား၏။ မေ့လျော့ခြင်းကေရီ ကို ငေးကြည့်နေရင်း သူ့မျက်လုံးများတွင် လေးနက်သော အမူအရာတစ်ခု ရှိနေသည်။

"အန္တရာယ်..." သူ၏ဆဌမအာရုံဆီကနေ ထွက်ပေါ်လာသော ခံစားလိုက်ချက်ပါ။

ထို့အပြင် သူ့ရှေ့မှ အမျိုးသမီးက "အရမ်းကြောက်စရာကောင်းတဲ့ရန်သူ" ယန်ယဲ့သည် မေ့လျော့ခြင်းကေရီကို ခဏကြာစိုက်ကြည့်နေပြီးမှ "မင်းက ငါ့ကို လိုက်ရှာနေတာလား" ဟု မေးလိုက်၏။

သူမက ခေါင်းညိတ်လိုက်ပြီး
“တော်တော်ကြာပြီ”

ယန်ယဲ့က
"ဒီလိုဆိုမင်းငါ့ကိုသတ်ဖို့လာတာလား"

သူမက ခေါင်းညိတ်ပြန်သည်။

ယန်ယွဲ့က "အကြောင်းပြချက်ရှိသလား"

“ငါက ငရဲခန်းမက လာတာ" ဟု ပြောပြီး မေ့လျော့ခြင်းကေရီက ခေါင်းမော့ထားလိုက်သည်။

"ငရဲခန်းမ..." မေ့လျော့ခြင်းကေရီ၏ အဖြေကိုကြားလိုက်သောအခါ ယန်ယွဲ့သည်

မျက်လုံးများကို

ချက်ချင်းမှိတ်ထားလိုက်သည်။

အရိပ်ကေရီ၏ လူဝင်စား ရှိုဝူယင် နှင့်

အနက်ရောင်ဝတ်ရုံအဖွဲ့ဝင် ၁၃ ယောက်ကို

သတ်ပြီးနောက် ငရဲခန်းမက သူ့ကိုသတ်ဖို့

ပညာရှင်များ ကျိန်းသေစေလွှတ်မည်ကို

သိထားသည်။

သို့သော်လည်း ငရဲခန်းမက ဒီလိုမျိုး

တိုက်ရိုက်စေလွှတ်လိုက်မည်ဟုတော့

မမျှော်လင့်ထားပေ။

ထို့အပြင် စေလွှတ်လိုက်သူကလည်း
ငရဲကေရီနှင့်
အဆင့်တူပညာရှင်ဖြစ်နေခဲ့သည်။

"နင်က ပြန်ပြီးနိုးထမလာသေးတဲ့
အရိပ်ကေရီကို သတ်လိုက်တယ်"
မေ့လျော့ခြင်းကေရီက ယန်ယဲ့
ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာခဲ့ပြီး "
ဒါဆို နင် သေရမယ်"

"မင်း ငါ့ကို ခဏလောက်
အချိန်ပေးလို့ရမလား" ယန်ယဲ့သည်
ခရမ်းရောင်သလင်းကျောက်တစ်တုံးကို
ထုတ်ယူပြီး မျိုချလိုက်ရင်း ရုတ်တရက်
ပြောလိုက်သည်။

၁၂၅၂

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၅ - မေ့လျော့ခြင်းကောရီ၏ ကြောက်မက်ဖွယ်စွမ်းအား

မေ့လျော့ခြင်းကောရီက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး လေးလေးနက်နက် စဉ်းစားပြီးနောက် “အားလီ က အိမ်ပြန်ချင်နေပြီ။ ဒါပေမဲ့ နင်မပြေးဘူးလို့ ငါ့ကို ကတိပေးရင် ငါစောင့်နိုင်တယ်"

"သေချာပေါက် ငါမပြေးဘူး" ယန်ယဲ့က တည်ကြည်သောလေသံဖြင့်

ပြန်ပြောလိုက်၏။ သူက "ငါ မင်းကို
နည်းနည်းလောက်မေးချင်တယ်"

သူမက "ဆက်ပြော"

"ငရဲခန်းမက အရမ်းသန်မာသလား"
ယန်ယဲ့က မေးလိုက်သည်။ သူသည်
လျှို့ဝှက်ဆန်းကြယ်နေသော ငရဲခန်းမ
နှင့်ပတ်သက်၍ အမြဲသိချင်နေခဲ့သည်။
ကံမကောင်းစွာဖြင့် သူသည် ငရဲခန်းမ
အကြောင်းကို မသိနိုင်ခဲ့ပေ။ ယခုအချိန်တွင်

သူသည် ငရဲခန်းမ၏ ခန်းမသခင်တစ်ဦးနှင့် ရင်ဆိုင်တွေ့ခဲ့သောကြောင့် သိလိုသမျှကို တန်းပြီး မေးလိုက်တော့၏။

မေ့လျော့ခြင်းကေရီက ယန်ယဲ့ကို စိုက်ကြည့်ပြီး "ဒါပဲလား"

ယန်ယဲ့က
“ကောင်းကင်ဘုံနတ်ဘုရားခန်းမနဲ့ ယှဉ်ရင် ဘယ်လောက် အားကောင်းသလဲ” ဟု မေးလိုက်သည်။

မေ့လျော့ခြင်းကေရီက

တည်ငြိမ်စွာပြောခဲ့သည် "ခဏလေးပဲ၊..

ခဏလေးနဲ့ ပျက်စီးသွားနိုင်တယ်"

ယန်ယဲ့ဟာ ပါးစပ်ထောင့်များ

လှုပ်ယမ်းသွားသည်။

"သောက်ကျိုးနည်းပြီထင်တယ်၊

ဒီတစ်ခါတော့ ငါ့ကိုယ်ငါ

တော်တော်များတဲ့ဒုက္ခတွေ ယူလာမိပြီ"

ယန်ယဲ့သည် ခဏလောက်စဉ်းစားပြီး
“ငရဲခန်းမမှာ ခန်းမ (၁၀)ခု ရှိတာတော့
ငါသိထားတယ်။ ပြောရမယ်ဆိုရင်
ခန်းမသခင် (၁၀)ဦး ရှိတယ်ပေါ့။
သူတို့ကြားထဲမှာ မင်းရဲ့ခွန်အားက
ဘယ်လိုလဲ"

မေ့လျော့ခြင်းကေရီက ခေါင်းကို
အနည်းငယ်ငုံ့ကာ "အဆင့်(၉)မှာပဲ ရှိတယ်"
ဟု ပြောခဲ့သည်။

"မင်းငါ့ကိုလာနှောက်နေတာလား"
ယန်ယဲ့က
အမှတ်မထင်အော်ဟစ်လိုက်မိသည်
"မင်းက  အရမ်းသန်မာတယ်ဆိုတာ
ငါသိတယ်။ ဒါပေမဲ့ မင်းလိုလူက အဆင့် ၉
နေရာမှာပဲ ရှိသေးတယ်ပေါ့။ မင်း
ငါ့ကိုတမင်ခြိမ်းခြောက်နေတာလား"

မေ့လျော့ခြင်းကေရိက တိုးတိုးလေးသာ
ပြန်ပြောခဲ့သည် “ငါ့ထက် သန်မာတဲ့သူတွေ
အများကြီးဘဲ”

သူမ လိမ်နေပုံမဟုတ်သောကြောင့်
ယန်ယဲ့၏ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။
တစ်နည်းအားဖြင့်ဆိုရသော် ငရဲခန်းမက
အဆင့် (၉) အဖွဲ့ဝင်တစ်ဦးသာ
စေလွှတ်ခဲ့သည်။ သို့သော်
ထိုအဆင့်(၉)ပညာရှင်က
သိုင်းသူတော်စင်များကို သတ်နိုင်သည်။
ထိုအချက်ကို တွေးလိုက်ရုံနှင့် ယန်ယဲ့၏
ပါးစပ်ထောင့်များက
တုန်လှုပ်သွားစေခဲ့သည်။

"သောက်ပြသနာဘဲ၊ ဒီတစ်ခါတော့
ကပ်ဘေးကျပြီ"

"တကယ်တော့ နင်ကမဆိုးပါဘူး"
မေ့လျော့ခြင်းကေရီက ယန်ယဲ့ကို
စိုက်ကြည့်ကာ တိုးတိုးလေးပြောလိုက်သည်
"အနည်းဆုံးတော့ နင်ထွက်ပြေးရင် ငါနင့်ကို
လိုက်မမီနိုင်တော့ဘူး"

ယန်ယဲ့၏ မျက်နှာသည် ချက်ချင်း မည်းမှောင်သွားသည်။ " မင်းက ငါ့ကို ချီးကျူးနေတာလား ဒါမှမဟုတ် ငါ့ကို စော်ကားနေတာလား"

“နင့်မှာ တခြားမေးခွန်းတွေ ရှိသေးလား” မေ့လျော့ခြင်းကေရီက ထပ်မေးလိုက်သည်။

ယန်ယဲ့က ခဏလောက် လေးလေးနက်နက် စဉ်းစားပြီး "မင်းတို့ ခန်းမသခင် ၁၀ ယောက်ထဲမှာ ဘယ်သူက အသန်ဆုံးလဲ"

မေ့လျော့ခြင်းကေရီက
ကောင်းကင်အထက်သို့ မျှော်ကြည့်ရင်း
"ဒဏ္ဍာရီလာ ကောင်းကင်ကေရီ..."

ယန်ယဲ့က "ဘာလို့ သူက အသန်မာဆုံးလဲ"

မေ့လျော့ခြင်းကေရီက သူ့ကို
စူးစိုက်ကြည့်ပြီး တည်ငြိမ်စွာပြောခဲ့သည်
"သူမက ကောင်းကင်တာအိုကို
ဝါးမျိုနေတယ်"

ဂလု....,

ယန်ယဲ့သည်
တံတွေးတစ်လုတ်မျိုချလိုက်ရင်း
မျက်လုံးများ ကျဉ်းမြောင်းလာသည်။

"သူမက ကောင်းကင်ဘုံတာအိုရဲ့
မျက်လုံးကို ဝါးမျိုနေတာလား၊ သူမက
တကယ်ပဲ ကောင်းကင်တာအိုကို
ဖိနှိပ်နိုင်တာလား။ သောက်ကျိုးနည်း၊ ဒါက
ဘယ်လိုဟာသကြီးလဲ"

ယန်ယဲ့သည်
နောက်ထပ်မေးခွန်းတစ်ခုမေးဖို့ပြင်လိုက်စဉ်
"နင်က နောက်ဆုံးမေးခွန်းတစ်ခုပဲ
မေးလို့ရတော့မယ်" ဟုပြောလာခဲ့သည်။

ယန်ယဲ့သည် သူမကို
တစ်ချက်ကြည့်လိုက်ပြီး လေးလေးနက်နက်
စဉ်းစားကာ “မင်းက ငရဲကေရီကို
သိလား"ဟု မေးလိုက်၏။

မေ့လျော့ခြင်းကေရီက အနည်းငယ်
မျက်မှောင်ကြုတ်ကာ “နင် သူ့ကို
ဘယ်လိုသိတာလဲ”

"မင်းလည်း သူ့ကို သိပုံဘဲ" ယန်ယဲ့က
ခေါင်းညိတ်ကာ  "ဒါဆို
သူ့အကြောင်းပြောပြလို့ရမလား"

မေ့လျော့ခြင်းကေရီက  "ငါ သူ့ကို
သဘောမကျဘူး"

ယန်ယဲ့က အံ့သြသွားပြီး "ဘာလို့လဲ"

"သူမ တိုက်ခိုက်ရတာ ကြိုက်တယ်"
မေ့လျော့ခြင်းကေရီက "အဲဒီမိန်းမက
နေ့ရောညပါ တိုက်ခိုက်တာဘဲ"

ယန်ယဲ့သည် စကားမပြောနိုင်သလို
ခံစားလိုက်ရသည်။

မေ့လျော့ခြင်းကေရီက ယန်ယွဲ့ ဆီသို့ စတင်လျှောက်လာပြီး "ကောင်းပြီ၊ အခု နင့်ကို သတ်တော့မယ်"

"နောက်ဆုံးမေးခွန်းတစ်ခု" ယန်ယွဲ့က "မင်းငါ့ကိုသတ်နိုင်တယ်ဆိုတာ ယုံလား"

"နင်က အရမ်းမသန်မာဘူး၊ ဒါကြောင့် ငါဘာလို့မလုပ်နိုင်ရမှာလဲ"

ယန်ယဲ့သည် ပါးစပ်ထောင့်များ
လှုပ်ယမ်းသွားသည်။ "သူမက
နံ့အနေသလား ဒါမှမဟုတ် ရည်ရွယ်ချက်ရှိရှိ
ဒေါသထွက်အောင် လုပ်နေတာလား"

ယန်ယဲ့သည် များများစားစား
သိပ်မတွေးတော့ဘဲ
ခေတ္တမျှ အသက်ပြင်းပြင်းရှူလိုက်သည်။
ဒီအချိန်တွင် သူစုပ်ယူခဲ့သော
ခရမ်းရောင်သလင်းကျောက်တုံး၏အကူအ
ညီဖြင့် မူလအခြေအနေသို့

အပြည့်အဝပြန်ရောက်လုနီးပါးပါ။ သူသည် အထွတ်အထိပ်သို့မရောက်သော်လည်း မေ့လျော့ခြင်းကေရီကို တိုက်ခိုက်နိုင်မည်ဟု ခံစားမိသည်။

"ခုတ်ပိုင်းစမ်း" ယန်ယွဲ့သည် ရုတ်တရက် ဒေါသတကြီး အော်ဟစ်လိုက်ပြီး အဝါရောင်စမ်းရေကိုမြှောက်၍ သူမဆီသို့ လျင်မြန်စွာ ပိုင်းချလိုက်သည် ။ သိပ်သည်းသော အငွေ့အသက်များနှင့် တလက်လက်တောက်ပနေသော

ခါးစွမ်းအင်က အာကာသဟင်းလင်းပြင်ကို
ဆုတ်ဖြဲ၍ သူမရှေ့
ချက်ချင်းရောက်လာသည်။

သို့သော် ထိုနေရာတွင် ထူးဆန်းသော
မြင်ကွင်းတစ်ခု ပေါ်လာသည်။
ခါးစွမ်းအင်အလင်းတန်းက
မေ့လျော့ခြင်းကေရီ ရှေ့
ရောက်လာသည်နှင့်
ထိတ်လန့်စရာကောင်းလောက်အောင်ပင်

ကွဲထွက်သွားပြီး လုံးလုံးလျားလျား ပျောက်ကွယ်သွားခဲ့သည်။

ဒီမြင်ကွင်းကို မြင်သောအခါ ယန်ယဲ့၏ မျက်လုံးများသည် သိသိသာသာကျဉ်းမြောင်းသွားသည်။ ဓားစွမ်းအင်က ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒဖြင့် ပေါင်းစပ်ထားခဲ့သည်။ သို့သော် သူမ ရှေ့ရောက်သည်နှင့် ပျောက်ကွယ်သွားရ၏။ "ဘယ်လို ဥပဒေသစွမ်းအင်လဲ"

"အဲဒီ စွမ်းအင်က ဘာလဲ " ယန်ယဲ့ သည် အဝါရောင်စမ်းရေ ပေါ်သို့ တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။ သူက တိုက်ခိုက်ဖို့ပြင်နေသော်လည်း ခဏတာတုံ့ဆိုင်းသွားသည်။

ယန်ယဲ့က “အဲဒါက ဘာစွမ်းအင်လဲ” ဟု လေးနက်စွာ မေးလိုက်သည်။

"ငါမသိဘူး " မေ့လျော့ခြင်းကောရိက ယန်ယဲ့ ဆီသို့ လျှောက်သွားကာ
"ငါနားလည်သလောက်က အဲဒါကိုသုံးရင် အရာအားလုံးကို ဖန်တီးနိုင်သလို ဖြိုခွဲနိုင်တယ်ဆိုတာဘဲ"

၁၂၅၃

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၅၃ - ဖျက်ဆီးခြင်းတာအိုဥပဒေသ Vs ပျက်သုဉ်းခြင်းတာအိုဥပဒေသ

ယန်ယွဲ့က "ဒါဆို မင်း နားမလည်တဲ့ အကြောင်းအ ရာက ဘာလဲ"

"ငါမသိဘူး" သူမစကားပြောပြီးသည်နှင့် ယန်ယွဲ့ရှေ့တွင် ရောက်နေပြီး သူမ၏လက်ကိုဆန့်၍ ယန်ယွဲ့ဆီသို့ ထိုးလိုက်ကာ "စိတ်မပူပါနဲ့၊ မနာပါဘူး"

"လာပါ! ဒါကို ပြိုကွဲအောင်
ဖျက်ဆီးနိုင်မလား ကြည့်ရအောင်”
ယန်ယွဲ့က ခေါင်းညိတ်လိုက်ရင်း ရှေ့သို့
ခြေတစ်လှမ်းတိုးကာ
သူ့လက်ညိုးကိုဆန့်ပြီး မေ့လျော့ခြင်းကေရီ
ဆီသို့ ထိုးချလိုက်သည်။
ယန်ယွဲ့၏လက်ချောင်းထိပ်က
လျှို့ဝှက်ဆန်းကြယ်သော
စွမ်းအင်ကြိုးတစ်ချောင်း
လင်းလက်သွားသည်။ ထိုစွမ်းအင်က
ပျက်သုဉ်းခြင်းတာအိုဥပဒေသ ပင်။

ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒက
မေ့လျော့ခြင်းကေရီ အပေါ်
သက်ရောက်မှုမရှိသဖြင့်
ထုတ်မသုံးတော့ပေ။ ထို့ကြောင့်
သူ၏အဓိကဝှက်ဖဲဖြစ်သည့်
ပျက်သုဉ်းခြင်းတာအိုဥပဒေသ ကိုသာ
အသုံးပြုခဲ့သည်။

ဒီအချိန်မှာ အားလုံးက အံ့သြနေသော
အကြည့်များဖြင့် ယန်ယဲ့နှင့်

မေ့လျော့ခြင်းကောရီ တို့၏လက်ချောင်းများ
ရင်ဆိုင်တွေ့သွားသည်ကို
ကြည့်နေခဲ့ကြသည်။

ပတ်ဝန်းကျင်သည်
အသံတစ်သံမျှပင်မထွက်ဘဲ
အလွန်တိတ်ဆိတ်ငြိမ်သက်နေပါသည်။

သို့သော်လည်း နှစ်ယောက်စလုံး၏
မျက်နှာများသည် ဖြူဖျော့သွားကာ

ကိုယ်စိမျက်လုံးများထဲ၌ ထိတ်လန့်မှုများ
ပေါ်လာသည်ကို မြင်နိုင်လေသည်။

ထိုအခိုက် ယန်ယဲ့၏ လက်ချောင်းက
ပြိုကွဲစပြုလာသောကြောင့် လူတိုင်း
ထိတ်လန့်သွားပြီး ခန္ဓာကိုယ်များ
သိသိသာသာတုန်ယင်လာကြ၏။

အခြားတစ်ဖက်တွင်လည်း
မေ့လျော့ခြင်းကေရှိ၏

လက်ချောင်းသည် လျှင်မြန်စွာ

အိုမင်းရင့်ရော်လာကြောင်း

သတိထားမိကြသည်။ ထိုခဏလေးမှာပဲ

ဖြူသွယ်သောလက်ချောင်းလေးက

အဘွားအိုကြီးတစ်ယောက်၏

လက်ချောင်းအလားလို

ရှုံ့တွသွားပါတော့သည်။ ထို့အပြင်

သူမ၏လက်ချောင်းသာ

ရှုံ့တွသွားရုံသာမကဘဲ

လက်မောင်းတစ်လျှောက်ပါ လျှင်မြန်စွာ

အိုမင်းရင့်ရော်လာပါသည် ။

ထိုကဲ့သို့ပင်
ယန်ယဲ့၏လက်မောင်းတစ်လျှောက်
အဆက်မပြတ်ပြိုကွဲလာပြီး အသက်ရှူ၂
ရှိုက်စာလောက်အတွင်း
လက်မောင်းတစ်ဖက်လုံးပြိုကွဲလာတော့သ
ည်။
မေ့လျော့ခြင်းကေရိ ကတော့
လက်တစ်ဖက်လုံး တုန်ခါသွားကာ
လေပြင်းတစ်ချက်အတိုက်၍
ဖုန်မှုန့်များကဲ့သို့ လွင့်စင်ထွက်သွားသည်။

မေ့လျော့ခြင်းကေရိက လေနှင့်အတူ
ပျောက်ကွယ်သွားသော သူမ၏လက်ကို
ငေးကြည့်ကာ သူမ၏ မျက်လုံးများတွင်
နဂိုကဲ့သို့ တည်ငြိမ်မှုမရှိတော့ပေ။
ဒီအချိန်မှာ သူမ၏မျက်လုံးများသည်
တုန်လှုပ်ချောက်ချားမှုအပြည့်နှင့်ပါ။

သိပ်မကြာလိုက်ပေ၊
သူမ၏ခန္ဓာကိုယ်သည်လည်း
တဖြည်းဖြည်းနှင့်

အိုမင်းရင့်ရော်လာပါတော့သည်။
အထူးသဖြင့် သူမ၏ မျက်နှာသည်
မြင်နိုင်သော အရှိန်ဖြင့် လျင်မြန်စွာ
အိုမင်းရင့်ရော်နေ၏။ သို့သော် ယန်ယဲ့
အသုံးပြုထားသော ဥပဒေသစွမ်းအင်ကို
ရပ်တန့်နိုင်စွမ်းမရှိသလို
သဲလွန်စပင်ရှာမတွေ့နိုင်သောကြောင့်
သူမ၏ မျက်လုံးထဲ၌
ထိတ်လန့်မှုများသာကြီးစိုးနေသည်။

အလားတူပင် ယန်ယဲ့၏

အခြေအနေသည်လည်း အလွန်ပင်

ဆိုးရွားနေခဲ့သည်။ ဒီအချိန်မှာ

သူ၏လက်တစ်ဖက်လုံး

ပျက်စီးသွားခဲ့သည်။

ထို့အပြင် သူ့ပုခုံးသည်လည်း

ပြိုကွဲစပြုလာသည်။ဟင်းလင်းပြင်အဆင့်

ဓားစိတ်ဆန္ဒဖြင့် ဖိနှိပ်ဖို့

ကြိုးစားလိုက်သော်လည်း ဓားစိတ်ဆန္ဒက

သူ့ခန္ဓာကိုယ် ပြိုကွဲမသွားအောင်သာ

တားဆီးထားနိုင်၏။

ဒီအချိန်တွင် သူလည်း မေ့လျော့ခြင်းကောရီ ကဲ့သို့ အကူအညီမဲ့နေပါသည်။ သူမ အသုံးပြုခဲ့သည့် လျို့ဝှက်ဆန်းကြယ်သော ဉပဒေသစွမ်းအင်ကို သဲလွန်စပင်ရှာမတွေ့သဖြင့် လုံးဝအကူအညီမဲ့နေခဲ့သည်။

"အတူတူ သေကြတော့မယ်..."

အသက်ရှူချိန် ၂

ရှိုက်စာခန့်ကြာသွားသည့်နောက်တွင်
မေ့လျော့ခြင်းကေရီက
အဘွားအိုတစ်ယောက် ကဲ့သို့ လုံးဝကို
အိုမင်းရင့်ရော်နေပါပြီ။

သူမ၏မျက်နှာသည်
ဇရာအရေးအကြောင်းများဖြင့်
ဖုံးလွှမ်းနေပြီး မျက်လုံးများက
အသက်မဲ့နေသည်။

သူတို့နှစ်ဦး တိုက်ခိုက်သည့်အချိန်မှစ၍
လက်ရှိအချိန်ထိက အသက်ရှူချိန် ၃
ရှိုက်စာလောက်သာ ကြာခဲ့၏။
ထို့ကြောင့် သိုင်းသူတော်စင် ဖြစ်သည့်
ချင်အမျိုးသမီးကလွဲ၍ အခြားသူများက
ဖြစ်ပျက်ခဲ့သည်ကို မသိခဲ့ကြပေ။

ယန်ယွဲ့ နှင့် မေ့လျော့ခြင်းကေရီ တို့
တစ်ယောက်ကိုတစ်ယောက်
ဆွဲချတော့မည်ကို မြင်လိုက်ရသောအခါ
ချင်အမျိုးသမီးက ထိတ်လန့်သွားပြီး

မေ့လျော့ခြင်းကေရီ ဆီသို့
ခုန်ဝင်လိုက်သည်။

သို့သော် မေ့လျော့ခြင်းကေရီ၏ ရှေ့သို့
ရောက်ရှိခါနီးတွင်
ကောင်းကင်ယံအထက်ကနေ
အနက်ရောင်သံကြိုးတစ်ချောင်း
ရုတ်တရက် ထွက်ပေါ်လာပြီး
ချင်အမျိုးသမီးကို ရိုက်ချလိုက်သည်။

အနက်ရောင်သံကြိုးမှ
သယ်ဆောင်လာသောကြောက်မက်ဖွယ်
စွမ်းအားကို သတိပြုမိသဖြင့်
ချင်အမျိုးသမီးက မျက်နှာပျက်သွားသည်။
သူမက ချက်ချင်းပင်
အစိမ်းရောင်စပါးအုံးကြီးအသွင်ပြန်ပြောင်း
ကာ ကောင်းကင်ယံအထက်မှ
ရိုက်ချလာသော အနက်ရောင်သံကြိုးကို
ရင်ဆိုင်လိုက်သည်။

ဘမ်း!

ကျယ်လောင်သော ပေါက်ကွဲသံကြီး
ထွက်ပေါ်လာပြီးနောက်
ချင်အမျိုးသမီး၏ခန္ဓာကိုယ်က
ကောင်းကင်ယံအထက်မှ
ပြုတ်ကျလာခဲ့သည်။ သူမ၏
ရောမအစိမ်းရောင်စပါးအုံးကိုယ်ထည်က
မြေပြင်နှင့် ပြင်းထန်စွာ ရိုက်ချသွားခဲ့သည်။

ဒီမြင်ကွင်း ကြောင့် အားလုံးလည်း
အံ့သြတုန်လှုပ်သွားပြီး

ကောင်းကင်ယံအထက်သို့
မော့ကြည့်လိုက်ကြသည်။ သို့သော်လည်း
ယန်ယဲ့ နှင့် မေ့လျော့ခြင်းကေရီ တို့က
ရှိမနေတော့ပေ၊ နှစ်ယောက်လုံးက
ထူးဆန်းစွာ ပျောက်ကွယ်သွားခဲ့သည်။

ထိုအချိန်တွင် ယုဝူရှမ်၏နံဘေးမှာ
ရပ်နေသည့် လုဝမ်အာက
တုန်တုန်ယင်ယင်အသံလေးဖြင့် "သူ...
သူအဆင်ပြေမှာပါနော်၊ ဟုတ်တယ်မလား"
ယန်ယဲ့နှင့် မေ့လျော့ခြင်းကေရီ တို့ကြားက

ဖြစ်ပျက်ခဲ့သမျှကို မသိသော်လည်း
ယန်ယဲ့၏လက်နှစ်ဖက်လုံးမရှိတော့သည်ကို
သူမ သတိပြုမိခဲ့သည်။ ထို့အပြင်
သူ့မျက်နှာတစ်ဝက်လောက်လည်း
ပျောက်ကွယ်သွားခဲ့သည်။

ယုဝူရှမ်လည်း သူမ၏ လက်သီးများကို
တင်းတင်းကျပ်ကျပ် ဆုပ်ထားပြီး
သိသိသာသာပင် တုန်ရီနေပါသည်။
ခဏအကြာတွင်တော့ သူမက
အသက်ပြင်းပြင်းရှူပြီး ပတ်ဝန်းကျင်မှ

နတ်ဆိုးသားရဲ့စစ်တပ်ကို

လှည့်ကြည့်လိုက်လေသည်။

ထို့နောက်တွင် သူမ၏မျက်လုံးထဲ၌

ရက်စက်ကြမ်းကြုတ်မှုများ

အထင်အရှားပေါ်လာပြီး

"တိမ်ပင်လယ်မြို့ရဲ့လူသားကျင့်ကြံသူတွေ၊

အားလုံးနားထောင်ကြ။ သတ်ပစ်.....၊

ရွှေနတ်ဆိုးဝံပုလွေတောင်တန်းမှာရှိတဲ့

နတ်ဆိုသားရဲအားလုံးကို

သတ်ပစ်လိုက်ကြ..."

နတ်ဆိုးသားရဲစစ်တပ်၏

တိုက်ပွဲဝင်ခွန်အားက လက်တွေ့တွင်

တိမ်ပင်လယ်မြို့တော်

ထက်သာလွန်သော်လည်း

နတ်ဆိုးမျိုးနွယ်စု၏ သိုင်းသူတော်စင်များ

ဆက်တိုက် ဆုံးရှုံးခဲ့ရခြင်းကြောင့်

စိတ်ဓာတ်များ ယိုင်နဲ့နေခဲ့သည်။

ရွှေနတ်ဆိုးဝံပုလွေဘုရင် နှင့် အခြား

နတ်ဆိုးမျိုးနွယ်သိုင်းသူတော်စင်များ

မရှိခြင်းနှင့်အတူ ၎င်းတို့သည် လုံးဝ
တိုက်ခိုက်ရန် ဆန္ဒမရှိပေ။

ဒီအချိန်မှာ သူတို့က ချက်ချင်း
ထွက်ပြေးချင်နေကြပြီဖြစ်သည်။

လူသားကျင့်ကြံသူများအနေဖြင့် ၎င်းတို့၏
တိုက်ပွဲဝင်လိုစိတ်နှင့်
စိတ်ဓာတ်ခွန်အားသည် အထွတ်အထိပ်သို့
ရောက်နေပြီဖြစ်သည်။ ထိုအတွက်
သန်းရာချီသော

လူသားကျင့်ကြံသူများထံကနေ
တဟုန်ထိုးထွက်ပေါ်လာသည့်
တိုက်ပွဲအရှိန်အဝါက
နတ်ဆိုးသားရဲစစ်တပ်ကြီးတစ်ခုလုံးအား
လုံးလုံးလျားလျားဖိနှိပ်ပစ်လိုက်သည်။

ဤသို့ဖြင့်ပင် နတ်ဆိုးသားရဲစစ်တပ်က
ကစင့်ကလျားဖြစ်လာကာ တဖြည်းဖြည်းနှင့်
တိုက်ပွဲမြေပြင်ကနေ ဆုတ်ခွာသွားခဲ့သည်။
ခဏအကြာတွင်တော့
နတ်ဆိုးစစ်တပ်ကြီးတစ်ခုလုံးဟာ

ရွှေနတ်ဆိုးဝံပုလွေတောင်တန်းအထိပင်
ပြန်ဆုတ်သွားလိုက်ရတော့သည်။

လူသားမျိုးနွယ်စစ်တပ်သည် ရပ်တန့်မည့်
အရိပ်အယောင် မပြသေးပေ၊
သို့သော်လည်း လူသားကျင့်ကြံသူများက
အပြင်းအထန် တိုက်ခိုက်ခြင်း မပြုခဲ့ပါ။
ယုဝူရှမ်၏ အမိန့်အောက်၌ သန်းရာချီသော
လူသားစစ်တပ်ကြီးက စနစ်တကျဖြင့်
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းထဲသို့
ဝင်ရောက်လာခဲ့ကြသည်။

ထိုအချိန်မှာပဲ

ကောင်းကင်ဝါးမျိုးစပါးအုံးကလန် နှင့်

သံမဏိမျောက်ဝံကလန် တို့၏

စစ်တပ်များက သက်ဆိုင်ရာနယ်မြေများသို့

တိုက်ကိ်ရိုက် ဆုတ်ခွာကြတော့၏။

နတ်ဆိုးမျိုးနွယ်စုကြီး နှစ်ခု ဆုတ်ခွာမှုသည်

မီးတောက်ထဲသို့

လောင်စာထည့်လိုက်သလိုပင်။

ရွှေနတ်ဆိုးဝံပုလွေကလန်၏

လက်ရှိအင်အားက

တိမ်ပင်လယ်အကယ်ဒမီနှင့်

ရှေးဟောင်းဓားကျောင်းတော်

တို့၏မဟာမိတ်တပ်ပေါင်းစုကို

ခုခံနိုင်စွမ်းမရှိကြတော့ပေ။ ထို့ကြောင့်

လူသားစစ်တပ်သည် ယုဂူရွှမ်၏ အမိန့်အရ

ရွှေနတ်ဆိုးဝံပုလွေမြို့တော် ဆီသို့

တိုက်ရိုက်ချီတက်ကာ လမ်း

တစ်လျှောက်သတ်ဖြတ်ကြသည်။

ယခုအချိန် လူသားစစ်တပ်၏
ရှေ့နှင့်နောက်က
အလောင်းများစွာဖြင့်ပြန့်ကျဲနေခဲ့သည်။

ရွှေနတ်ဆိုးဝံပုလွေမြို့တော်ရှေ့
အရောက်တွင် ယုဝူရှမ်က သူမ၏နောက်မှ
သန်းချီသောလူသားစစ်တပ်ကြီးကို
အချက်ပြကာ ခဏရပ်တန့်စေလိုက်သည်။

လူသားစစ်တပ်ထဲမှ အများစုက
တိမ်ပင်လယ်အကယ်ဒမီ၏
ထိပ်တန်းပါရမီရှင်များဖြစ်ပြီး

ကျန်တစ်ဝက်လောက်က

ရှေးဟောင်းဓားကျောင်းတော်၏

ထိပ်တန်းအဆင့်တပည့်များပင်။ ဒီအချိန်မှာ

အားလုံးက တိုက်ပွဲဝင်လိုစိတ်များ

ပြည့်နှက်နေခဲ့သည်။ သို့သော် သူတို့က

ရှေ့မတက်ဝံ့ဘဲ ယုဝူရှမ်၏ အမိန့်ကို

စောင့်မျှော်နေကြသည်။

ယခုအချိန်တွင် ရွှေနတ်ဆိုးဝံပုလွေမြို့သည်

မြို့ထဲရှိ အခြေအနေကို စီမံခန့်ခွဲဖို့

မည်သူမျှမရှိခဲ့ပေ။မည်သူမျှ

ထွက်မပြေးသော်လည်း မြို့ထဲမှ
အခြေအနေက ရှုပ်ယှက်ခတ်ပြီး ပရမ်းပတာ
ဖြစ်နေလေသည်။

ထင်ရှားသည်မှာ၊
ရွှေနတ်ဆိုးဝံပုလွေကလန်၏
သမိုင်းတစ်လျှောက်
ပထမဆုံးအကြိမ်အဖြစ် လူသားစစ်တပ်က
မြို့ထဲသို့ တိုက်ရိုက်ဝင်ရောက်လာသဖြင့်
တုန်လှုပ်နေကြခြင်းပင်။

“တိုက်ခိုက်ကြ....၊ တွေ့သမျှအရာ
အကုန်ဖျက်ဆီးပစ်လိုက်” ယုဂူရှမ်က
ရွှေနတ်ဆိုးဝံပုလွေမြို့တော်၏
အခြေအနေကို ကြည့်နေရင်းကနေ
အေးစက်စက်လေသံနှင့်
အမိန့်ပေးလိုက်သည်။

“သတ်” သူမ၏ နောက်ကွယ်ရှိ
လူသားစစ်တပ်က ပြိုင်တူဟစ်ကြွေးကာ
ရွှေနတ်ဆိုးဝံပုလွေမြို့တော် ဆီသို့
တရကြမ်းချီတက်ကြသည်။

"ရပ်" ထိုအချိန်တွင်
ကောင်းကင်ယံအထက်မှ ဒေါသတကြီး
အော်သံတစ်ခု ရုတ်တရက်
ထွက်ပေါ်လာပြီးနောက်
ရွှေနတ်ဆိုးဝံပုလွေဘုရင်နှင့်
နဂါးနက်ကြီးတို့က မြို့၏အထက်
ကောင်းကင်ယံတွင်
ပေါ်လာသည်။ဒီအချိန်မှာ
သူတို့နှစ်ယောက်လုံးက
လူသားပုံစံယူထားကြသည်။

ရွှေနတ်ဆိုးဝံပုလွေဘုရင်၏ မျက်နှာသည် တလိပ်လိပ်ဖြူဖျော့နေကာ တစ်ကိုယ်လုံး သွေးအတိဖုံးလွှမ်းထားသည်။ သိသာစွာပင် သူက အကြီးအကျယ် ဒဏ်ရာရသွားခဲ့ပုံပါ။

ရွှေနတ်ဆိုးဝံပုလွေဘုရင်
ရောက်ရှိလာသောကြောင့် ယုဝူရှမ်ကလည်း လူသားစစ်တပ်ကို ရပ်တန့်စေလိုက်သည်။

၁၂၅၄

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၅၄ - စစ်ပွဲကို

အနိုင်ရခဲ့သော်လည်း မထိုက်တန်ပါ

ရွှေနတ်ဆိုးဝံပုလွေဘုရင်က ယုဝူရှမ် နှင့် လူသားစစ်တပ်ကို ဂရုမစိုက်ခဲ့ပေ။ သူက နဂါးနက်ကို စိုက်ကြည့်ရင်း “မင်း ငါ့ကို သေတဲ့အထိ တိုက်ခိုက်ဖို့ တကယ်ပဲ ကြံနေတာလား"

နဂါးနက်က
ခပ်ပြတ်ပြတ်ပြန်ပြောလိုက်သည် "မင်း
ငါနဲ့ယှဉ်နိုင်မယ်ထင်လို့လား"

ရွှေနတ်ဆိုးဝံပုလွေဘုရင်က "ငါ့ဝိညာဉ်ကို
လောင်ကျွမ်းလိုက်ရင်ကော....၊
ဘာဖြစ်မလဲ"

နဂါးနက်ကြီးက မျက်ခွံများ အနည်းငယ်
လှုပ်ယမ်းသွားသည်။

ရွှေနတ်ဆိုးဝံပုလွေဘုရင်က
သူပြိုင်ဖက်မဟုတ်သော်လည်း ၎င်းသာ
စိတ်ဝိညာဉ်ကိုလောင်ကျွမ်းပါက
အဆင့်တူထက်ပင်ကျော်လွန်သွားပါလိမ့်မ
ည်။ စိတ်ဝိညာဉ်ကို လောင်ကျွမ်းခြင်းဟာ
တစ်စုံတစ်ဦး၏ ယာယီခွန်အားကို
ရယူဖို့အတွက် ပိုင်ဆိုင်ထားသမျှ
အရာအားလုံးကို စွန့်လွှတ်လိုက်ခြင်းပင်။
ထိုသို့သောအခြေအနေမျိုးတွင်
ရွှေနတ်ဆိုးဝံပုလွေဘုရင်၏ ခွန်အားသည်
ကြောက်မက်ဖွယ်အဆင့်သို့ရောက်ရှိလာမ

ည်ဖြစ်သည်။ အကယ်၍
ရွှေနတ်ဆိုးဝံပုလွေဘုရင် သာ ပို၍
ပြတ်သားပြီး သူ့ကိုယ်သူ
ဖောက်ခွဲခဲ့မည်ဆိုလျှင် သူကိုယ်တိုင်လည်း
လျှော့သွားနိုင်ပေသည်။

မှန်သည်။ ခြွင်းချက်အနေနှင့် သူသည်
တန်ကြေးတစ်ခုပေးဆပ်ပါက
ရွှေနတ်ဆိုးဝံပုလွေဘုရင်၏
စိတ်ဝိညာဉ်လောင်ကျွမ်းခြင်းအား
ကြောက်ရွံ့နေစရာ မလိုပေ။ သို့သော်

ပြဿနာက တန်ကြေးပေးဆပ်ဖို့အတွက်
မထိုက်တန်ဟုယူဆခဲ့သည်။ သူနှင့်
ရွှေနတ်ဆိုးဝံပုလွေဘုရင်က
ထာဝရမပြေနိုင်သော ရန်ငြိုးမရှိခဲ့ပေ။

"ယန်ယဲ့က မင်းတို့ နဂါးကလန်ရဲ့
လူသားကိုယ်စားလှယ်မဟုတ်ရင်
ဘယ်လိုလုပ်မလဲ။ ဒါဆို မင်းဘာလုပ်မှာလဲ"
ရွှေနတ်ဆိုးဝံပုလွေဘုရင်က
ဆက်ပြောလိုက်၏ “မင်းရဲ့အမြင်မှာ သူက
ဘယ်လိုမျိုးလဲဆိုတာ ငါသိတယ်။ တစ်ခုပဲ

သူက မင်းရဲ့နဂါးကလန်နဲ့ သေချာပေါက်
ဆက်စပ်နေတယ်။ ဒါက ဒါပဲလေ။ သူက
လူသားကိုယ်စားလှယ်မဟုတ်ရင် သူ
မင်းကိုအသုံးချသွားတာမဟုတ်ဘူးလား"

"ဒါပေမယ့် သူက ဘာဖြစ်လဲ" ယုဝ္ဂူရွှမ်က
နဂါးနက်ကြီးကို စိုက်ကြည့်ရင်း ရုတ်တရက်
ပြောလိုက်လေသည်"အကြီးအကဲ၊
သေချာစဉ်းစားကြည့်ပါ။ တကယ်လို့ သူ့မှာ
နဂါးကလန်နဲ့
လုံးဝနီးကပ်တဲ့ဆက်ဆံရေးမျိုးမရှိရင်

နဂါးကလန်ရဲ့အဆင့်မြင့်ပညာရှင်က
လူသားတစ်ယောက်ကို
သွေးမျိုးဆက်အမွေအနှစ် ပေးပါ့မလား။
ဒါ့အပြင် နဂါးကလန်က ဆန္ဒမရှိရင်
လူသားတစ်ယောက်က သွေးမျိုးဆက်ကို
အတင်းအကြပ်ပေါင်းစပ်ဖို့ဆိုတာ
ဖြစ်နိုင်လား"

နဂါးနက်ကြီးက မျက်ခုံးကြောများ
တွန့်ကွေးနေသည်ထိ
စဉ်းစားခန်းဝင်နေလေသည်။ အမှန်တော့

သူ့စိတ်ထဲ၌ ယန်ယဲ့အပေါ် သိပ်မယုံခဲ့ပေ။
သို့သော်လည်း ယန်ယဲ့သည်
အလွန်ထူးခြားပြီး နဂါးကလန်၏
အဆင့်မြင့်သွေးမျိုးဆက်ကို
အမွေဆက်ခံထားသည်။ ထိုအရာက သူ့ကို
အတော်လေး စိတ်ရှုပ်ထွေးစေသည်။

အုန်း! အုန်း! ဘမ်း...

ထိုအခိုက်တွင် ကောင်းကင်ယံအထက်မှ
ပေါက်ကွဲသံများ

ဆက်တိုက်ထွက်ပေါ်လာပြီးနောက်
ရွှေနတ်ဆိုးဝံပုလွေတောင်တန်း နှင့်
တိမ်ပင်လယ်အကယ်ဒမီ၏
သိုင်းသူတော်စင်များ အားလုံး မြို့အထက်
ကောင်းကင်ယံတွင် ပေါ်လာကြသည်။

ရွှေနတ်ဆိုးဝံပုလွေတောင်တန်း၏
သိုင်းသူတော်စင်များ သို့မဟုတ်
တိမ်ပင်လယ်အကယ်ဒမီဖက်တွင်ဖြစ်စေ
နှစ်ဖက်လုံးက အပြင်းအထန်
ဒဏ်ရာရနေကြသည်။ အကယ်၍သာ

ဆက်၍တိုက်ခိုက်နေပါက နှစ်ဖက်စလုံးက သိုင်းသူတော်စင်များ အကုန်လျှော့သွားပါလိမ့်မည်။

ရွှေနတ်ဆိုးဝံပုလွေဘုရင်က ယုဝူရှမ်နှင့် လူသားစစ်တပ်ကို တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် သူ၏အကြည့်များသည် အဆုံးတွင် တိမ်ပင်လယ်အကယ်ဒမီမှ သိုင်းသူတော်စင်များထံ ဆင်းသက်လာပြီး "ငါ့ရဲ့ရွှေနတ်ဆိုးဝံပုလွေကလန်က ဒီစစ်ပွဲမှာ

ရှုံးသွားပြီဆိုတာ ဝန်ခံပါတယ်။

တကယ်ပါပဲ၊...

ရွှေနတ်ဆိုးဝံပုလွေတောင်တန်းက

စစ်ရှုံးသွားပြီ။ ဒီနေ့တော့ ဒီလောက်ပဲ

ပြောပါရစေ။ ငါတို့စစ်ရှုံးသွားပေမယ်လို့

လုံးဝလက်နက်ချမှာတော့မဟုတ်ဘူး။

မင်းတို့ တိမ်ပင်လယ်အကယ်ဒမီက

ဆက်ပြီး တိုက်ပွဲဝင်ချင်တယ် ဆိုရင် ငါတို့

တတ်နိုင်တယ်။ ပိုဆိုးလာရင် ငါတို့ ရဲ့

သိုင်းသူတော်စင်တွေက

စိတ်ဝိညာဉ်ကိုလောင်ကျွမ်းပြီး အားလုံးကို ဆွဲချမယ်"

ရွှေနတ်ဆိုးဝံပုလွေဘုရင်၏ နောက်ထပ်စကားကို ကြားလိုက်သောအခါ နည်းပြဆရာကျူးနှင့် အာဏာပိုင်များလည်း အမူအရာများ ပြောင်းလဲသွားကြသည်။

အကယ်၍ ရွှေနတ်ဆိုးဝံပုလွေဘုရင် နှင့် အခြား သိုင်းသူတော်စင် ၄ ယောက်ကသာ ၎င်းတို့၏ စိတ်ဝိညာဉ်များကို

လောင်ကျွမ်းပါက

တိမ်ပင်လယ်အကယ်ဒမီနှင့်

တိမ်ပင်လယ်မြို့ပါ အစအနပင်မကျ

န်ပျက်စီးသွားပါလိမ့်မည်။ အကြောင်းမှာ

သိုင်းသူတော်စင်များ၏

စိတ်ဝိညာဉ်လောင်ကျွမ်းခြင်းက

ကောင်းကင်တာအိုမျက်လုံးကို

လျစ်လျူရှုထားနိုင်သောကြောင့်ပင်။

ထို့အပြင် စိတ်ဝိညာဉ်လောင်ကျွမ်းခြင်းဟာ

သူတို့အားလုံးကို

ပြန်လည်ဝင်စားခြင်းသံသရာစက်ဝန်းထဲသို့

ဝင်ရောက်ခွင့်မရှိပေ။ ထိုအတွက်
ကောင်းကင်တာအိုမျက်လုံးက
တိုက်ခိုက်ဖို့အသာထား
ငြိမ်ချမ်းစွာ ကြည့်နေနိုင်ပေသည်။

ဒီအချိန်မှာ မည်သူမျှ
ရွှေနတ်ဆိုးဝံပုလွေဘုရင်၏ စကားကို
သံသယမဝင်မိပါ။
ရွှေနတ်ဆိုးဝံပုလွေကလန်က
ပျက်သုဉ်းခါနီးနေပြီဖြစ်ရာ သူ့အတွက်
ဘာမှထောက်ထားနေစရာမရှိတော့ပေ။

"ဒီကိစ္စမှာ ငါဝင်စွက်မှာမဟုတ်ဘူး"
ထိုအချိန်တွင် နဂါးနက်က
ဆတ်ခနဲပြောလိုက်သည် “ငါက
နဂါးမျိုးနွယ်စုရဲ့
လူသားကိုယ်စားလှယ်အကြောင်း
ဘိုးဘေးတွေကို မေးဖို့
ဗဟိုနတ်ဘုရားစီရင်စုကို
ပြန်သွားတော့မယ်။ ယန်ယွဲ့ပြောတာသာ
အမှန်ဆိုရင် မင်းရဲ့
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းက

သေချာပေါက်ပျက်စီးရမယ်။
သူလိမ်ရင်တော့
သူနဲ့သက်ဆိုင်တဲ့လူအားလုံးအသတ်ခံရမယ်
"

ထိုစကားပြောပြီးသည်နှင့် နဂါးနက်ကြီးက
ကောင်းကင်ယံအထက်သို့ ပျံတက်ကာ
ပျောက်ကွယ်သွားသည်။

ရွှေနတ်ဆိုးဝံပုလွေဘုရင်က သူ့စိတ်ထဲတွင်
သက်သာရာရကာ သက်ပြင်းချလိုက်ပြီး
နည်းပြဆရာကျူး နှင့် အခြားသူများကို

စိုက်ကြည့်ကာ "ငါတို့ အတူတူ
အသေခံကြမလား"

နည်းပြဆရာကျူး၏ မျက်နှာသည်
မှိုင်းညို့နေပြီး အချိန်အတော်ကြာ
တိတ်ဆိတ်သွားသည်။ ထို့နောက် ယုဝူရှမ်ကို
ရုတ်တရက် စိုက်ကြည့်ကာ "ယန်ယဲ့
ဘယ်မှာလဲ"

ယုဝူရှမ်က သူမ၏ လက်သီးများကို
တင်းတင်းဆုပ်ထားပြီး

"တစ်စုံတစ်ယောက်က သူ့ကို ခေါ်သွားခဲ့တယ်။ ဒါပေမဲ့ အဲဒီလူက သူ့အပေါ် မကောင်းကြံတာမျိုး မဖြစ်သင့်ဘူး"

နည်းပြဆရာကျူး က ခေါင်းညိတ်လိုက်ပြီး ရွှေနတ်ဆိုးဝံပုလွေဘုရင် ကိုကြည့်ကာ "ရွှေနတ်ဆိုးဝံပုလွေဘုရင်၊ မင်းက ငါတို့ကို စိတ်ဝိညာဉ်လောင်ကျွမ်းတာနဲ့ ခြိမ်းခြောက်နိုင်မယ်လို့ မထင်နဲ့။ ဌာနမှူးက သူ့ရဲ့စိတ်ဝိညာဉ်ကို လောင်ကျွမ်းပြီး

အနစ်နာခံသွားတာဖြစ်လို့

ငါ့တိမ်ပင်လယ်အကယ်ဒမီက ဒီကိစ္စကို

ဒီအတိုင်း မထားတာ သေချာတယ်။

ယန်ယဲ့က အခုလက်ရှိ

ငါတို့တိမ်ပင်လယ်အကယ်ဒမီရဲ့ဥာနမှူးဘဲ။

ဒီတော့ ငါတို့က ဆက်ပြီးတိုက်ခိုက်မယ်

မတိုက်ခိုက်ဘူးဆိုတာက

သူပဲဆုံးဖြတ်လိမ့်မယ်။ ဒါပေမဲ့

သူ့ရဲ့အကျင့်စရိုက်အရဆိုရင်တော့ မင်းက

ကိုယ့်ကိုယ်ကို စိတ်ဝိညာဉ်လောင်ကျွမ်းဖို့

အချိန်မရွေးပြင်ထားသင့်တယ်။ စိတ်မပူပါနဲ့၊

ငါတို့လည်း မင်းအားလုံးနဲ့ အတူ
လောင်ကျွမ်းပေးမယ်"

ရွှေနတ်ဆိုးဝံပုလွေဘုရင်က
မျက်နှာတစ်ပြင်လုံး မည်းမှောင်နေကာ
လက်သီးများကို တင်းတင်းဆုပ်ထားသည်။

ယုဝူရွှမ်က ရွှေနတ်ဆိုးဝံပုလွေဘုရင်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
လူသားစစ်တပ် ထံလှည့်၍
ရုတ်တရက်ပြောလိုက်သည်

"တိမ်ပင်လယ်မြို့ရဲ့တပ်ဖွဲ့တွေ၊ ငါ့အမိန့်ကို နားထောင်ကြ။ ဒီနေရာမှာ စခန်းချပြီး သတိအပြည့်ထားစောင့်ကြည့်ပါ။ ရွှေနတ်ဆိုးဝံပုလွေဘုရင်က သူ့ရဲ့စိတ်ဝိညာဉ်ကို လောင်ကျွမ်းမဲ့အချိန်ထိ ငါတို့စောင့်နေမယ်"

...

တိမ်ပင်လယ်မြို့တော်မှ ကီလိုမီတာ (၅,၀၀၀) ကျော်ဝေးသော တောင်တန်းတစ်ခု၏ အနက်ပိုင်းတွင်...။

ဒီအခိုက်အတန့်မှာ...

ယန်ယဲ့ နှင့် မေ့လျော့ခြင်းကေရီ တို့က

မြေပြင်ပေါ်တွင် လဲလျောင်းနေကြသည်။

ယန်ယဲ့၏မျက်နှာသည်

ပုပ်ပွနေသေးသော်လည်း ယခင်ကထက်

များစွာနှေးကွေးသွားခဲ့သည်။

မေ့လျော့ခြင်းကေရီ၏ ခန္ဓာကိုယ်သည်

အိုမင်းရင့်ရော်ဆဲဖြစ်သည်။ သို့သော်

အလားတူပင် သူမ၏ ခန္ဓာကိုယ်သည်လည်း

အရှိန်နှေးကွေးသွားခဲ့သည်။

သူတို့ရှေ့တွင်တော့ အနက်ရောင်ဝတ်
အမျိုးသမီးတစ်ဦးက ရပ်နေကာ
“နောက်ပြန်လှည့်စမ်း” ဟု ရုတ်တရက်
အော်လိုက်သည်။

ထိုအမျိုးသမီး စကားပြောသည်နှင့်
တပြိုင်နက် ထိတ်လန့်ဖွယ်ရာ
မြင်ကွင်းတစ်ခု ပေါ်လာသည်။

ယန်ယဲ့၏ ပုပ်ပွဆွေးမြေ့နေသော ခန္ဓာကိုယ်သည် တဖြည်းဖြည်းနှင့် ပုံမှန်အတိုင်းပြန်ကောင်းလာခဲ့သည်။ အရှိန်က အတော်လေးနှေးကွေးသော်လည်း မူလအခြေအနေကို ပြန်ရောက်ဖို့ သိပ်မကြာလိုက်ပေ။

ပထမဆုံး သူ့မျက်နှာက ဖြည်းဖြည်းချင်း ပုံမှန်ပြန်ဖြစ်သွားသည်။ ထို့နောက် သူ့လက်မောင်းနှစ်ဖက်က တဖြည်းဖြည်း ပေါ်လာသည်။ ထိုအချိန်တွင် ယန်ယဲ့၏ နံဘေး၌ လဲလျောင်းနေသော

မေ့လျော့ခြင်းကောရီ လည်း
ပြန်လည်ကောင်းမွန်လာခဲ့သည်။
သူမ၏ အိုမင်းရင့်ရော်နေသော
ခန္ဓာကိုယ်လေးက ညှိုးနွမ်းရာမှ
အသစ်ပြန်ပေါက်လာသော
သစ်ပင်တစ်ပင်ကဲ့သို့ပင်၊ ဖြည်းဖြည်းချင်း
ပုံမှန်ပြန်ဖြစ်သွားသည်။

အချိန်တော်တော်ကြာပြီးနောက် ယန်ယဲ့ နှင့်
မေ့လျော့ခြင်းကောရီ တို့နှစ်ယောက်လုံး
ပုံမှန်ပြန်ဖြစ်သွားကြတော့သည်။

ယန်ယဲ့သည် သူ့မျက်လုံးများကို
ဖြည်းညှင်းစွာဖွင့်ကြည့်လိုက်ရာ
ရင်းနှီးနေသောမြင်ကွင်းတစ်ခုဖြစ်သည့်
အနက်ရောင်ပိတ်ချောဝတ်ရုံ၊ ခြေဗလာနှင့်
အနက်ရောင်သံကြိုးများပတ်ထားသည့်
ခန္ဓာကိုယ်လေးကို မြင်လိုက်ရသည်။

"အဲဒါမင်းပဲကိုး..." ယန်ယဲ့က ရုတ်တရက်
ခပ်တိုးတိုးပြောလိုက်သည်။
ထိုအမျိုးသမီးက သူ့ဖက်သို့
ကျောခိုင်းထားသော်လည်း သူ့ရှေ့တွင်

ရပ်နေသူကို မမေ့နိုင်ပေ။ သူမက
ဆန်းကြယ်တိုက်ကြီးတွင် သူနှင့်
သိကျွမ်းခဲ့သော ငရဲကေရီ
ဖြစ်နေသောကြောင့်ပါ။

ငရဲကေရီက နောက်လှည့်မကြည့်ဘဲ
"မတွေ့တာကြာပြီ"ဟု ပြောလိုက်လေသည်။

ယန်ယဲ့က မတ်တပ်ထရပ်ပြီး သူမဆီသို့
လျှောက်သွားလိုက်သည်။ ထိုအချိန်တွင်

ငရဲကေရီက ရုတ်တရက် အလျင်စလိုဖြင့်
အော်ပြောလိုက်သည် "ဒီကိုမလာနဲ့"

ယန်ယဲ့က အနည်းငယ် အံ့အားသင့်သွားပြီး
"ဘာလို့လဲ" ဟု အံ့ဩနေသောလေသံဖြင့်
မေးလိုက်၏။

ငရဲကေရီက အချိန်အတော်ကြာအောင်
တိတ်တိတ်ဆိတ်ဆိတ်နေပြီးမှ ပြောသည်
"ငါ့ အခုဘယ်လိုပုံစံလဲဆိုတာ
နင့်ကိုမမြင်စေချင်ဘူး"

ဒီစကားက ယန်ယဲ့၏ နှလုံးသားထဲတွင် မကောင်းသော ခံစားချက်တစ်ခု ပေါ်လာသည်။

သူက ဖျပ်ခနဲဆိုသလို လှူပ်ရှားလိုက်ရာ ငရဲကေရီ၏ ရှေ့၌ ပေါ်လာသည်။

အတိတ်တစ်ချိန်က သူရင်းနှီးခဲ့သော မျက်နှာလေးကို စိုက်ကြည့်လိုက်ရာ အလွန် အံ့သြသွားသည်။

"သူမက ငါသိတဲ့ ငရဲကေရီလား..."

ဒီအခိုက်အတန့်တွင် ငရဲကေရိက

မေ့လျော့ခြင်းကေရိ ကဲ့သို့

အိုမင်းရင့်ရော်နေခဲ့၏။

အတိတ်တစ်ချိန်တုန်းကလို

ထက်မြက်ပြီးစူးရှသော

သူမ၏မျက်ဝန်းအစုံက  ခေါင်းတလားထဲသို့

ဝင်ခါနီး အဘွားအိုတစ်ယောက်လိုမျိုး

ဖြစ်နေခဲ့သည်။

ငရဲကေရိက ယန်ယဲ့

တိတ်ဆိတ်သွားသည်ကို မြင်တော့ "ငါက

အရမ်းရုပ်ဆိုးနေတာလား"
ဟုမေးလိုက်သည်။

“မင်း....” ယန်ယဲ့က အံ့ဩသွားပြီး "မင်း
ဘာဖြစ်သွားတာလဲ"

အပိုင်း ၁၂၅၅ - လုယန်ဟောင်နှင့် ပတ်သက်သည့်သတင်း

"ငါတို့က သူမ ဒီလိုဖြစ်သွားရတဲ့ အကြောင်းရင်းဘဲ" ထိုအချိန်တွင် မေ့လျော့ခြင်းကေရီက ရုတ်တရက်ဆိုသလို ပြောခဲ့သည် “သူမက အနာဂတ်ကို ပြောင်းပြန်လှန်(ပြန်ဆွဲယူ)နိုင်တဲ့ စွမ်းရည်ကို အပြည့်အဝ ဆုပ်ကိုင်မထားသေးဘူး၊ ဒါပေမဲ့ နင့်ရဲ့ဥပဒေသ စွမ်းအင်နဲ့ ငါ့ရဲ့ အထူးစွမ်းရည်တွေကို ချေဖျက်ဖို့

အဆုံးအစွန်ထိ ထုတ်သုံးခဲ့ရတယ်။ ဒါ သူမ ပေးရတဲ့ တန်ကြေးက သက်တမ်းဘဲ။ အခုဆိုရင် သူမ အသက်ရှင်ဖို့က တစ်နှစ်တောင်မကျန်တော့ဘူး။ တကယ်လို့ ဒီတစ်နှစ်အတွင်းမှာ သိုင်းသူတော်စင်အဆင့်ကို မတက်နိုင်ရင် သေသွားလိမ့်မယ်”

ဒီအချက်အထိ ပြောပြီးသောအခါ မေ့လျော့ခြင်းကေရီက ငရဲကေရီ ထံသို့ လျှောက်သွားကာ

မျက်လုံးချင်းတည့်တည့်ကြည့်၍ "နင်ဘာလို့ ဒီလိုလုပ်တာလဲ ငါ နားမလည်ဘူး"

ယန်ယွဲ့၏ မျက်လုံးများသည် ကျဉ်းမြောင်းလာပြီး ငရဲကေရီကို စူးစိုက်ကြည့်ကာ "သူမ အမှန်အတိုင်းပြောနေတာလား"

ငရဲကေရီက "သိုင်းသူတော်စင်အဆင့် ကိုရောက်ဖို့ သိပ်မခက်ပါဘူး" ဟု မပြောခင် အချိန်အတော်ကြာအောင်

နှုတ်ဆိတ်နေခဲ့သည်။ ထို့နောက် မေ့လျော့ခြင်းကောရီကို စိုက်ကြည့်ကာ “ငါ သူနဲ့ သီးသန့် ဆွေးနွေးစရာ ရှိတယ်။ ဒါဆို နင်က ခဏလောက်ဘေးဖယ်နေဦး၊ အဆင်ပြေလား”

မေ့လျော့ခြင်းကောရီက  "ငါရခဲ့တဲ့အမိန့်က သူ့ကိုသတ်ဖို့ဘဲ"

ငရဲကေရီက သူမကို စူးစူးရဲရဲ ကြည့်ကာ "ငါတို့နှစ်ယောက်သာ ပေါင်းလိုက်ရင် နင့်ကိုသတ်ဖို့က သိပ်မခက်ဘူးနော်"

မေ့လျော့ခြင်းကေရီက မျက်ခွံများ အနည်းငယ် လှုပ်ယမ်းသွားပြီး "နင်... နင် ငရဲခန်းမကို သစ္စာဖောက်ရဲလား"

ငရဲကေရီက "ယန်ယဲ့က ငရဲခန်းမအတွက် ဘာမှအရေးမပါဘူး။ ဂိုဏ်းသခင်နဲ့ တခြားအာဏာပိုင် ၂ ဦးက သူ့ကို

အာရုံတောင်မစိုက်ကြဘူး။ သူတို့ နင့်ကို ပို့ရတဲ့ အကြောင်းရင်းက ထင်းရှူးစီရင်စုက ကျင့်ကြံသူတွေကို အခြေအနေကြည့်ပေးဖို့ သက်သက်ဘဲ။ အခု နင့်တာဝန်ပြီးသွားပြီလို့ ဗဟိုနတ်ဘုရားစီရင်စုကိုပြန်သင့်ပြီ။ ပြီးတော့ နင် ဒါကိုသတင်းပို့နေသရွေ့ ဒီကိစ္စကို မေ့သွားလိမ့်မယ် မဟုတ်လား"

မေ့လျော့ခြင်းကောရီက "ဘာလို့ဒီလိုလုပ်ရတာလဲ"

"နင်မလုပ်ရင် နင်နဲ့ နင့်လက်ထဲမှာရှိတဲ့ မြေခွေးသေလိမ့်မယ်" ငရဲကေရီက မေ့လျော့ခြင်းကေရီကို စူးစူးစိုက်စိုက်စိုက်ကြည့်ကာ သူမ၏မျက်လုံးထဲက သတ်ဖြတ်လိုစိတ်ကို ဖုံးကွယ်မထားပေ။

"နင်လုပ်ဝံ့လား" မေ့လျော့ခြင်းကေရီက မြေခွေးဖြူလေးကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားလိုက်၏။ ထို့နောက် သူမ၏ မျက်လုံးထဲ၌

သတ်ဖြတ်ခြင်းအငွေ့အသက်များ
တိုးဝင်လာသည်။

ငရဲကေရီက ခေါင်းညိတ်ကာ "ဒါဆို
နင်စမ်းကြည့်ချင်လား"

မေ့လျော့ခြင်းကေရီ နှင့် ငရဲကေရီ တို့သည်
တစ်ယောက်ကိုတစ်ယောက်
အချိန်အကြာကြီး
စိုက်ကြည့်နေကြသည်။ အဆုံးတွင်
မေ့လျော့ခြင်းကေရီသည်

သူမ၏အကြည့်ကို ဆုတ်လိုက်ပြီး
"နင်ငါ့အသက်ကို ကယ်ခဲ့တယ်၊ ဒါကြောင့်
နင့်ကို အခုတစ်ခါပြန်ပေးလိုက်မယ်။
အခုကစလို့ ငါ မင့်ကို
အကြွေးမတင်တော့ဘူး" စကားပြောပြီးသ
ည်နှင့် လှည့်ထွက်သွားသည်။

အချိန်တော်တော်ကြာပြီးနောက် သူမက
နှစ်ယောက်စလုံး ရှေ့ကနေ လုံးဝ
ပျောက်ကွယ်သွားပါတော့သည်
။

မေ့လျော့ခြင်းကေရီ ထွက်သွားပြီးနောက်
ယန်ယဲ့က စကားပြောဖို့ ပြင်လိုက်စဉ်မှာပဲ
ငရဲကေရီက ရုတ်တရက် သူ့ကို "နင်က
အရမ်းသန်မာတယ်လို့ ထင်နေတာလား"

ယန်ယဲ့သည် ဒီစကားကြောင့်
ဘာပြောရမှန်းပင်မသိပေ။

ငရဲကေရီက မျက်တောင်မခတ်ဘဲ ယန်ယဲ့ကို
စိုက်ကြည့်နေသည်။ သူမက "နင်က
ငရဲခန်းမ အတွက်  ဘာလဲဆိုတာ
နင်သိလား။ နင်က ပုရွက်ဆိတ်၊

သူတို့အတွက် နင်က
သေးငယ်တဲ့ပုရွက်ဆိတ်လေးတစ်ကောင်ဘဲ
။ သူတို့က နင့်ကိုသတ်ချင်ရင်
ထင်းရှူးစီရင်စုတစ်ခုလုံးရဲ အင်အားစုတွေ
ပူးပေါင်းရင်တောင် နင့်ကို
ကယ်တင်နိုင်မှာမဟုတ်ဘူး”

ယန်ယဲ့က တိုးတိုးလေးပြောလေသည်
"ဒါဆို သူတို့ သတ်တာကိုသာ ငြိမ်ခံနေပြီး
ငါပြန်မတိုက်ခိုက်နိုင်ဘူးလို့
မင်းပြောနေတာလား"

ငရဲကေရီက အနည်းငယ်
စိတ်ပျက်လက်ပျက်ဖြင့် သူ့ကို
လှမ်းကြည့်ကာ "ရောင်စဉ်ဖြာဒေသကို
ရောက်တာနဲ့ နင့်ရဲ့စရိုက်က
ပြောင်းလဲသွားလိမ့်မယ် လို့ ငါထင်ခဲ့တယ်၊
ဒါပေမယ့် နင်ကတော့ ဒီအတိုင်းပါပဲ။ ဒီနေ့
ငါဒီကိုမလာရင် နင်ဘာဖြစ်သွားမလဲလို့
မေးပါရစေ။ နင်သေလိမ့်မယ်! မေ့လျော့ခြ
င်းကေရီကို သတ်နိုင်ခဲ့ရင်တောင် နင်လည်း
သေမှာပဲ။ ဘာကြောင့်လဲဆိုတော့ သူမကို

သတ်လိုက်တာနဲ့ ငရဲခန်းမက သေချာပေါက် ဒေါသထွက်သွားလိမ့်မယ်။ အဲဒီအချိန်မှာ နင်မှန်းတောင်မမှန်းနိုင်တဲ့ ပညာရှင်တွေ ရောက်လာလိမ့်မယ်။ နင်က အခုအချိန်မှာ လူတော်တော်များများရဲ့အမြင်မှာ အားကောင်းနေပေမယ့် တော်တော်များများရဲ့အမြင်မှာတော့ နင်ဟာ အရမ်းအားနည်းနေသေးတယ်။ နားလည် လား"

ဒီအချက်ကို ပြောရင်း ငရဲကေရိက

သူမ၏မျက်လုံးများကိုမှိတ်ထားကာ

"ယန်ယဲ့၊ နင်ဒါကို ကိုယ်တိုင်လုပ်ဖို့

ငြင်းဆန်နေရင်တောင် နင့်မိန်းမတွေအတွက်

ထည့်စဉ်းစားပေးရမယ်လေ။ နင်သေရင်

သူတို့ ဘာဖြစ်သွားမလဲ”

ယန်ယဲ့သည် လက်သီးများကို

တင်းတင်းဆုပ်ကာ နှုတ်ဆိတ်နေခဲ့သည်။

ငရဲကေရီက “နင် နှစ်သက်သလို
ပြုမူနိုင်ပါတယ်၊ ဒါပေမဲ့
အကြွင်းမဲ့ခွန်အားဆိုတဲ့
အခြေခံအုတ်မြစ်ပေါ်မှာပဲ
ပြီးအောင်လုပ်နိုင်မှာ။ ငရဲခန်းမရဲ့
အဖွဲ့ဝင်တွေကို သတ်နိုင်တယ်ဆိုပေမဲ့
ဘယ်လိုကြောင့်
ပေါ်တင်သတ်လိုက်ရတာလဲ။ နင်သာ ဒါကို
ဗဟိုနတ်ဘုရားစီရင်စုမှာ လုပ်ခဲ့မယ်ဆိုရင်
အခုဆို အကြိမ်တစ်ရာလောက် သေနေပြီ။
သဘောပေါက်လား…၊ နင်သေမဲ့အပြင်ကိုမှ

နင်နဲ့ဆက်နွယ်နေတဲ့သူအားလုံးပါ
အကုန်အသတ်ခံရလိမ့်မယ်"

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး "ငါက
စိတ်မြန်လက်မြန်လုပ်တတ်လို့
ဗဟိုနတ်ဘုရားစီရင်စုရဲ့ပါရမီရှင်တွေနဲ့
အင်အားစုတွေကို
လျှော့တွက်ခဲ့တယ်။ စိတ်မပူနဲ့၊ ဒါမျိုး
ငါထပ်မလုပ်တော့ဘူး"

ငရဲကောရီက ယန်ယဲ့ကို စိုက်ကြည့်လိုက်ပြီး

“ဒါက ရောင်စဉ်ဖြာဒေသလေ၊

ဆန်းကြယ်တိုက်ကြီးနဲ့ လုံးဝ

မတူဘူး။ ဒီနေရာမှာ မရေမတွက်နိုင်တဲ့

သိုင်းသူတော်စင်တွေအပြင်

သိုင်းသူတော်စင်ရဲ့အထက်ဆင့်ပညာရှင်တွေ

ပါ ရှိနေသေးတယ်။ ဒါ့အပြင်

အပြင်လောကကလာတဲ့ တည်ရှိမှုတွေမှာ

အများကြီးရှိနေတယ်။ ငါတို့တွေက

လောကစကြဝဠာအထဲက

ရေစက်လေးတစ်စက်လောက်သာသာဘဲ၊

ဒီလောကငါတို့ ထက်ပိုထူးချွန်တဲ့သူတွေ
အများကြီးဘဲ။ ပြောချင်တာက
ငရဲခန်းမရဲ့အဖွဲ့ဝင်တွေကို
သတ်လို့မရဘူးဆိုတာဘဲ၊ နင်က
သတ်ချင်တယ်ဆိုရင်တောင်
ပေါ်တင်လုပ်ဖို့က
မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါက
နင့်ကို ကပ်ဘေးတွေ သေချာပေါက်
ရောက်လာစေမှာ။ ပြီးတော့
နင့်ဘေးနားကလူတိုင်းလည်း
ခံစားရလိမ့်မယ်"

"ငါ အရမ်းအားနည်းနေသေးတယ်"
ယန်ယဲ့သည် တိုးညှင်းစွာ
ရေရွတ်ရင်း  သူ့လက်သီးများကို
ဖြည်းညှင်းစွာ ဆုပ်ထားသည်။

ငရဲကေရီ ပြောသည်မှာ လုံးဝမမှားကြောင်း
သူလည်း ကောင်းစွာသိထား၏။ သူသည်
ငရဲခန်းမ၏ စစ်မှန်သော
ခွန်အားကိုမသိခဲ့ပေ၊ သို့သော်လည်း
ငရဲခန်းမကနေ စေလွှတ်လိုက်သော

မေ့လျော့ခြင်းကေရီ ကဲ့သို့
ပညာရှင်တစ်ယောက်ကပင်
အလွန်ကြောက်စရာကောင်းသည်။ ဒီအဖြစ်
ပျက်က ငရဲခန်းမ၏

စစ်မှန်သောခွန်အားသည်
မည်မျှထိတ်လန့်စရာကောင်းသည်ကို
သိသာစေပါသည်။

ငရဲကေရီ ပြောခဲ့သလိုပါဘဲ၊ ငရဲခန်းမ သာ
သူ့ကိုသတ်ဖို့
အဆင့်မြင့်ပညာရှင်တစ်ယောက်

စေလွှတ်လိုက်ပါက
မည်သို့လုပ်နိုင်မည်နည်း။
တိမ်ပင်လယ်အကယ်ဒမီ၊
ရှေးဟောင်းဓားကျောင်းတော်၊ ယုဝူရှမ်၊
အခြားသူများ ဘာလုပ်ကြမည်နည်း။

အဆင့်မြင့်ပညာရှင်တစ်ဦးကို မဆိုလိုပါ၊
ဒီနေ့အဖြစ်အပျက်တွင် ငရဲကေရီ သာ
ရောက်မလာခဲ့ပါက
နောက်ဆက်တွဲအကျိုးဆက်ဟာ
မှန်းဆ၍ပင်မရနိုင်ပေ။ ထိုအချိန်တွင်ပင်

သူသည် ငရဲကေရိကို ယခုကဲ့သို့
ကြီးမားသော တန်ကြေးဖြင့်
ပေးဆပ်ရစေခဲ့သည်။

"ရောင်စဉ်ဖြာဒေသက
ထူးခြားတဲ့နေရာတစ်ခုဘဲဆိုတာ သိထားပါ။
ဒီမှာက မရေမတွက်နိုင်တဲ့
အောက်ကမ္ဘာအသီးအသီးက ပါရမီရှင်တွေ
ရောက်နေတဲ့အပြင် ရောင်စဉ်ဖြာဒေသနဲ့
အပြင်လောကရဲ့လူတွေလည်း
ရှိသေးတယ်။ သူတို့က မတူညီတဲ့

ကြယ်ဒေသတွေကနေ
ရောက်လာကြတာဘဲ။ ပြီးတော့ သူတို့ထဲက
တစ်ယောက်ချင်းစီက
တကယ့်ပါရမီရှင်တွေချည်းဘဲ။
ရောင်စဉ်ဖြာဒေသမှာ အသန်မာဆုံးသူ
ဆိုတာမရှိဘူး။ ဘာလို့လဲဆိုတော့
ပိုသန်မာသူတစ်ယောက် အမြဲရှိနေလို့လေ။
ငရဲခန်းမ လို ထူးခြားတဲ့အင်အားစုကတောင်
ဗဟိုနတ်ဘုရားစီရင်စုမှာ
စိတ်ရှိသလိုထင်တိုင်းမလုပ်ရဲဘူး"
ငရဲကေရီက စကားကို ခဏရပ်ကာ ပြီးမှ

ဆက်ပြောသည် “ဒါပေမဲ့ နင့်မှာ ကျောထောက်နောက်ခံနဲ့ ခွန်အား မရှိဘူး။ ဒါကြောင့် နင်ဗဟိုနတ်ဘုရားစီရင်စုကိုသွားတဲ့အခါ ဒီလိုအကျင့်စရိုက်ကို ဆက်ထိန်းထားရင် နင့်ဘေးနားကလူတိုင်းပါ ဆွဲချခံရလိမ့်မယ်"

ယန်ယဲ့သည် အချိန်တော်တော်ကြာထိ နှုတ်ဆိတ်နေခဲ့လေသည်။ ခဏအကြာမှ "ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ မင်းရဲ့အကူအညီအတွက်

ငါကျေးဇူးတင်ပါတယ်။ စိတ်မပူပါနဲ့....
အခုကစပြီး
အတတ်နိုင်ဆုံးသတိထားပါ့မယ်"

ငရဲကေရီက သူ့ကို တစ်ချက်ကြည့်လိုက်ပြီး
လေးလေးနက်နက် စဉ်းစားပြီးနောက်
"လုယန်ဟောင် က ဗဟိုနတ်ဘုရားစီရင်စုမှာ
ရှိနေတယ်။ ဒီမတိုင်ခင် နင့်ကိုလိုက်ရှာနေတဲ့
လုကလန်ကအဲဒီလူကို သူပို့လိုက်တာ
ဖြစ်နိုင်တယ်။ လုယန်ဟောင် က
လုကလန်ဌာနခွဲရဲ့ဘိုးဘေးတစ်ဦးသာ

ဆိုပေမယ်လို့ နင် သူ့ကို
လျှော့တွက်လို့မရဘူး။ ဘာလို့လဲဆိုတော့
လုကလန်က ဗဟိုနတ်ဘုရားစီရင်စုရဲ့
မဟာကလန်ကြီး(၄)ခုထဲက
တစ်ခုဖြစ်နေလို့ဘဲ။ သူတို့ရဲ့ခွန်အားက
နင်ဘယ်လိုမှ
ဆန့်ကျင်နိုင်တဲ့အရာမျိုးမဟုတ်ဘူး"

"လုယန်ဟောင်" ဆိုသော
နာမည်ကိုကြားသောအခါ ယန်ယွဲ့သည်
မျက်လုံးများ

အနည်းငယ်မှေးကျဉ်းသွားသည်။

လုယန်ဟောင်က

သူ၏ဆန်းကြယ်ရှေးချိုကန်အကြောင်း

သိနေသည့်

တစ်ယောက်တည်းသောအပြင်လူ

ဖြစ်သည်။

၎င်းသာ သူ၏ ဆန်းကြယ်ရှေးချိုကန်

အကြောင်း ထုတ်ဖော်လိုက်ပါက သူသည်

ငရဲခန်းမ နှင့် သမင်ဖြူအကယ်ဒမီ တို့လို

စိန်အဆင့်အင်အားစုကြီးများ၏

လိုက်လံဖမ်းဆီးခြင်းကို ခံရပါလိမ့်မည်။

ထိုအချိန်တွင် နတ်ဘုရားတစ်ပါး
ဆင်းကယ်လျှင်ပင် သူသည်သေခြင်းမှ
လွတ်မြောက်ဖို့ရာ မဖြစ်နိုင်ပေ ။
သို့သော် လုယန်ဟောင်က ထိုသတင်းကို
မထုတ်ဖော်နိုင်ဟု သူ့စိတ်ထဲ
ခံစားမိသည်။ အကြောင်းမှာ ထိုသတင်းကို
အပြင် ထုတ်ဖော်လိုက်လျှင်
လုယန်ဟောင်က ဆန်းကြယ်ရွှေချီကန်ကို
ရနိုင်တော့မည်မဟုတ်ပေ။ အကယ်၍
ဆန်းကြယ်ရွှေချီကန်ကို လိုချင်ပါက
လုယန်ဟောင် အနေနှင့် ယန်ယဲ့၏

လျှို့ဝှက်ချက်ကို သေချာပေါက်
ထိန်းထားရပါလိမ့်မည်။

မှန်သည်၊ ထိုနည်းလမ်းဖြင့်
လုယန်ဟောင်က သူ့ကို
ခြိမ်းခြောက်နိုင်သေး၏။ သို့သော်လည်း
သိပ်ပြီးကြီးကြီးမားမားပြဿနာတော့
မဟုတ်ပေ။

တစ်ခုသာ။ သူသည်

သိုင်းသူတော်စင်များနှင့်ရင်ဆိုင်ရချိန်တွင်

ထိပ်တိုက်ရင်ဆိုင်နိုင်စွမ်းမရှိခြင်းပါ။

ထို့အပြင် လုယန်ဟောင်က

လောဘရှိနေသောကြောင့်

ဆန်းကြယ်ရွှေချိကန်ကို

သူတစ်ယောက်တည်း လိုချင်နေသရွေ့

ယန်ယဲ့ဟာ အနာဂတ်၌

မည်သည့်အန္တရာယ်မျှ မရှိနိုင်တော့ပေ။

အတိုချုပ်ဆိုရသော် ယန်ယဲ့အနေနှင့်
လက်ရှိထက် ပို၍သန်မာလာအောင်သာ
လုပ်ရပေမည်။

၁၂၅၆

Almighty Sword Domain
အဆုံးမဲ့ဓားကမ္ဘာ
(ယန်ယဲ့)[ကောင်းကင်ပြင်ပ]
ဘာသာပြန်သူ - ညီညီစိုး
အပိုင်း ၁၂၅၆ - လက်မခံတော့
မင်းကဘာလုပ်ချင်လဲ

မေ့လျော့ခြင်းကောရီနှင့် တိုက်ပွဲက သူသည် အမှန်ပင်အားနည်းနေသေးကြောင်း သဘောပေါက်စေခဲ့သည်။

ခြွင်းချက်က အချို့ကျင့်ကြံသူများနှင့် နှိုင်းယှဉ်လျှင် သူသည် ၎င်းတို့ မော်ကြည့်နိုင်သည်ထိ သန်မာ၏။

သို့သော် မေ့လျော့ခြင်းကောရီ၊ ငရဲကောရီ တို့ ကဲ့သို့ ထူးခြားသာပညာရှင် အချို့နှင့် ယှဉ်ပါက သူဟာ သိပ်မဆိုးလှဟုသာ ယူဆနိုင်သည်။

ယန်ယဲ့သည် သဘာဝအားဖြင့် သူ့ထက်

အားနည်းသူများနှင့် သူ့ကိုယ်သူ

မနှိုင်းယှဉ်တတ်ပေ။ သူ့ကိုယ်သူ

တစ်စုံတစ်ယောက်နှင့်

နှိုင်းယှဉ်ကြည့်မည်ဆိုလျှင်

အဆပေါင်းများစွာ

သာလွန်သောသူများနှင့်သာ

ယှဉ်ဖို့ရည်ရွယ်ထား၏။

သို့မှသာ သူသည် ယခုထက် ပို၍သန်မာပြီး

ထူးချွန်လာနိုင်ပေမည်။

သူ့ထက် အားနည်းသူများနှင့်
နှိုင်းယှဉ်နေပါက
လက်ရှိအဆင့်အတန်းအပေါ်သာ
ကျေနပ်နေသလိုဖြစ်ပြီး တစ်သက်တာလုံး
အမြင့်ရောက်နိုင်မည်မဟုတ်တော့ပေ။

"ငါသွားတော့မယ်။ နင်ကံကောင်းပါစေ" ဒီစ
ကားပြောပြီးသည်နှင့် ငရဲကေရိက
ယန်ယွဲ့ကို စကားပြောခွင့်တောင်မပေးဘဲ
ဖျတ်ခနဲဆိုသလို နေရာမှာပင်
ပျောက်ကွယ်သွားခဲ့သည်။

ယန်ယွဲ့က "မင်းရဲ့သက်တမ်း..."

အဝေးကနေ ငရဲဧကရီ၏ အသံ ပဲ့တင်ထပ်လာခဲ့သည်  "ကိုယ့်ကိုကိုယ်သာ ဂရုစိုက်ပါ"

ယန်ယွဲ့သည် စကားမပြောနိုင်သလိုပင် ခံစားလိုက်ရသည်။

.........

ရွှေနတ်ဆိုးဝံပုလွေတောင်ထိပ်။

အချိန် ၁ ရက်ကုန်သွားသော်လည်း တိမ်ပင်လယ်အကယ်ဒမီ၏ တပ်ဖွဲ့ဝင်များသည် စခန်းချ၍ စောင့်ကြည့်နေကြဆဲဖြစ်သည်။ နည်းပြဆရာကျူး နှင့် အကယ်ဒမီ၏ အာဏာပိုင်များက ရွှေနတ်ဆိုးဝံပုလွေဘုရင်တို့အဖွဲ့နှင့် ထိပ်တိုက်တွေ့ကာ လေထဲ၌ ရပ်နေကြသည်။

ထိုအချိန်တွင် လူသားစစ်တပ်သည်
နတ်ဆိုးသားရဲစစ်တပ်နှင့်
ထိပ်တိုက်တွေ့နေခဲ့သည်။

အားလုံးက ယန်ယဲ့ ရောက်လာမည့်အချိန်ကို
စောင့်ဆိုင်းနေကြခြင်းပါ။

နေရာတစ်ဝိုက်ရှိ လေထုသည် ပြင်းထန်၊
တင်းမာနေပြီး တိုက်ပွဲသည် အချိန်မရွေး
ပေါက်ကွဲသွားနိုင်သည်။

ထိုအခိုက် ကောင်းကင်ယံအထင်တွင်
အဖြူရောင်ဝတ်ရုံအဘိုးအိုတစ်ယောက်
ရုတ်တရက် ပေါ်လာသည်။
ထိုအဖြူရောင်ဝတ်ရုံအဘိုးအိုက
ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏
ပညာရှင်ဖြစ်သည်။

အဖြူရောင်ဝတ်ရုံအဘိုးအိုသည်
နည်းပြဆရာကျူးနှင့် အာဏာပိုင်များကို
တစ်ချက်ကြည့်လိုက်ပြီး
"ငါဒီကိုရောက်လာကတည်းက

အချိန်ဖြုန်းမနေတော့ဘူး။မင်းတို့နှစ်ဖက်လုံး ဆက်တိုက်ခိုက်နေရင် ပျက်စီးသွားမှာ သေချာတယ်။ ဒါကြောင့် ငါ့ရဲ့ ကောင်းကင်ဘုံနတ်ဘုရားခန်းမက မင်းတို့နှစ်ဖက်အင်အားစုတွေကို ငြိမ်းချမ်းရေးသဘောတူဖို့ အကြံပြုတယ်။ မင်းတို့ဘယ်လိုထင်လဲ"

"ငြိမ်းချမ်းရေးလုပ်ရမလား" နည်းပြဆရာကျူး က အေးစက်စွာ ရယ်မောလိုက်ပြီး "မင်းရဲ့ကောင်းကင်ဘုံနတ်ဘုရားခန်းမက

တကယ့်ကို

အံ့မခန်းပါဘဲ။ အစောပိုင်းတုန်းကဆိုရင်

ရွှေနတ်ဆိုးဝံပုလွေတောင်တန်းနဲ့ပေါင်းပြီး

ငါ့တိမ်ပင်လယ်အကယ်ဒမီကို

တိုက်ခိုက်နေတယ်။ အခု

မင်းတို့ရဲ့ရည်ရွယ်ချက်တွေ ကျရှုံးသွားတော့

ကြားဝင်ဖျန်ဖြေဖို့လုပ်နေတယ်တဲ့လား။

ဘယ်လောက်ရယ်စရာကောင်းလိုက်သလဲ"

"ငါ့ရဲ့ကောင်းကင်ဘုံနတ်ဘုရားခန်းမက

ရွှေနတ်ဆိုးဝံပုလွေတောင်တန်း

ပျက်စီးမှာကို

ခွင့်မပြုဘူး" အဖြူရောင်ဝတ်ရုံအဘိုးအိုသ

ည် နည်းပြဆရာကျူး ကို ဂရုမစိုက်ဘဲ

စိုက်ကြည့်ကာ "ငါ ဒီကိစ္စကို

မင်းတို့အားလုံးနဲ့

ဆွေးနွေးနေတာမဟုတ်ဘူးဆိုတာ

မင်းသဘောပေါက်ရမယ်။

မင်းတို့မှာ ငြိမ်းချမ်းရေးလုပ်ဖို့ကလွဲလို့

ရွေးစရာမရှိပါဘူး။ မဟုတ်ရင်....”

"မဟုတ်ရင် ဘာဖြစ်လဲ၊
ဒီနေရာကကိစ္စတွေက
မင်းသောက်ကြောင်းလား..." ထိုအခိုက်မှာပဲ
အေးစက်နေသော အသံတစ်သံ
ရုတ်တရက်ထွက်ပေါ်လာသည်။

လူတိုင်းသည် ထိတ်လန့်တုန်လှုပ်သွားပြီး
အသံလာရာဆီသို့
လှည့်ကြည့်လိုက်ကြသည်။ ထိုအခါ
တလက်လက်တောက်ပနေသော
အလင်းတန်းများနှင့် အဝေးကနေ

ပျံသန်းလာနေသော ယန်ယဲ့ကို
တွေ့လိုက်ရသည်။

တိမ်ပင်လယ်အကယ်ဒမီနှင့်
တိမ်ပင်လယ်မြို့၏တပ်မကြီးလည်း ယန်ယဲ့
အသက်ရှင်နေသည်ကို
မြင်လိုက်သောအခါ ချက်ချင်းပင်
သက်ပြင်းချလိုက်နိုင်ကြတော့သည်။
အထူးသဖြင့် ယုဝူရှမ်နှင့် လုဝမ်အာ တို့ပါ။
ဒီအချိန်မှာ သူတို့၏ ခန္ဓာကိုယ်များ
အားနည်းလာပြီး မြေပေါ်သို့

လဲကျလုနီးပါးပင်ဖြစ်သွားခဲ့သည်။ ယန်ယဲ့
ပျောက်ကွယ်သွားချိန်၌
သူတို့၏နှလုံးသားက တင်းမာနေခဲ့သည်။
ယခု ယန်ယဲ့ ပြန်ရောက်လာသည်ကို
မြင်လိုက်မှသာ သူတို့၏ တင်းမာနေသော
နှလုံးသားများ ပြေလျော့သွားခဲ့သည်။

နည်းပြဆရာကျူး နှင့်
အခြားအာဏာပိုင်များလည်း
သက်ပြင်းချကြသည်။ ရှန်းယွန်ရှီက
သူ၏စိတ်ဝိညာဉ်ကို လောင်ကျွမ်း၍

သူ့ကိုယ်သူ ဖောက်ခွဲခဲ့ပြီးနောက်

ယန်ယွဲ့သည်သာ

တိမ်ပင်လယ်အကယ်ဒမီ၏

တစ်ခုတည်းသော မျှော်လင့်ချက်ဟု

ဆိုနိုင်သည်။ အကယ်၍ ယန်ယွဲ့သည်

တစ်ခုခုဖြစ်ပျက်သွားပါက

တိမ်ပင်လယ်အကယ်ဒမီဟာ သေချာပေါက်

ပျက်စီးသွားရပါလိမ့်မည်။ ကံကောင်းစွာပဲ

ယန်ယွဲ့က အသက်ရှင်နေသေး၏ ။

အခြားတစ်ဖက်တွင်မူ
ယန်ယဲ့ကိုမြင်လိုက်သောအခါ
ရွှေနတ်ဆိုးဝံပုလွေဘုရင်၏မျက်နှာသည်
ချက်ချင်းပင် မှိုင်းညို့သွားသည်။ သူသည်
ယန်ယဲ့ အပေါ် မုန်းတီးခြင်း နှင့်
ကြောက်ရွံ့ခြင်း နှစ်မျိုးလုံးကို
ခံစားလိုက်ရသည်။ ယန်ယဲ့
ကြောင့်သာမဟုတ်လျှင် ရွှေ
နတ်ဆိုးဝံပုလွေကလန်က
တိမ်ပင်လယ်မြို့ကို သိမ်းပိုက်နိုင်သည်ဟု
ဆိုနိုင်ပါသည်။ ရွှေနတ်ဆိုးဝံပုလွေကလန်၏

အဖွဲ့ဝင်မြောက်များစွာကိုလည်း
ဆုံးရှုံးရမည်မဟုတ်ပါ။ ထို့အပြင်
သူ၏သားတော်များနှင့်ဇနီးဖြစ်သူပါ
အသတ်ခံရမည်မဟုတ်ချေ။

အရာအားလုံးပြီးဆုံးသွားသည့်နောက်
လက်ရှိတွင်
ရွှေနတ်ဆိုးဝံပုလွေကလန်က
ကြီးမားသောဆုံးရှုံးမှုနှင့်ရင်ဆိုင်ခဲ့ရပြီး
ပလက်တီနမ်အဆင့် အင်အားစုတစ်ခုအဖြစ်
မသတ်မှတ်နိုင်တော့ပါ။

ထို့အပြင် အနာဂတ်၌ ကံကြမ္မာတာအို၏

မျက်နှာသာပေးခြင်း မခံရပါက

ရွှေနတ်ဆိုးဝံပုလွေကလန်ဟာ

ချောက်နက်အောက်ခြေထိ

ကျဆင်းသွားပါလိမ့်မည်။

အနည်းငယ်သောအများတစ်ခုကပင်

ရွှေနတ်ဆိုးဝံပုလွေကလန်ကို

အခြားနတ်ဆိုးသားရဲမျိုးနွယ်စု၏

ဝါးမျိုခြင်းခံရပြီး

လက်အောက်ခံဖြစ်သွားနိုင်သည့်အထိပင်။

အတိုချုပ်ဆိုရသော်

ရွှေနတ်ဆိုးဝံပုလွေကလန် စစ်ရှုံးသွားရသည့် အကြောင်းအရင်းမှာ "ယန်ယဲ့"ဟူသော လူသားတစ်ယောက်ကြောင့်သာ ဖြစ်သည်။

ရွှေနတ်ဆိုးဝံပုလွေဘုရင်အတွက်ကား သိုင်းသူတော်စင်အဆင့် သို့တက်လှမ်းပြီးနောက် တစ်စုံတစ်ယောက်ကို အပိုင်းပိုင်းဖြတ်သတ်ချင်စိတ်မျိုး တစ်ခါမျှ မရှိခဲ့ပေ။

သို့သော် တစ်ချိန်တည်းမှာပဲ သူ့စိတ်ထဲ၌
ယန်ယဲ့ကို ကြောက်ရွံ့နေခဲ့သည်။ ယန်ယဲ့၏
ခွန်အားနှင့် သဘာဝစွမ်းရည်သည်
အမှန်တကယ်ပင်
ကြောက်စရာကောင်းသည်ဟု
ဖော်ပြနိုင်သည်။ သို့ရာတွင်
သူအကြောက်ဆုံးအရာက ယန်ယဲ့၏
အကျင့်စရိုက်ပါ။

ယန်ယဲ့က
စိတ်လွတ်ကိုယ်လွတ်ပြုမူတတ်သူဖြစ်၏။

ရက်စက်ကြမ်းကြုတ်လွန်းသည်! စိတ်ထဲရှိ
သလို နှစ်သက်သလို ပြုမူသည် ။

ဒီအခိုက်အတန့်လေးအတိုင်းပါဘဲ။
ယန်ယဲ့သာ ဘာကိုမှထည့်မတွက်ဘဲ
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းကို
တိုက်ခိုက်ပါက သူတို့အားလုံး
အသေအကြေတိုက်ခိုက်ဖို့ကလွဲ၍
ရွေးချယ်စရာမရှိပေ။

နည်းပြဆရာကျူး နှင့် အာဏာပိုင်များလည်း သူ၏ ရွှေနတ်ဆိုးဝံပုလွေတောင်တန်းနှင့် အတူသေဆုံးဖို့ ဆုံးဖြတ်ချက်ချမည်မဟုတ်ကြောင်း သူယုံကြည်ထားသည်။ သို့သော်လည်း ယန်ယွဲ့ နှင့် ရင်ဆိုင်ရသောအခါတွင် သူ့ကိုယ်သူ ယုံကြည်မှုအနည်းငယ်မျှပင် မရှိခဲ့ပေ။ အကြောင်းမှာ ထိုလူသား ရှုံးသွပ်သွားပါက မည်သည့်မရာမဆို လုပ်ဆောင်တတ်သောကြောင့်ပါ။

ယန်ယွဲ့သည် မည်သူ့ကိုမျှ ဂရုမစိုက်ပေ။

သူက အဖြူရောက်ဝတ်ရုံအဘိုးအို

ဆီသို့သာ ဖြည်းညှင်းစွာ လျှောက်လာရင်း

“လာ၊ ဘာဆက်ဖြစ်လာမလဲ

ငါ့ကိုပြောပြပါဦး”

အဖြူရောင်ဝတ်ရုံအဘိုးအိုက "မင်းက

ယန်ယွဲ့ ဆိုတာလား"

ယန်ယဲ့က အေးစက်စွာရယ်မောပြီး
“အဘိုးကြီး၊ ဒါက တောင်ပိုင်းဒေသ ဆိုတာ
မင်းနားမလည်ဘူးလား။
ဒီနေရာက တိမ်ပင်လယ်အကယ်ဒမီနဲ့
ရှေးဟောင်းဓားကျောင်းတော်ရဲ့
နယ်မြေဆိုတာ
မင်းသဘောမပေါက်သေးတာများလား။
ဒါက မင်းတို့ ကောင်းကင်ဘုံနတ်ဘုရားခန်းမ
လာသင့်တဲ့နေရာမဟုတ်ဘူး။
ငါ့အကယ်ဒမီက ဒီနေရာမှာ ဘာပဲလုပ်လုပ်
မင်းတို့ကောင်းကင်ဘုံနတ်ဘုရားခန်းမကို

သောက်ဂရုစိုက်နေစရာမလိုဘူး။
နားလည်လား..."

အဖြူရောင်ဝတ်ရုံအဘိုးအိုက
“မင်းစိတ်ထဲမှာ
ငါ့ရဲ့ကောင်းကင်ဘုံနတ်ဘုရားခန်းမက
မင်းတို့တိမ်ပင်လယ်အကယ်ဒမီကို
မဖျက်ဆီးဝံ့ဘူးလို့ ထင်နေတာလား”

"တိမ်ပင်လယ်အကယ်ဒမီရဲ့
လက်ရှိအခြေအနေအရဆိုရင်

ကောင်းကင်ဘုံနတ်ဘုရားခန်းမက
သိုင်းသူတော်စင် နည်းနည်းလောက်
ပို့လိုက်ရုံနဲ့
ဖျက်ဆီးဖို့လုံးဝခက်ခဲမှာမဟုတ်ဘူး။ ဒါကို
ငါသိတာပေါ့၊ ဒါပေမဲ့ ဘာဖြစ်လဲ" ယန်ယွဲ့က
ဆက်ပြောလိုက်သည် "တကယ်တမ်းကျ
မင်းတို့ လုပ်ဝံ့ပါ့မလား။
ကောင်းကင်ဘုံနတ်ဘုရားခန်းမက
မြောက်ပိုင်းဒေသရဲ့တစ်ခုတည်းသော
အင်အားစုဖြစ်နေလို့လား။
အဆုံးမဲ့နတ်ဆိုးဂိုဏ်းပါ

ရှိနေသေးတယ်မဟုတ်လား။မင်းတို့က
တောင်ပိုင်းဒေသမှာ
ဝင်ရောက်စွက်ဖက်နေတာကို
အဆုံးမဲ့နတ်ဆိုးဂိုဏ်းက
ဘာကြောင့်မတိုက်ခိုက်တာလဲ။
ရှင်းပါတယ်... သူတို့
မတိုက်ခိုက်တဲ့အကြောင်းရင်းက
ဗဟိုနတ်ဘုရားစီရင်စုကလူကြောင့်ဘဲလေ။
အခုကော.... အခုတော့
မင်းတို့အားကိုးနေတဲ့အပေါင်းအပါတွေ
သေကုန်ပြီလေ။ ဒီတော့ အဆုံးမဲ့

နတ်ဆိုးဂိုဏ်းက မင်းတို့ကို
ကြောက်နေဦးမှာတဲ့လား"

ဒီအထိစကားပြောပြီးနောက် ယန်ယဲ့က
အေးစက်စွာ ရယ်မောလိုက်ပြီး "မင်းရဲ့
ကောင်းကင်ဘုံနတ်ဘုရားခန်းမက
ဗဟိုနတ်ဘုရားစီရင်စုရဲ့အထောက်အပံ့
မရှိတော့ဘူးဆိုတော့
အဆုံးမဲ့နတ်ဆိုးဂိုဏ်းကို
လျစ်လျူရှုဝံ့မယ်မထင်ဘူး၊ မှန်ရဲ့လား..."

အဖြူရောင်ဝတ်ရုံအဘိုးအိုသည် ယန်ယဲ့ကို အချိန်အတော်ကြာ စိုက်ကြည့်ကာ "ငါတို့က သေချာတဲ့တန်ကြေးတစ်ခုပေးရင်တော့ မင်းရဲ့တိမ်ပင်လယ်အကယ်ဒမီကို ဖျက်ဆီးဖို့ လုံးဝမခက်ပါဘူး"

ယန်ယဲ့က ခေါင်းညိတ်ကာ “ဒီလိုဆို မင်းကို အခုပဲ ပြောလိုက်မယ်။ ငါ့တိမ်ပင်လယ်အကယ်ဒမီက ငြိမ်းချမ်းရေးလုပ်မှာမဟုတ်ဘူး။ ဒါဆို မင်း ဒီတန်ကြေးကို အခု ပေးချေလို့ရပြီ"

အဖြူရောင်ဝတ်ရုံအဘိုးအိုက ယန်ယဲ့ကို အချိန်အတော်ကြာ စိုက်ကြည့်ပြီးနောက် နည်းပြဆရာကျူး ကို စိုက်ကြည့်လိုက်သည်။ နည်းပြဆရာကျူး က ဂရုမစိုက်ဘဲ အေးစက်စွာပြောလိုက်၏

"သူက အခု အကယ်ဒမီရဲ့ ဌာနမှူးပါ။ ဒါကြောင့် သူကိုယ်တိုင်ဘဲ ဆုံးဖြတ်ချက်တွေ ချနိုင်တယ်”

အဖြူရောင်ဝတ်ရုံအဘိုးအိုရဲ့ မျက်နှာသည်
ညိုမှိုင်းသွားကာ “မင်းတို့က တကယ်ပဲ
ပျက်စီးဖို့
အရမ်းစိတ်အားထက်သန်နေတာလား”

တစ်ချိန်တည်းမှာပင် ယန်ယဲ့သည်
ချင်အမျိုးသမီးကိုရုတ်တရက်
တစ်ချက်ကြည့်လိုက်ပြီး "မင်းက ယုဝူရှမ်နဲ့
ဝမ်အာကို ကာကွယ်ပေးထား"
ဟုပြောခဲ့သည်။

ထို့နောက် သူက ယုဝူရှမ်ကို စိုက်ကြည့်ကာ

“တကယ်လို့ ရှေ့နတ်ဆိုးဝံပုလွေဘုရင်က

တိုက်ခိုက်ဝံရင် ငါတို့ရဲ့တပ်ဖွဲ့တွေကို

ရှေ့နတ်ဆိုးဝံပုလွေမြို့တော်ဆီ ချီတက်ဖို့

အမိန့်ပေးလိုက်။ မြို့ကိုချိုးဖောက်ပြီးတာနဲ့

မြို့ထဲက သက်ရှိသတ္တဝါတိုင်းကို

သတ်ပစ်ကြ။ ဘယ်သူ့ကိုမှ အရှင်မထားနဲ့။

အသက်ရှင်ကျန်တဲ့

တစ်ယောက်ယောက်ရှိရင် မင်းတို့ကို

ငါကိုယ်တိုင်သတ်မယ်..."

၁၂၅၇

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၅၇ - နောက်ထပ်

သိုင်းသူတော်စင်တစ်ယောက်

ထွက်ပြေးရပြန်ပြီ

ထိုစကားပြောပြီးသည်နှင့် ယန်ယွဲ့သည်

တုံ့ဆိုင်းမနေတော့ပေ၊ ချက်ချင်းပင်

သူ့လက်ဝါးကို လှန်လိုက်ပြီး
အဝါရောင်စမ်းရေကို ထုတ်ယူလိုက်၏။

ထို့နောက်တွင်တော့ သူက
အလင်းတန်းတစ်ခုအသွင်ဖြင့်
အဖြူရောင်ဝတ်ရုံ အဘိုးအိုဆီသို့
လျှပ်တစ်ပြက်ခုန်ဝင်သွားတော့သည်။

အဖြူရောင်ဝတ်ရုံအဘိုးအိုနှင့်
ရွှေနတ်ဆိုးဝံပုလွေဘုရင် တို့လည်း ယန်ယဲ့
တိုက်ခိုက်လာသည်ကို မြင်သောအခါ
မျက်နှာပျက်သွားကြ၏။

သို့သော် ရွှေနတ်ဆိုးဝံပုလွေဘုရင် ကတော့ ယန်ယဲ့၏ ရှုးသွပ်သောစရိုက်ကို ကောင်းစွာနားလည်ထားသောကြောင့် သိပ်ပြီးမအံ့သြမိပေ။ အဖြူရောင်ဝတ်ရုံအဘိုးအိုက ယန်ယဲ့ကို အကြိမ်ကြိမ်ခြိမ်းခြောက်နေကြောင်း ကြားလိုက်သည့်အခါ ထိုလူသားအရှုးက သေချာပေါက် တိုက်ခိုက်တော့မည်ဟု သူသိလိုက်သည်။ မှန်ပေသည်၊ သူမျှော်လင့်ထားသည့်အတိုင်းပါဘဲ။

သို့သော်လည်း ယန်ယဲ့သည် သူ့ကို
ရွှေနတ်ဆိုးဝံပုလွေမြို့တော်နှင့်
ခြိမ်းခြောက်လိမ့်မည်ဟုတော့
မမျှော်လင့်ထားခဲ့ပေ။

"ငါတိုက်ခိုက်သင့်သလား၊
မတိုက်ခိုက်သင့်ဘူးလား"

ရွှေနတ်ဆိုးဝံပုလွေဘုရင်ဟာ အတော်လေး
ချီတုံချတုံဖြစ်နေ၏။ အကယ်၍ သူ
တိုက်ခိုက်လျှင် ထိုအရူးယန်ယဲ့က
သေချာပေါက် ပြောသည့်အတိုင်း

လုပ်ပါလိမ့်မည်။ ထိုအချိန်တွင်
သူ၏စိတ်ဝိညာဉ်ကို လောင်ကျွမ်း၍
သူ့ကိုယ်သူ မဖောက်ခွဲပါက မြို့ထဲရှိ
နတ်ဆိုးသားရဲများအားလုံး
တစ်ကောင်မှမကျန်အကုန်အသတ်ခံရမည်
ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် လက်ရှိ
ရွှေနတ်ဆိုးဝံပုလွေမြို့တော်၏
စစ်အင်အားက လူသားစစ်တပ်ထက် များစွာ
နိမ့်ကျနေသောကြောင့်ပင်။ သို့သော်လည်း

သူ မတိုက်ခိုက်ပါက
ကောင်းကင်ဘုံနတ်ဘုရားခန်းမကို မည်သို့
ရင်ဆိုင်ရမည်နည်း။

ရွှေနတ်ဆိုးဝံပုလွေဘုရင်က
အချိန်အတော်ကြာ လေးလေးနက်နက်
စဉ်းစားနေခဲ့၏။ နောက်ဆုံးတွင် သူက
ဝင်ရောက် တိုက်ခိုက်ခြင်းမပြုဖို့သာ
ဆုံးဖြတ်လိုက်ပါသည်။
မည်သို့ပင်ဆိုစေကာမူ
အဖြူရောင်ဝတ်ရုံအဘိုးအိုသည်

သိုင်းသူတော်စင်တစ်ဦးဖြစ်ပြီး ယန်ယဲ့က
အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်
မျှသာ။

ထို့ကြောင့်
အဖြူရောင်ဝတ်ရုံအဘိုးအိုအတွက်
ယန်ယဲ့ကို အနိုင်ယူဖို့
ခက်ခဲပါမည်လော။ ထို့အပြင်
သူလုပ်ခဲ့လျှင်ပင်
အဓိပ္ပါယ်မရှိပေ။ အကယ်၍ သူ
ဝင်ပါလိုက်သည်နှင့် နည်းပြဆရာကျူးနှင့်

လူသားစစ်တပ်ကလည်း သေချာပေါက်
တိုက်ခိုက်လာပါလိမ့်မည်။ ထိုအချိန်တွင်
အရာအားလုံးဟာ အမှန်တကယ် ထိန်းချုပ်မှု
လွတ်ထွက်သွားနိုင်ပေသည်။

ယန်ယဲ့သည်
အရူးတစ်ယောက်ဖြစ်သော်လည်း သူသည်
အရူးမဟုတ်ပေ။
အဖြူရောင်ဝတ်ရုံအဘိုးအိုသည် ယန်ယဲ့က
အမှန်တကယ်တိုက်ခိုက်ဝံ့လိမ့်မည်ဟု
မမျှော်လင့်ထားပေ။ တကယ်တမ်း ယန်ယဲ့

တိုက်ခိုက်လာသောအခါ သူ အတော်လေး

အံ့အားသင့်သွား၏။

အမှန်တွင် ယန်ယဲ့ဟာ

အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်

သာဖြစ်သည်။ သို့သော်

အဖြူရောင်ဝတ်ရုံအဘိုးအိုအနေနှင့်

ကောင်းကင်ဘုံနတ်ဘုရားခန်းမကနေ

ထွက်မလာခင် အကြီးအကဲမိုနှင့်

စကားပြောမိပါက ယန်ယဲ့နှင့်

တိုက်ခိုက်ဝံ့မည်မဟုတ်ပေ။ ထို့အပြင် သူက

ယန်ယဲ့ဟာ သိုင်းသူတော်စင်တစ်ဦးကို
သတ်ခဲ့ကြောင်း လုံးလုံးသတိမထားမိခဲ့ပေ။

အဖြူရောင်ဝတ်ရုံအဘိုးအို၏ မျက်နှာသည်
မည်းမှောင်သွားကာ
တိုက်ခိုက်ဖို့ပြင်လိုက်လေသည်။
သို့သော်လည်း သူ၏ဆံပင်များက
ရုတ်တရက် အဆုံးအစမဲ့ထောင်မတ်သွားပြီး
မျက်လုံးများပင် အဆမတန်
ပြူးကျယ်သွားပါတော့သည်။
အကြောင်းအရင်းမှာ ယန်ယဲ့၏ အရှိန်က ၁၀

ဆ ကျော်ရှုတ်တရက်
တက်လာသောကြောင့်ပင်။

ဘမ်း!

အဖြူရောင်ဝတ်ရုံအဘိုးအိုသည်
အရေးကြီးသောအခိုက်အတန့်တွင်
မပေါ့ဆဝံ့ဘဲ သူ၏လက်ဝါးများကို ရှေ့သို့
လျင်မြန်စွာ ရိုက်ထုတ်လိုက်သည်။
သူ့လက်ဝါးနှစ်ဖက်ကနေ
ကြောက်မက်ဖွယ်ကောင်းသော

အနီရောင်စွမ်းအင်လှိုင်းများ
ဖြာထွက်လာပြီး ယန်ယဲ့နှင့်
သူ၏တိုက်ခိုက်မှုကို
ချက်ချင်းဖုံးလွှမ်းသွားတော့သည်။

ဒီမြင်ကွင်းကြောင့် ယုဝူရှမ်နှင့် အခြားသူများ
ကတော့ မျက်နှာပျက်သွားကာ သူတို့၏
မျက်လုံးထဲ၌ စိုးရိမ်စိတ်များ
ပြည့်နှက်သွားကြသည်။

အောင်း!

ရုတ်တရက်ဆိုသလိုပင် စူးရှသော
ခားအူသံကြီး ထွက်ပေါ်လာပြီးနောက်
ကြောက်မက်ဖွယ်ရာအနီရောင်
စွမ်းအင်လှိုင်းလုံးများကြားကနေ
ခားစွမ်းအင်အလင်းတန်းများ တလက်လက်
တောက်ပလာခဲ့သည်။
ခားစွမ်းအင်အလင်းတန်းတစ်ခုစီတိုင်းက
အနီရောင်
စွမ်းအင်လှိုင်းအတွင်း အက်ရာများအဖြစ်
ပိုင်းဖြတ်သွားကာ သိပ်မကြာလိုက်ပေ၊

အနီရောင်စွမ်းအင်လှိုင်းလုံးကြီးတစ်ခုလုံး
ဟာ အပိုင်းပိုင်းကွဲထွက်သွားပါတော့သည်။

"ချိုးဖျက်စမ်း..."
ကောင်းကင်ယံအထက်ဆီကနေ
ယန်ယဲ့၏ဒေါသတကြီး အော်သံ
ပဲ့တင်ထပ်ကာ
ဓားစွမ်းအင်အလင်းတန်းကြီးတစ်ခုဟာ
ကောင်းကင်ကိုဆုတ်ဖြဲ၍
အဖြူရောင်ဝတ်ရုံအဘိုးအိုဆီသို့
ဆင်းသက်လာသည်။

ဓားစွမ်းအင်အလင်းတန်းကနေ
ထွက်ပေါ်နေသော ဖိအားကြောင့်
အဖြူရောင်ဝတ်ရုံအဘိုးအို၏
နောက်ကွယ်ရှိ အာကာသဟင်းလင်းပြင်
ဟာ အက်ကြောင်းများ
စတင်ထပ်လာခဲ့ပါသည်။

အဖြူရောင်ဝတ်ရုံအဘိုးအိုက ယန်ယဲ့ဟာ
ဤမျှကြောက်စရာကောင်းလိမ့်မည်ဟု
မထင်ထားပေ။ သူ့မျက်လုံးများက သိသိသာ
တုန်လှုပ်သွားသည်။

ဒီအချိန်တွင်မှ သူဟာ ယန်ယဲ့၏

ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ နှင့်

အမြန်နှုန်းဥပဒေသက

မည်မျှကြောက်စရာကောင်းသည်ကို

နားလည်သွားခဲ့သည်။အရေးအကြီးဆုံးက

တော့ ယန်ယဲ့၏ ခန္ဓာကိုယ်ဟာ

နတ်ဘုရားအဆင့် ရတနာများဖြင့်

ဖုံးလွှမ်းထားသည်။

ဒီအရာက သူနှင့် ယန်ယဲ့၏ တိုက်ပွဲကို

တစ်ဖက်သက်ဖြစ်သွားစေခဲ့သည်။

ယန်ယဲ့၏ နတ်ဘုရားအဆင့်ချပ်ဝတ်က
သူ၏တိုက်ခိုက်မှုတိုင်းကို
အသာအယာချေဖျက်ပစ်လိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့၏
ဓားစွမ်းအင်အလင်းတန်းက
အဖြူရောင်ဝတ်ရုံအဘိုးအိုရှေ့သို့
ရောက်သဖြင့် အဘိုးအိုဟာ
စဉ်းစားရန်အချိန်မရှိပေ။ ချက်ချင်းပင်
သူ့ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
အနက်ရောင်စက်ဝိုင်းတစ်ခုက ရှေ့သို့

တောက်လျှောက်ပြေးထွက်လာပြီး
ခါးစွမ်းအင်အလင်းတန်းကို
ထိမှန်သွားသည်။

အောင်း!

ရှုတ်တရက်ပင် နားကွဲမတတ်
စူးရှသောခါးအူသံကြီး
ထွက်ပေါ်လာပြီးနောက်
နတ်ဘုရားအဆင့်နိမ့်စက်ဝိုင်းက
ချက်ချင်းပင် ကွဲအက်သွားတော့သည်။

ဒီအရာကို မြင်လိုက်ချိန်တွင်

အဖြူရောင်ဝတ်ရုံအဘိုးအိုဟာ မျက်ခုံးများ

လှုပ်ယမ်းသွားပြီး သူ့လက်ကို ဝှေ့ယမ်းကာ

အနက်ရောင်စက်ဝိုင်းကို သူ့ဆီပြန်ခေါ် ဖို့

လုပ်လိုက်သည်။

ထိုအချိန်တွင် ယန်ယွဲ့သည်

အဝါရောင်စမ်းရေကို

မြှောက်လိုက်ပြီး အနက်ရောင်စက်ဝိုင်းကို

ဖိချလိုက်သည်။ ပေါက်ကွဲသံတစ်ချက်

ထွက်ပေါ်လာပြီးနောက်

အနက်ရောင်စက်ဝိုင်းက

အဖြူရောင်ဝတ်ရုံအဘိုးအို ထံ တဖန်ပြန်ပြီး ပြေးဝင်သွားခဲ့သည်။

ဒီအခိုက်အတန့်တွင် အနက်ရောင်စက်ဝိုင်းက အက်ကြောင်းများ ဖုံးလွှမ်းနေပြီး မည်သည့်အချိန်တွင်မဆို ကွဲကြေသွားတော့မည့်အလားပင်။

အဖြူရောင်ဝတ်ရုံအဘိုးအိုက နှလုံးသားထဲကနေ

သွေးယိုစီးထွက်လာသလို
ခံစားလိုက်ရသည်။

"သေစမ်း" ယန်ယဲ့က
အေးစက်စက်အော်ဟစ်လိုက်ပြီး
အဝါရောင်စမ်းရေကို လက်နှစ်ဖက်ဖြင့်
ဆုပ်ကိုင်၍ အဖြူရောင်ဝတ်ရုံအဘိုးအိုအား
တရကြမ်းပိုင်းချလိုက်တော့သည်။
လက်ရှိတွင် သူက သိုင်းသူတော်စင်များကို
အလစ်အငိုက်ဖမ်းတိုက်ခိုက်ဖို့
မလိုတော့ပေ။

ယန်ယဲ့သည် သူ့အား နောက်ထပ်တစ်ကြိမ်
တိုက်ခိုက်

လာသည်ကို မြင်သောအခါ အဘိုးအို၏

မျက်လုံးများ က ရက်စက်ကြမ်းကြုတ်မှုများ

ထွက်ပေါ်လာသည်။

သူ၏လက်သီးကို ဖြည်လိုက်ပြီး ယန်ယဲ့

ဆီသို့ဦးတည်၍ ချိန်ရွယ်လိုက်သည်။

ထိုခဏလေးမှာပဲ နက်ပြာရောင်မီးတောက်

များက သူ့လက်ဖဝါးပေါ်

ချက်ချင်းထွက်လာပြီး ယန်ယဲ့ ဆီသို့ ပြေးဝင်သွားသည် ။

ဘမ်း!

အဘိုးအို၏ လက်က ရှေ့ဆန့်ထွက်လာသည်။ ထို့နောက် နက်ပြာရောင်မီးတောက်လက်ဝါးက အဝါရောင်စမ်းရေကို တားဆီးထားလိုက်သည်။

တစ်ချိန်တည်းမှာပင် တိုက်မိသည့်နေရာမှ
စွမ်းအင်လှိုင်းလုံးများ ထွက်ပေါ်လာပြီး
ကောင်းကင်တစ်ခုလုံး ချက်ချင်း
လွင့်ပျံသွားသည်။

"သေလိုက်စမ်း" အဖြူရောင်ဝတ်ရုံအဘိုးအို
သည် ဒေါသတကြီးအော်ဟစ်လိုက်၏။
သူ့လက်ဝါးပေါ် ရှိ
နက်ပြာရောင်မီးတောက်များသည်
လေထုထဲသို့ ပြန့်နှံ့ကာ
အထက်ကောင်းကင်ယံတစ်ခုလုံးကို

ဖုံးလွှမ်းနေသော
မီးတောက်ပင်လယ်ကြီးအဖြစ်
ပြောင်းလဲသွားသည်။

ရုတ်တရက်ဆိုသလိုပဲ
မီးတောက်ပင်လယ်ကြီးထဲမှ
အလင်းတန်းများစွာ ထိုးထွက်လာပြီး
မီးတောက်များကို ချေဖျက်သွားခဲ့သည်။

“အား” ထိုအချိန်တွင်
မီးတောက်ပင်လယ်ထဲမှ ကျယ်လောင်သော
အော်ဟစ်သံ ထွက်ပေါ်လာသည်။

"ဒါက အဖြူရောင်ဝတ်ရုံအဘိုးကြီးရဲ့အသံ
ဘဲ"

ရွှေနတ်ဆိုးဝံပုလွေဘုရင် အပါအဝင်
သူ့နောက်မှ လူတိုင်း မျက်နှာပျက်သွားပြီး
အချိန်မရွေးတိုက်ခိုက်ဖို့
အသင့်ပြင်ထားကြသည်။

တိမ်ပင်လယ်အကယ်ဒမီကို

မတိုက်ခိုက်ချင်တော့သည့်တိုင်

လက်မငှားပါက

ကောင်းကင်ဘုံနတ်ဘုရားခန်းမကို

စော်ကားရာကျပါလိမ့်မည်။ လက်ရှိတွင်

ရွှေနတ်ဆိုးဝံပုလွေတောင်တန်းက

ကောင်းကင်ဘုံနတ်ဘုရားခန်းမ ကဲ့သို့

အင်အားစုကြီးနှင့် မယှဉ်နိုင်တော့ပေ။

နည်းပြဆရာကျူး နှင့် အာဏာပိုင်များလည်း ဆန်းကြယ်ချီစွမ်းအင်များကို အသီးသီးထုတ်ဖော်လိုက်ကာ တိုက်ခိုက်ဖို့ အသင့်ပြင်လိုက်ကြသည်။

ထိုအချိန်တွင် ကောင်းကင်ယံအထက်၌ မီးတောက်မီးလျှံများ ပျောက်ကွယ်သွား၏။ သို့သော်လည်း ဓားစွမ်းအလင်အလင်းတန်းများသည် ကောင်းကင်ယံကို ဖုံးလွှမ်းနေဆဲပါ။ ဓားအလင်းတန်းတစ်ခုစီတိုင်းက

အာကာသဟင်းလင်းပြင်ကို
ဆုတ်ဖြဲနေသည်။ ဒီအချိန်
ကောင်းကင်ယံအထက်ရှိ မြင်ကွင်းကား
အလွန်ပင် ကြောက်မက်ဖွယ်ကောင်းသော
မြင်ကွင်းတစ်ခုဖြစ်ခဲ့သည်။

ဒီအခိုက်အတန့်မှာ
အဖြူရောင်ဝတ်ရုံအဘိုးအိုသည်
လက်တစ်ဖက်ပြတ်တောက်သွားသည်ကို
သတိပြုမိပြီး အားလုံး
ထိတ်လန့်သွားကြသည်။

ထို့အပြင် သူ၏တစ်ကိုယ်လုံး
ဓားဒဏ်ရာများဖြင့် ပြည့်နှက်ပြီး
သွေးအတိဖုံးလွှမ်းထားခဲ့သည်။

ဘုန်း!

ထိုအချိန်တွင် ယန်ယွဲ့၏လက်ထဲမှ
အဝါရောင်စမ်းရေက
အဖြူရောင်ဝတ်ရုံအဘိုးအိုအား

ပိုင်းချလိုက်ပြီး မီတာ ၅၀၀ ကျော်အထိ
လွင့်ထွက်သွားစေသည်။

ယန်ယဲ့က ရပ်တန့်မနေဘဲ
နောက်တစ်ကြိမ်တိုက်ခိုက်လိုက်သည်။
ထိုအတောအတွင်း အဘိုးအိုသည်
ရုတ်တရက် နောက်ပြန်လှည့်ကြည့်ကာ
အာကာသဟင်းလင်းပြင်ကို ဆုတ်ဖြဲ၍
လူတိုင်း၏ ရှေ့မှောပင်
ပျောက်ကွယ်သွားခဲ့သည်။

"ထွက်ပြေးသွားတာလား...."

ဒီအခိုက်အတန့်တွင်

ရွှေနတ်ဆိုးဝံပုလွေဘုရင်၏ မျက်နှာဟာ

အတော်လေးကို

ဆိုးရွားလှသည်။ကောင်းကင်ဘုံနတ်ဘုရားခ

န်းမ၏ သိုင်းသူတော်စင်က

အမှန်တကယ်ပင်

ထွက်ပြေးသွားလိမ့်မည်ဟု

သူဘယ်တုန်းကမှ မထင်ခဲ့မိပေ။

###Book.74